၂၀၁၄

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်

# ကာကွယ်မှုပေးရေး

# နှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ







TBC
The Border Consortium

နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့
The Border Consortium (TBC)

နိုဝင်ဘာလ ၂၀၁၄ ခုနှစ်

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင်

# ကာကွယ်မှုပေးရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ

ကွင်းဆင်း အကဲဖြတ်လေ့လာမှုကို အောက်ပါအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ပါသည်။
ကရင် ပြည်တွင်းဒုက္ခသည်များဆိုင်ရာ ကော်မီတီ (CIDKP)
မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)
ကရင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှုကွန်ရက် အဖွဲ့ (KESAN)
ကရင် လူ့အခွင့်အရေးအဖွဲ့ (KHRG)
ကရင် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး (KORD)
ကရင်အမျိုးသမီး အစည်းအရုံး (KWO)
ကရင်နီအမြစ်မ်းလန်းစိုပြေရေးအဖွဲ့ (KEG)
ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးစင်တာ (KSWDC)
ကရင်နီ အမျိုးသမီးအစည်းအရုံး (KNWO)
မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (MRDC)
ရှမ်းပြည်နယ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (SSDF)

**နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့**
**The Border Consortium (TBC)**

12/5 Convent Road, Bangrak, Bangkok, Thailand.
Email: tbcbkk@theborderconsortium.org
www.theborderconsortium.org

၁၀၇၊ ၉၉-ခ မြေနုကွန်ဒို၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ
Email: tbcygn@theborderconsortium.org

ရှေ့အဖုံးဓာတ်ပုံ။ ။
တရားရုံးပြင်ပ၌ လယ်သမားများ သူတို့ကိုယ်ပိုင်မြေပေါ်တွင် တရားမဝင် ကျူးကျော်မှုအတွက် ပြစ်ဒဏ်ချမှတ်ခံရစဉ်၊ ဖရူဆိုမြို့၊
စက်တင်ဘာလ ၂၀၁၄ ခုနှစ်၊ (KSWDC)
မိရိုးဖလာ မြေပိုင်ဆိုင်မှုများအတွက် စစ်တမ်းကောက်ယူခြင်း သင်တန်း၊ ကရင်ပြည်နယ်။ ၂၀၁၄ ခုနှစ်။ (KESAN)
လမ်းဖောက်လုပ်ရေးအတွက် တပ်မတော်စစ်သားများနှင့် မြေတူးစက်၊ ထားဝယ်၊ အောက်တိုဘာလ ၂၀၁၃ ခုနှစ်။ (CIDKP)

Printed by Wanida Press

# မာတိကာ

**အစီရင်ခံစာ အကျဉ်းချုပ်** ........ ၁

**၁။ နိဒါန်း** ........ ၃
၁။ ၁။ နောက်ခံကြောင်းရာ ........ ၄
၁။ ၂။ သုတေသနပြုသည့် နည်းနာ ........ ၈

**၂။ နိုင်ငံရေး ပထဝီ အနေအထား** ........ ၁၀
၂။ ၁။ စစ်တပ်တိုးချဲ့ချထားခြင်း နှင့် အုပ်ချုပ်မှုစနစ် ........ ၁၁
၂။ ၂။ သယံဇာတ ထုတ်လုပ်ခြင်းနှင့် အခြေခံ အဆောက်အဦးများ ဆောက်လုပ်မှု ........ ၁၃
၂။ ၃။ ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးရမှု ........ ၁၅
၂။ ၄။ အိမ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး ........ ၁၇

**၃။ လူ့အခွင့်အရေး ချိုးဖောက်မှု အသွင်များ** ........ ၁၉
၃။ ၁။ လူမှုရေး ပဋိပက္ခများ ........ ၂၀
၃။ ၂။ လက်နက်ကိုင်အဖွဲ့များမှ ဘေးကင်းမှုနှင့် လုံခြုံရေးအား ခြိမ်းခြောက်မှု ........ ၂၁
၃။ ၃။ လက်နက်ကိုင်အဖွဲ့များမှ သက်မွေးဝမ်းကျောင်းအား ခြိမ်းခြောက်မှု ........ ၂၂

**၄။ ရပ်ရွာ လူထု လုံခြုံရေး** ........ ၂၄
၄။ ၁။ ပဋိပက္ခ ဖြေရှင်းရေး ........ ၂၅
၄။ ၂။ အကြမ်းဖက်ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း ........ ၂၆
၄။ ၃။ ကာကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းစဉ်များ ........ ၂၇

**၅။ တရားမျှတမှု ရရှိနိုင်ခြင်း** ........ ၃၀
၅။ ၁။ တရားဥပဒေ စိုးမိုးရေး ........ ၃၁
၅။ ၂။ ကျူးလွန်သူများ အပြစ်ကင်းလွတ်နေခွင့် အဆုံးသတ်ရေး ........ ၃၂
၅။ ၃။ ပြန်လည်ရင်ကြားစေ့ရေး အလားအလာ ........ ၃၄

**နောက်ဆက်တွဲများ** ........ ၃၆
၁။ ပြည်တွင်းဒုက္ခသည် လူဦးရေ ခန့်မှန်းချက်များ ........ ၃၇
၂။ ၂၀၁၄ ခုနှစ်၊ စစ်တမ်းကောက်ယူမှု အခြေခံမူဘောင် ........ ၄၂
၃။ အတိုကောက်ဝေါဟာရများနှင့် နေရာအမည်များ ........ ၄၆

**ပုံများ**
၁။ အမျိုးသား တွေ့ဆုံဆွေးနွေးမှုအတွက် အဆိုပြုထားသည့် အခြေခံမူဘောင် ........ ၅
၂။ ကျေးရွာအုပ်စု စစ်တမ်းကောက်ယူမှု ရောက်ရှိနိုင်မှု (၂၀၁၄ ခုနှစ်) ........ ၈
၃။ စစ်တပ်နှင့် ဆက်စပ်သည့်အဖွဲ့များ၏ တပ်စခန်းများ ........ ၁၁
၄။ ပဏာမ အပစ်ရပ်သဘောတူညီမှုများ ရရှိချိန်မှစ၍ တပ်များ အင်အားပြောင်းလဲမှု (ထင်မြင်ယူဆချက်) .. ၁၂
၅။ စစ်တပ်နှင့် အုပ်ချုပ်ရေး အာဏာပိုင်များ (သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် အတူ) ........ ၁၃
၆။ သယံဇာတ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ........ ၁၄
၇။ ပြည်တွင်းဒုက္ခသည်များ ........ ၁၆
၈။ အိမ်ပြန်ခြင်းနှင့် ပြန်လည်အခြေချခြင်း (ဩဂုတ် ၂၀၁၃- ဇူလိုင် ၂၀၁၄) ........ ၁၇
၉။ လွန်ခဲ့သည့် ၁၂ - လ အတွင်း အရပ်သားများက ကျူးလွန်ခဲ့ကြသည့် အဓိကရာဇဝတ်မှုများ ........ ၂၀
၁၀။ ဘေးကင်းမှုနှင့် လုံခြုံရေးအား ခြိမ်းခြောက်မှုများ ........ ၂၁
၁၁။ သက်မွေးဝမ်းကျောင်းအား ခြိမ်းခြောက်မှုများ ........ ၂၃
၁၂။ အဓိက ကာကွယ်မှုပေးရေး နည်းလမ်းများ ........ ၂၅
၁၃။ အဓိက ကာကွယ်မှုပေးရေး ကွန်ရက်များ ........ ၂၈
၁၄။ ဆက်သွယ်ရေး ကွန်ရက်များ ........ ၂၉
၁၅။ ထင်မြင်ယူဆကြသည့် တရားရေးစနစ်ရှိ အားနည်းချက်များ ........ ၃၁
၁၆။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်ဆိုင်းစေရန် ဒေသခံများ၏ ဦးစားပေးလုပ်ငန်းများ ........ ၃၃
၁၇။ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ဖြေရှင်းရန်လိုလားကြသည့် လုပ်ငန်းစဉ်များ ...... ၃၅

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံ[1]၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အရေးပါသည့် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ယင်းမှ တဆင့် အသွင်ကူးပြောင်းရေးကို တိုးတက်ဖြစ်ပေါ်စေမည့် တစ်နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုများ ဖြစ်ပေါ်လာနိုင်သကဲ့သို့၊ အတုအယောင်အဖြစ် ပြိုကွဲပျက်စီးသွားနိုင်သည့် အခြေအနေလည်း ရှိနေသည်။ တည်ရှိဖွဲ့စည်းထားသည့် မတရား မမျှတမှုများနှင့် ပတ်သက်၍ အင်အားစု အားလုံးပါဝင်နိုင်သည့်၊ အရေးပါသော ဆွေးနွေးမှုများ ဖြစ်ပေါ်လာရန် မျှော်လင့်ထားကြသည့် အခြေအနေ၌၊ ဆက်လက်၍ စစ်တပ်အင်အား တိုးချဲ့နေရာချထားခြင်းနှင့် အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့[2]၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများလည်း ရှိနေသေးသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားအင်အားစုများ၏ ယုံကြည်မှုကို လျော့နည်းကျဆင်းစေသည်။ ယခု စစ်တမ်းကောက်ယူမှုတွင် ပဋိပက္ခ စစ်ပွဲများကြောင့် ထိခိုက်နစ်နာနေကြရသည့် လူထုများ၏  ကာကွယ်မှုပေးရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးပေး ဖော်ပြထားပါသည်။

ယခုစစ်တမ်းကောက်ယူမှုကို ၁၁-ဖွဲ့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်အတူ နယ်စပ်တလျှောက် ကယ်ဆယ် စောင့်ရှောက်ရေး ညှိနှိုင်းအသင်းကြီး (TBC) က ဒီဇိုင်းရေးဆွဲ၊ ကောက်ယူစုဆောင်းခဲ့ပြီး၊ သုံးသပ်စိစစ်ခဲ့ကြပါသည်။ အဆင့် အလွှာလိုက်ခွဲခြား နမူနာထုတ် ကောက်ယူသည့်နည်းနာ (stratified sampling method) ကို အသုံးပြုခဲ့ကြပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ မြို့နယ် ၂၃ ခုမှ၊ ကျေးရွာ ၆၆၅ ခုအနက် ၂၂၂ ရွာကို ရွေးချယ် စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တပ်တိုးချဲ့ နေရာချထားမှု၊ အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးရမှုများ၊ လုံခြုံရေးနှင့် တရားမျှတမှု စိုးရိမ်ချက်များကို ၂၀၁၄ ခုနှစ်၊ မေလမှ ဇူလိုင်လအတွင်း ရပ်ရွာလူထု ကိုယ်စားလှယ်များနှင့် တိုင်ပင်မေးမြန်းခဲ့ကြပါသည်။ သီးသန့်ပစ်မှတ်ထား အုပ်စုဆွေးနွေးပွဲများတွင် ကျေးရွာလူထု ၂,၆၀၀ ကျော် ပါဝင်ခဲ့ကြပြီး၊ ကြိုတင်ပြင်ဆင်ထားသည့် ရွေးချယ်စရာ မေးခွန်းများ မေးမြန်းကာ၊ နောက်ပိုင်းတွင် လူတစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုများဖြင့် ပံ့ပိုးဖြည့်ဆည်းခဲ့ကြပါသည်။

၂၀၁၁ ခုနှစ်၊ ပဏာမ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများ စတင်ချိန်မှစ၍ စစ်တပ်အင်အား တိုးချဲ့ချထားမှုများ ရပ်ဆိုင်းခဲ့သည်ဟူ၍ မရှိပါ။ အမျိုးသား လက်နက်ကိုင်တပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များ၏ အင်အားမှာ ဒေသခံလူထုများ၏ အမြင်တွင် မပိုလျှော့သော်မှ၊ ဆတူရှိနေသည်ဟု မြင်ကြသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၇၀% က ဤအတိုင်း ဖြေဆိုခဲ့ကြပါသည်။ တိုက်ခိုက်မှုများ လျော့နည်း ကျဆင်းသွားသော်လည်း၊ စစ်တပ်အင်အားတိုးချဲ့ချထားမှုမှာမူ သဘာဝ သယံဇာတ ထုတ်ယူမှုများ၊ စီးပွားဖြစ် ဖွံ့ဖြိုးရေးစီမံချက်များနှင့် ပို၍ပတ်သက်နေပါသည်။

လူထုများကို လက်နက်ကြီးများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းများ ဖြစ်ပွားမှု လျော့နည်းသွားပါသည်။ သို့သော်လည်း မြေမြုပ်မိုင်း ထူပြောမှုမှာ ထင်ရှားသည့်ခြိမ်းခြောက်မှုအဖြစ် ဆက်လက်ရှိနေကြောင်း စစ်တမ်းကောက်ယူ ခဲ့သည့် ကျေးရွာအုပ်စု ၂၈% က ဖော်ပြကြသည်။ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်းကို အဓိကအားဖြင့် တပ်မတော်နှင့် ဆက်စပ်နေသည့် တပ်ဖွဲ့များက ယခင်အလားတူပင် ကျယ်ပြန့်စွာ ဆက်လက်ကျင့်သုံးနေဆဲ ရှိပါသည်။ မြေသိမ်းယူမှုမှာ တပ်စခန်း များကို အခိုင်အမာ ဖြစ်စေရန် ပြင်ဆင်အားဖြည့်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ သတ္တုမိုင်းတူးဖော်မှုများ၊ သစ်ထုတ်လုပ်မှုများ၊ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ ခွင့်ပြုချထားပေးခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်နေပါသည်။

၂၀၁၂ ခုနှစ်တွင် ပြည်တွင်းဒုက္ခသည် (IDPs) ၄၀၀,၀၀၀ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ မြို့နယ် ၃၆-ခုတွင် ရှိနေသည်ဟု TBC အဖွဲ့က ခန့်မှန်းပါသည်။ ပို၍ ကျဉ်းသည့် စစ်တမ်းကောက်ယူသည့် ဧရိယာကို အခြေခံ၍ ပို၍တိကျသော ခန့်မှန်းမှုဖြင့် ယခုနှစ်တွင် ပြည်တွင်းဒုက္ခသည် (IDPs) ၁၁၀,၀၀၀ ရှိမည်ဟု တွက်ချက်ပါသည်။ တွေ့ရှိချက်များအရ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပြည်တွင်းဒုက္ခသည် စုစုပေါင်းအရေအတွက်သည် ယခင်အကဲဖြတ် ခန့်မှန်းမှုများထက် သိသိသာသာ လျော့နည်းကျဆင်းသွားခြင်း မရှိပါ။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဇူလိုင်လအကြားတွင်၊ ယခင် နေရာပြောင်းရွှေ့ထွက်ပြေးနေရသူ ၉,၉၀၀ ကျော်မှာ သူတို့၏ ယခင်ကျေးရွာများသို့ ပြန်သွားကြသည်၊ သို့မဟုတ် အခြားနေရာများတွင် အခြေချနေထိုင် နေကြသည်ဟု တွေ့ရှိရပါသည်။ သို့သော်လည်း လူ ၄,၂၀၀ ဦးမှာ စစ်ပွဲများကြောင့်သော်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သို့မဟုတ် သဘာဝကပ်ဘေးများကြောင့်သော်လည်းကောင်း ဤကာလများအတွင်း အိုးအိမ်အခြေပျက်ခဲ့ကြရပါသည်။

---

1 နိုင်ငံ၏ အင်္ဂလိပ်အမည်ကို စစ်အမိန့်ဖြင့် ၁၉၈၉ ခုနှစ်တွင် ‘Burma’ မှ ‘Myanmar’ ဟု ပြောင်းလဲခဲ့သည်။ ထိုသို့ပြောင်းလဲမှုသည် ထိုအချိန်မှစ၍ နိုင်ငံ ရေးပြဿနာအဖြစ် ရှုမြင်ခဲ့ကြသည်။ ယခုအစီရင်ခံစာတွင် ‘Burma’ နှင့် ‘Myanmar’ ကို သင့်သလို ပြောင်းလဲအသုံးပြုပါသည်။ အလားတူ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်တို့၏ အမည်များကိုလည်း အလားတူ အသုံးပြုပါသည်။ မည်သည့်ဘက်ကိုမျှ ရပ်တည်ထောက်ခံ အသုံးပြုခြင်း မဟုတ်ပါ။

2 ယခုအစီရင်ခံစာတွင် အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ဆိုသည်မှာ "တပ်မတော်" ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပါသည်။ အခြားသော လက်နက်ကိုင်တပ်ဖွဲ့ များနှင့် ရှုပ်ထွေးဝေဝါးခြင်း မဖြစ်ရလေအောင် ယေဘုယျသုံးခြင်း ဖြစ်ပါသည်။

အထူထင်ရှားသိသာသည့် စစ်ပွဲများကြောင့် နေရာပြောင်းရွှေ့ထွက်ပြေးရမှု အသစ်များကို ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများကြောင့် ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၇၄% တွင်၊ ကျေးရွာခေါင်းဆောင်များ၊ သို့မဟုတ် ဓလေ့ထုံးတမ်း ဥပဒေများကို အသုံးပြု၍ အကြီးအကျယ် အငြင်းပွားမှုများနှင့် အကြမ်းဖက်မှု ရာဇဝတ်မှုများကို ဖြေရှင်းရန် အဓိက အသုံးပြုကြောင်း တွေ့ရှိရသည်။ ရပ်ရွာလူထု၏ တရားရေးစနစ်များမှာ တွေ့ဆုံညှိနှိုင်း ဖြေရှင်းစေခြင်း၊ လျော်ကြေးပေးစေခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့အပေါ် အကြီးအကျယ် မှီတည်နေကြောင်း တွေ့ရှိရပါသည်။ ပို၍ပြင်းထန်သည့် ပြစ်ဒဏ်ပေးမှုများကို အရေးယူဆောင်ရွက်ရန် စွမ်းရည် မရှိသည်ကိုလည်း တွေ့ရှိရသည်။ သို့သော်လည်း၊ အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှု ကင်းမဲ့နေခြင်းကြောင့် အငြင်းပွားမှု ဖြေရှင်းပေးခြင်းများ၊ ပိုင်ဆိုင်မှု အမွေဆက်ခံသည့် ထုံးတမ်းစဉ်လာများတွင် လိင်ကွဲပြားမှုအပေါ် ဘက်လိုက်ခြင်းများ ရှိနေသည်ကိုလည်း စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းရေးနှင့် တရားမျှတမှု တိုးတက်ရရှိရေးအတွက် ဒေသခံပြည်သူများ၏ ဦးစားပေးလိုလားချက်မှာ စစ်တပ်အင်အား လျော့ချခြင်းနှင့် ဒေသခံလူထုများ၏ အေဂျင်စီအဖွဲ့အစည်းများ အားကောင်းလာစေရေးဟု ဖော်ထုတ်တွေ့ရှိရပါသည်။ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းစေရေးအတွက် အရေးပါသည့် လုပ်ဆောင်ချက်များမှာ တပ်မတော် တပ်ဖွဲ့များ ဆုတ်ခွာပေးခြင်း၊ လက်နက်ကိုင်အုပ်စုများကို ခွဲခြားထားခြင်း၊ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်နှင့် လက်နက်ကိုင် စစ်သားများအတွက် လိုက်နာရမည့်ကျင့်ထုံးများရှိစေခြင်းဟု ထင်မြင်ယူဆကြပါသည်။ အသစ်ပေါ်ထွက်လာသည့် ကရင်ရဲတပ်ဖွဲ့မှာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၏ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအဖြစ် အလေးပေးဖော်ပြကြပြီး၊ ရပ်ရွာအတွင်း အငြင်းပွားမှုများ ဖြေရှင်းရေးအတွက်၊ ကြီးလေးသည့် ရာဇဝတ်ပြစ်မှုများကို မြန်မာတရားစီရင်ရေးစနစ်သို့ လွှဲပြောင်းပေးပို့နိုင်ရန် ပံ့ပိုးကူညီပေးမည့် နေရာတစ်ခုအဖြစ်၊ ကောင်းစွာ နေရာချ အသုံးချနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ တရားဝင် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယနေ့ကာလအထိ၊ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုအတွက် အကြောင်းအချက်များနှင့်ပတ်သက်၍ များစွာ အာရုံစိုက်ခံရမှု မရှိသေးပါ။ သို့သော်လည်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရေး အတွက် အသင့်တော်ဆုံးနည်းလမ်းနှင့်၊ ရင်ကြားပြေလည်သင့်မြတ်ရေးကို မည်သို့မည်ပုံ မြှင့်တင်နိုင်မည်ကို သဘောထား အမျိုးမျိုးဖော်ပြခဲ့ကြပါသည်။ တာဝန်ယူ တာဝန်ခံမှုကို မြှင့်တင်နိုင်ရေးအတွက် လူအများစုက ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုကို အသားပေး လိုလားကြသော်လည်း၊ ထင်ရှားသိသာသည့် လူနည်းစုကမူ အတိတ်က ပြစ်မှုကျူးလွန်ခဲ့သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အဆိုပြုကြသည်။ သို့မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လမ်းကြောင်းမလွဲစေမည် ဖြစ်သည်။ ဤသို့ ဆွေးနွေးငြင်းခုံမှုများက ငြိမ်းချမ်းရေးနှင့် တရားမျှတရေးဆိုင်ရာ ကိစ္စများ ရှေ့နောက် အစီအစဉ်ချရေး၌ အကျယ်အပြန့်သော ပြဿနာစိန်ခေါ်မှုများ ရှိနေသည်ကို ထင်ဟပ်ဖော်ပြနေပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ၄-နှစ်အတွင်း ချင်းနင်းဝင်ရောက်ခဲ့သည့်တိုင်၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအလားအလာမှာ လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ် ဖြေရှင်းပေးရေးနှင့် ပို၍ပို၍ သက်ဆိုင်ပတ်သက်လာပါသည်။ ဤအရေးကို တစ်ဖက်တွင် ရပ်ရွာလူထု၏ ကာကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို မြှင့်တင်ပေးခြင်းအားဖြင့်လည်းကောင်း၊ ကျန်တစ်ဖက်တွင် တိုင်းရင်းသားအင်အားစုများ၏ ရဲလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်လည်းကောင်း ဒေသဆိုင်ရာအဆင့်တွင် ဖြေရှင်းနိုင်ခြိမ့်မည် ဖြစ်ပါသည်။ သို့သော်လည်း အဆိုပြုထားသည့် အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးပွဲသည် မရှိမဖြစ် အရေးပါနေဆဲပင် ဖြစ်ပြီး၊ သို့မှသာ အရေးပါသည့် ပြဿနာများ ဖြစ်ကြသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ မြေယာ အခွင့်အရေးနှင့် ဒုက္ခသည်များ ပြန်လည်ပေါင်းစည်းရေးတို့ကို ဖြေရှင်းနိုင်လိမ့်မည် ဖြစ်ပါသည်။

## အခန်း ၁။

# နိဒါန်း








၁။ တောထွက် ပစ္စည်းများကို ဈေးသို့ သယ်ယူရောင်းချခြင်း၊ တောင်ငူမြို့၊ ဩဂုတ်လ ၂၀၁၄ ခုနှစ်၊ (KORD)
၂။ ဒေသတွင်း ရောင်းဝယ်မှု၊ အောက်တိုဘာလ ၂၀၁၃ ခုနှစ်၊ (CIDKP)
၃။ လူထုအစည်းအဝေး၊ ကောကရိတ်မြို့၊ မတ်လ ၂၀၁၄ ခုနှစ်၊ (CIDKP)

## ၁။ ၁။ နောက်ခံကြောင်းရာ

*"ကျွန်တော်တို့ နိုင်ငံကို ဂျပန်တွေသိမ်းပြီးတဲ့အခါမှာ၊ အစိုးရက ဟောပြောပေးဖို့တောင်းတယ်။ အဲသလိုပဲ မြန်မာစစ်တပ်တွေကလည်း ကျွန်တော်တို့ကို နှိပ်စက်တယ်၊ အိမ်တွေကို မီးရှို့တယ်၊ လူတွေကို သတ်တယ်။ ကျွန်တော် တို့ ဆုံးရှုံးခဲ့ရသမျှအတွက် အစိုးရက တစ်ခုခုပြန်လုပ်ပေးစေချင်တယ်။"*

ကရင် အမျိုးသားတစ်ဦး၊ သံတောင်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KORD နှင့် KESAN တွေ့ဆုံမေးမြန်းမှု၊

စစ်အုပ်ချုပ်ရေး၊ လက်နက်ကိုင်စစ်ပွဲများ၊ နိုင်ငံတကာမှ အထီးကျန်ဖယ်ကျဉ်ထားခံရခြင်း ဖြစ်စဉ်များ ဆယ်စုနှစ်များစွာ အကြာတွင်၊ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအနေအထားမှာ ပြည်တွင်း၌ ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံခြားဆက်ဆံရေးတွင် ပုံမှန်ပြန်ဖြစ်ရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာခြင်းတို့ဖြင့် ဖော်ပြနိုင်သည်။ စစ်တပ်က အသာစီးအခွင့်အရေး ရယူထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အတူ၊ ယေဘုယျအားဖြင့် လွတ်လပ်သော်လည်း၊ တရားမမျှတဟု ယူဆနိုင်သည့် ရွေးကောက်ပွဲများကို နိုဝင်ဘာလ ၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုအစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများအပြားအကြား၊ နှစ်ဖွဲ့ချင်း တွေ့ဆုံဆွေးနွေးမှုများ ပြုပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ၂၀၁၁ ခုနှစ် နှောင်းပိုင်းတွင် ရယူနိုင်ခဲ့သည်။ ဈေးကွက်စီးပွားရေး တံခါးဖွင့်ခြင်းကို ၂၀၁၂ ခုနှစ်တွင် တိုး၍ လုပ်ဆောင်ခဲ့ပြီး၊ အနောက်နိုင်ငံများကလည်း စီးပွားရေးဒဏ်ခတ် အရေးယူမှုများကို ဆိုင်းငံ့ထားခဲ့ကြသည်။

သို့သော်လည်း ၂၀၁၄ ခုနှစ်တွင်၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ နောက်ကြောင်းပြန်ပြီလောဟု စိုးရိမ်ဖွယ်ရာ လက္ခဏာများ တွေ့ရှိလာရသည်။[3] လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ နိုင်ငံရေး အတိုက်အခံပါတီများနှင့် သတင်းထောက်များ၏ လုပ်ပိုင်ခွင့်နယ်ပယ်မှာ ကျုံ့လာသည့်သဖွယ် မြင်ရသည်။ မူစလင်များအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများက မြန်မာနိုင်ငံတွင် စွဲကပ်နေသည့် တိုင်းရင်းသားနှင့် ဘာသာကိုးကွယ်မှု ခွဲခြားဆက်ဆံရေးကို ထင်ဟပ်ဖော်ပြနေသည်။ အရေးပါသည့် ပြဿနာများကို ဖြေရှင်းခြင်း မပြုမီ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်ကြရဦးမည် ဖြစ်သည်။ အဆိုပြုထားသည့် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်တွင်၊ တပ်များ နေရာချထားခြင်းဆိုင်ရာ သဘောတူညီမှုအတွက် အချိန်ကြာမြင့်စွာ ဆွေးနွေးညှိနှိုင်းနေရခြင်းကြောင့်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နောက်တွင် ဆက်လက်ဆောင်ရွက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်များလည်း ပိတ်ဆို့နှောင့်နှေးနေရသည်။

နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများနှင့် ပတ်သက်၍မူ၊ မကြာသေးမီက သတင်းထောက်များကို ဓာတုလက်နက် စက်ရုံဟု စွပ်စွဲသတင်းဖော်ပြခဲ့သည့်အပေါ်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ သကဲ့သို့၊ သတင်းထောက်များကို ခြိမ်းခြောက်နေမှုများကြောင့် စိုးရိမ်စိတ် ပိုမိုလာစေပါသည်။ အလားတူပင်၊ တပ်မတော်စစ်သားက မုဒိမ်းပြုကျင့်သည့်အပေါ် ဆန္ဒပြကြသည့် တက်ကြွလှုပ်ရှားသူများကို ပြစ်ဒဏ်ချမှတ်ခြင်းက၊ ငြိမ်းချမ်းစွာနှင့် လွတ်လပ်စွာ စုရုံးခွင့်၊ ဆန္ဒပြခွင့်များ မည်မျှပြန်၍ ဆုတ်ယုတ်နေသည်ကို နမူနာပြ ဖော်ပြနေပါသည်။ ရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုအတွက်၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များကို ရွေးကောက်ပွဲ မတိုင်မီ ရက် ၃၀ သာ ခွင့်ပြုတော့မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် သူတို့၏မဲဆန္ဒနယ်ပြင်ပတွင် မဲဆွယ်စည်းရုံးမည်ဆိုပါက၊ ခွင့်ပြုချက်ယူရန် လိုအပ်သည်ဟု ဖော်ပြပါသည်။ ဤအခြေအနေများမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အတွက် ပိုမိုခက်ခဲအောင် ပြုနေသည့်သဖွယ် ဖြစ်နေပါသည်။

မတ်လနှင့် ဧပြီလတွင် ဆောင်ရွက်ခဲ့သည့်၊ သန်းခေါင်စာရင်း ကောက်ယူမှုကြောင့် ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် တင်းမာမှုများ မြင့်မားခဲ့ပါသည်။ တိုင်းရင်းသားဖြစ်မှု၊ ဘာသာ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု စသည့် အကဲဆတ်သော မေးခွန်းများ ပါဝင်နေမှုကြောင့် နှင့် အစိုးရက ရိုဟင်ဂျာများကို သူတို့ဘာသာ လူမျိုးတစ်ရပ်အဖြစ် ဖော်ပြမှုကို ငြင်းပယ်နေသောကြောင့် ရန်လိုမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ အမုန်းတရား ပြန့်ပွားရေးအတွက် စုဖွဲ့လှုံ့ဆော်မှုများ မန္တလေးတွင် ရှိခဲ့ကြောင်း သတင်းဖော်ပြခဲ့ကြပြီး၊ ယင်းနောက်ပိုင်းဖြစ်လာသည့် လူစုလူဝေးဖြင့် အကြမ်းဖက်မှုများကို ရဲများက ဟန့်တားနိုင်ခြင်း မရှိခဲ့ကြပေ။ သို့မဟုတ် မတားဆီးလိုကြခြင်းလည်း ဖြစ်နိုင်ပါသည်။ ဘာသာကွဲပြားသူများ အကြား လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေမူကြမ်း၊ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေမူကြမ်း၊ အိမ်ထောင်အများယူခြင်းနှင့် မိသားစု စီမံကိန်းချခြင်း ဥပဒေမူကြမ်း တစ်စုံမှာ၊ အခြေခံလူ့အခွင့်အရေးများနှင့် ကွဲလွဲနေပြီး၊ အကယ်၍ လွှတ်တော်မှသာ အတည်ပြုခဲ့ပါက လူနည်းစုများအပေါ် ဖိနှိပ်ခွဲခြားမှုများ ပို၍ဆိုးရွားလာရန် ရှိနေပါသည်။[4]

3 မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အထူးသတင်းပေး ဖော်ပြသူ သံတမာန်၏ ဖော်ပြချက်။ ဇူလိုင်လ ၂၆ ရက်၊ ၂၀၁၄ ခုနှစ်။

4 David Scott Mathieson, "Responding to Buddhist nationalists, Myanmar looks to restrict inter-faith marriage", Global Post, 3 July 2014 (ဒေးဗစ် စကော့ မီသီဆင်၊ ဗုဒ္ဓဘာသာမျိုးချစ်များ၏ တောင်းဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် ဘာသာခြား လက်ထပ်ထိမ်းမြားခြင်းကို ကန့်သတ် ချုပ်ချယ်ရန် မြန်မာနိုင်ငံက နည်းလမ်းရှာနေခြင်း)

ပုံ ၁။ အမျိုးသား တွေ့ဆုံဆွေးနွေးမှုအတွက် အဆိုပြုထားသည့် အခြေခံမူဘောင်[5]

# ပင်လုံ ၂ လမ်းပြမြေပုံ

၂၀၁၅

**၇** ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်အား ဆက်လက်ကျင်းပသွားရန်။

**၆** ရွေးကောက်ပွဲ

ဒီဇင်ဘာ ၂၀၁၄

**၅** ပြည်ထောင်စု သဘောတူညီချက်

ဇန်နဝါရီ/ ဒီဇင်ဘာ ၂၀၁၄

**၄** ပင်လုံပြည်ထောင်စုညီလာခံ

- ညီလာခံသည်တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်၏ အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ ကျယ်ပြန့်သော ပါဝင်မှုရှိစေရမည်။ (အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားများ၊ အတိုက်အခံနှင့်ဒီမိုကရေစီ အင်အားစုများမှ ၃၀၀ ကျစီ၊ စုစုပေါင်း ၉၀၀ ပါဝင်တက်ရောက်မည်။)
- ပင်လုံပြည်ထောင်စုညီလာခံတွင် ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းပေးနိုင်မည့် ပြည်ထောင်စုသဘောတူညီချက် မူကြမ်းရေးဆွဲမည်။

ဒီဇင်ဘာလ ၂၀၁၃

**၃**

**CEASEFIRE PROCESS**

- နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများ
- လက်နက်ကိုင်အဖွဲ့ အစည်းများအား လေ့လာစောင့်ကြည့်သည့် ပြည်နယ်နှင့် ဒေသဆိုင်ရာ ပူးတွဲကော်မတီများ
- အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ။ ထိုကော်မတီမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာများအား အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်။
- လူ့အခွင့်အရေး ကော်မတီ — ထိုကော်မတီမှ ဒေသဆိုင်ရာ လွတ်လပ်သည့် အစီအရင်ခံစာများ ထုတ်ဝေခြင်း၊ လူ့အခွင့်အရေး ဆိုင်ရာနှင့် လူသားချင်း စာနာထောက် ထားရေးဆိုင်ရာ ဥပဒေများ ချိုးဖောက်ခြင်း စောင့်ကြည့်ခြင်း တို့ ပြုလုပ်မည်။

**ငြိမ်းချမ်းရေး ဖြစ်စဉ်**

- ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာ ငြိမ်းချမ်းရေး လေ့လာစောင့် ကြည့်ရေး ကော်မတီများ
- ပြည်နယ်နှင့်တိုင်းဒေသ ပူးတွဲကော်မတီများ — ဖွံ့ဖြိုးရေး၊ လူသားချင်း စာနာထောက်ထား ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ လုပ်ဆောင်ရန်။
- ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲ အတွင်းဝန်များ — တာဝန်များမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်၊ ဖြစ်ပေါ်လာသော ပြဿနာများဖြေရှင်းခြင်းနှင့် ကြားဝင် ကာကွယ်ခြင်း၊ လူသားချင်းစာနာထောက် ထားခြင်းဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများ၊ နိုင် ငံရေးတွေ့ဆုံဆွေးနွေးခြင်းနှင့် ပြုပြင်ပြောင်း လဲရေးဖြစ်စဉ်များ ဖြစ်မြောက်စေရေးအတွက် ပြင်ဆင်ခြင်း၊ ပြည်နယ်တိုင်းဒေသ ငြိမ်းချမ်းရေး နှင့်လေ့လာစောင့်ကြည့်ရေး ကော်မတီများအား ထောက်ပံ့ရန်တို့ဖြစ်သည်။

**တွေ့ဆုံဆွေးနွေးရေး ဖြစ်စဉ်**

- လုပ်ငန်းအဖွဲ့များနှင့် ဆွေးနွေးမည့် အကြောင်းအရာများဆိုင်ရာ ကော်မတီများ — ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နောက်ခံသမိုင်းကြောင်းများ လေ့လာပြုစုခြင်း၊ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်ရန်။
- တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီနှင့် အတွင်းဝန်များရုံး — ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နောက်ခံသမိုင်းကြောင်းများ လေ့လာပြုစုခြင်း၊ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်ရန်။
- အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင် ကော်မတီ — အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အတိုက်အခံနှင့်ဒီမိုကရေစီအင်အားစုများမှ ထိပ်သီးခေါင်းဆောင် ၂၀ယောက်စီပါဝင်သည်။ အဓိကတာဝန်များမှာ ဆုံးဖြတ်ချက်များအတွင် ပြင်ဆင်ပေးခြင်း၊ ပင်လုံညီလာခံမှ သဘောတူညီ ချက်များ ရရှိရန်အတွက် တင်သွင်းမည့် အဆိုပြုလွှာများအား စုစည်းပေးခြင်း။

**၂** ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲ ထိပ်သီး ကော်မတီ

သဘောတူညီချက်တွင် လက်မှတ်ရေးထိုးသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။
တာဝန်များမှာ အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ၊ ပူးတွဲ ငြိမ်းချမ်းရေး အတွင်းဝန်များနှင့် အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဆိုင်ရာ ပူးတွဲကော်မတီများအား ခန့်အပ်ခြင်း။

မေလ ၂၀၁၃

**၁** တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်

အစိုးရနှင့် စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားများ၊ အတိုက်အခံနှင့် ဒီမိုကရေစီအင်အားစုများမှ ထိပ်သီးခေါင်းဆောင်များမှ လက်မှတ်ရေးထိုးရမည်။

5 Working Group for Ethnic Coordination, April 2013, as cited in Burma News International, 2014, "Deciphering Myanmar's Peace Process: A Reference Guide", Appendix 3.2, www.mmpeacemonitor.org (တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ WGEC ၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ တင်ပြချက်၊ Burma News Internation ၏ ၂၀၁၄ ခုနှစ်ထုတ်- "မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း၊ လမ်းညွှန်အကိုး အကား" စာအုပ်မှ ပြန်လည် ကိုးကားရယူသည်)

လွှတ်တော်ကော်မီတီ တစ်ရပ်က ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရန်အတွက် အကြံပြုချက်များကို တင်သွင်းခဲ့ပါသည်။ သို့သော်လည်း စစ်တပ်က နိုင်ငံရေးတွင် ဆက်လက်ပါဝင်နေသည့် အခန်းကဏ္ဍကို အာမခံချက် ပေးထား သည့် အခြေခံမူ ဘောင်ကိုမူ ဖြေရှင်းခဲ့ခြင်း မရှိပါ။ သို့သော်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် ၈၈-မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းတို့က လက်မှတ် ၅-သန်း နီးပါးမျှ စုဆောင်းကာ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး အတွက် တောင်းဆိုချက်တစ်ခု တင်သွင်းခဲ့ပါသည်။ ယင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကို လွှမ်းမိုးထားသည့် ပုဒ်မပင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်မည်ဆိုလျှင် လက်ရှိအခြေအနေတွင် လွှတ်တော်၏ ၇၅% ကျော် ထောက်ခံမှု လိုအပ်သည့်အတွက်ကြောင့်၊ တပ်မတော်ကို ဗီတိုအာဏာ ထိရောက်စွာပေးထားသည့်နယ် ဖြစ်နေသည်။ (NLD) နှင့် ၈၈ တို့၏ လှုပ်ရှားမှုက ယင်းအချိုးကို ၆၀% အထိ လျှော့ချပေးရန် တောင်းဆိုနေသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေး သဘောတူညီချက်အပေါ် ဆွေးနွေးရင်း ရှေ့မဆက်နိုင် ဖြစ်နေပါသည်။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်၊ နောက်ဆုံးပိုင်း ၃-လတွင် ကျင်းပရန် လျာထားသည့် အထွေထွေရွေးကောက်ပွဲများ မတိုင်မီ အရေးပါသည့် နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပရန် အချိန်မလုံလောက် တော့ဘဲ ရှိနေပါသည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၇-ခုက သဘောတူညီထား သည့် လမ်းပြမြေပုံကို ပုံ (၁) တွင် ဖော်ပြထားပါ သည်။ သို့သော် ဤလုပ်ငန်းစဉ်မှာ ဆက်လက်၍ အရေးပါဆဲ ဖြစ်သော်လည်း၊ အချိန်ဇယားမှာ လက်တွေ့မကျနိုင် ဖြစ်နေပါတော့သည်။

အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ (UPWG)၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (NCCT) တို့က ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းအတွက် တစ်ခုတည်းသော စာသားကို စတင်၍ မူကြမ်းရေးဆွဲခဲ့ ကြသည်။ သိသာထင်ရှားသည့် တိုးတက်မှုများကို ဖော်ပြခဲ့ကြသော်လည်း၊ အဓိကကျသည့် ပြဿနာများဖြစ်သော တပ်များ နေရာချထားရေး၊ လိုက်နာရမည့် ကျင့်ဝတ်များ၊ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်တို့မှာ သဘောကွဲလွဲ အငြင်းပွားနေဆဲ ရှိပါသည်။ အမျိုးသား တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်တွင် မည်သူများ ပါဝင်တက်ရောက်မည်၊ မည်သို့ ကိုယ်စားပြုမည်ကိုလည်း ဆွေးနွေး ငြင်းခုံနေဆဲ ရှိပါသည်။ အခြေခံအားဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လက်ရှိဥပဒေမူဘောင်များကို ဆက်လက် ရပ်ခံနေပြီး၊ ဆွေးနွေးညှိနှိုင်းမရ ဖြစ်နေပါသည်။ သို့ဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၏ ဘုံရပ်တည်ချက်အပေါ် ဆန့်ကျင်သည့်အသွင် ရှိနေပါသည်။[6]

ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တလျှောက်လုံးတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ကြိုကြားဖြစ်ပွားသော်လည်း၊ တိုက်ပွဲများ အကျယ်အပြန့် ဖြစ်ပွားမှု ရှိပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တပ်မတော်က သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) အပေါ် မိုင်းရှူးနှင့် ကျေးသီး (ကျေးဆီး) မြို့နယ်များတွင် တစ်စိုက် မတ်မတ် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရှိနေခဲ့ပါသည်။ နှစ်ဖွဲ့ချင်း သဘောတူညီထားသည့် အပစ်ရပ်စဲရေးကို ချိုးဖောက်၍၊ ရန်သူ-လူထုမခွဲခြားဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ကာ နယ်မြေများကို သိမ်းယူခဲ့ပါသည်။ လူ ၃၀၀ ဦးခန့်ကိုလည်း အိုးအိမ်မှ စွန့်ခွာထွက်ပြေးစေခဲ့ရပါ သည်။[7]

၂၀၁၄ ခုနှစ်တွင်၊ ပို၍ သီးခြားဖြစ်သည့် ထိတွေ့တိုက်ပွဲများ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ဆက်လက် ဖြစ်ပွားနေ ခဲ့ပါသည်။ ဤတိုက်ပွဲအများက ထင်ဟပ်ဖော်ပြနေသည်မှာ၊ ထိတွေ့တိုက်ပွဲဖြစ်မှုဆိုင်ရာ ဥပဒေသများ ပို၍တိကျစွာပြဋ္ဌာန်း ထားရန် လိုအပ်နေပြီး၊ သို့မှသာ ကင်းလှည့်တပ်ဖွဲ့များ မရှောင်မလွှဲသာ တိုက်ခိုက်ရခြင်းမှ ရှောင်ရှားနိုင်မည် ဖြစ်သည်။ သို့သော်လည်း မြဝတီမြို့ (ကရင်ပြည်နယ်)၊ ကျောက်ကြီး (ပဲခူးတိုင်းဒေသကြီး)၊ ကျိုက်မရော (မွန်ပြည်နယ်) တို့တွင် စက်တင်ဘာလ နောက်ဆုံးပတ်တွင် တိုက်ပွဲများ အစဉ်လိုက် ဖြစ်ပေါ်ခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေး နောက်ဆုံးနိဂုံး မချုပ်နိုင်ဘဲ ရှိနေစဉ်၊ တင်းမာမှုများမှနေ၍ မည်မျှတိုင် တိုးတက်၍မြင့်မားလာနိုင်သည်ကို ဖော်ပြနေပါသည်။[8]

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပဋိပက္ခစစ်ပွဲများထံ ခံစားနစ်နာခဲ့ကြရသည့် လူထုများအတွက် ခြိမ်းခြောက်မှုမှာ မည်သို့ဆိုစေ ပြောင်းလဲသွားပြီ ဖြစ်သည်။ ယခင်က လက်နက်ကိုင်တိုက်ပွဲများနှင့် ဆက်စပ်ဖြစ်ပေါ်နေခဲ့သော်လည်း၊

6 Euro-Burma Office, 20-26 September 2014, "Political Monitor No. 23", page 4 and 6, http://www.euro-burma.eu/activities/research-policy/ebo-political-monitors/ (ဥရောပ-မြန်မာရုံး၊ နိုင်ငံရေး စောင့်ကြည့်အကဲဖြတ်မှု အစီရင်ခံစာ အမှတ်-၂၃)

7 Shan Human Rights Foundation, 26 Aug 2014, "Shan IDPs petition President Thein Sein for Burma Army withdrawal from their homes" (ရှမ်းလူ့အခွင့်အရေး ဖောင်ဒေးရှင်း၊ ရှမ်းပြည်တွင်းဒုက္ခသည်တို့က သူတို့၏ အိမ်များမှ မြန်မာစစ်တပ် ဆုတ်ခွာပေးရန် သမ္မတဦးသိန်းစိန်သို့ မေတ္တာရပ်ခံ တောင်းဆိုခြင်း)

8 Karen News, 30 September 2014, "Karen soldier killed in latest fighting: KNU claims government troops attacked first" http://karennews.org/2014/09/karen-soldier-killed-in-latest-fighting-knu-claims-government-troops-attacked-first.html/ (ကရင် သတင်းဌာန၊ နောက်ဆုံးတိုက်ပွဲတွင် ကရင်စစ်သားတစ်ဦး သတ်ခံရခြင်း၊ အစိုးရတပ်ဖွဲ့များက စတင်တိုက်ခိုက်သည်ဟု ကေအဲန်ယူက စွပ်စွဲသည်။)

ယခုအခါ သယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပို၍ သက်ဆိုင်နေကြသည်။ အရပ်ဖက်လူမှု အဖွဲ့အစည်း ကွန်ရက်များက မှတ်ချက်ပြုရာတွင်၊ နယ်စပ်ဖြတ်ကျော် စင်္ကြန်လမ်းမကြီးများအတွက် ဖွံ့ဖြိုးရေး အစီအစဉ်များ၊ စက်မှုဇုန်များ၊ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဗဟိုအစိုးရ ချုပ်ကိုင်မှုစနစ် တိုးလာစေခြင်း၊ ဒေသခံ လူထုများ ဖယ်ကျဉ်ခံရခြင်းနှင့် တိုင်းရင်းသား ပဋိပက္ခများ ရန်မီးပွားဖြစ်ပေါ်စေရန် အန္တရာယ် ရှိနေပါသည်။[9]

အလှူရှင် အစိုးရများနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ကရင်၊ ကရင်နီ/ကယား၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင် အိုးအိမ်နေရာချ ကျေးရွာများ အစဉ်လိုက် ဆောက်လုပ်ရန် ရန်ပုံငွေ ထောက်ပံ့ပေးနေကြပါသည်။ ဤဆောက်လုပ်နေသော အိမ်ယာအချို့မှာ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသများတွင် တည်ရှိနေကြသည်။ ဤအိမ်ယာများတွင် ယေဘုယျအားဖြင့် တစ်ခုလျှင် အိမ်အလုံး ၁၀၀ မျှ ပါဝင်သည်။ ဤသို့အိမ်ယာများ ဆောက်လုပ်ရန် ရန်ပုံငွေ ထောက်ပံ့ပေးနေသည့်အချိန်တွင်၊ ပို၍ ဘက်စုံဖြစ်သည့် ပြန်လည်နေရာချထားရေး အစီအစဉ် ရေးဆွဲမှုများလည်း လိုအပ်နေပါသည်။ ယင်းတွင် မြေယာရရှိနိုင်ရေး၊ သက်မွေးဝမ်းကျောင်းကိစ္စများ၊ ရေရရှိရေး၊ သန့်ရှင်းရေး၊ လူမှုရေး ဝန်ဆောင်ပေးမှုများနှင့် ကာကွယ်ပေးမှုဆိုင်ရာ ကိစ္စများလည်း ပါဝင်သင့်ပါသည်။

သို့ပါသော်လည်း၊ ထွက်ပြေး အိုးအိမ်မဲ့နေရသည့် ဒုက္ခသည်များ အိမ်ပြန်ရေးနှင့် ပြန်လည်အခြေချရေး ကြိုးပမ်းမှုများသည် ဆက်လက် လုပ်ဆောင်နေသည့် စစ်တပ်တိုးချဲ့ ချထားခြင်း နှင့် ကာကွယ်ပေးမှုဆိုင်ရာ နှင့် လုံခြုံရေး စိုးရိမ်ချက်များကြောင့် အဟန့်အတားဖြစ်စေပါသည်။ ဥပမာအားဖြင့်၊ ဖာပွန်မြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) က ပြန်လည်အခြေချမည့် နေရာ ၅-ခုကို ရွေးချယ်သတ်မှတ်ပေးခဲ့ပြီး၊ ယင်းဒေသတွင် မြေလွတ်မြေရိုင်းများလည်း ဝန်းရံနေပါသည်။ ၂၀၁၂ ခုနှစ်၊ ပဏာမ အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးသည့်နောက်တွင်၊ ကေအဲန်ယူက ယင်းမြို့နယ်ရှိ တပ်မတော်စခန်း ၇၀-ခုအနက် ၇-ခုကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ပါသည်။ သို့မှသာ ဒုက္ခသည်များ ပြန်လည်အခြေချနိုင်ရေးအတွက် ပို၍ အဆင်ချောစေမည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဤစခန်းများ ဆက်လက်တည်ရှိနေသေးသည့်အပြင်၊ မြို့နယ်တစ်ခုလုံးတွင် နောက်ထပ်စခန်း ၁၀-ခုကို ဤအပစ်အခတ် ရပ်စဲရေးကာလအတွင်း ထပ်မံချထားခဲ့ပါသည်။

9 Karen Peace Support Network, September 2014, "Critique of Japan International Cooperation Agency's Blueprint for Development in Southeastern Burma/Myanmar" (ကရင်ငြိမ်းချမ်းရေး ပံ့ပိုးကူညီရေး ကွန်ရက်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ဂျပန် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ၏ ဖွံ့ဖြိုးရေး မဟာအစီအစဉ်မူကြမ်းကို ဝေဖန်ကန့်ကွက်ခြင်း)


# ၁။ ၂။ သုတေသနပြုသည့် နည်းနာ

*"ကျေးရွာလူထုတွေက အများအားဖြင့် အမှန်အတိုင်း ဖော်ပြဖို့ လက်တွန့်နေကြတယ်။ ကျွန်တော်တို့ထင်တာက အကယ်၍ ပြောလိုက်မယ်ဆိုရင်၊ ကျွန်တော်တို့ ခြိမ်းခြောက်ခံရမယ်၊ သတ်ခံရမယ်။ ကျွန်တော်တို့က လူ့အခွင့်အရေးကို ပိုသိရှိလာဖို့လိုတယ်။ ဒါမှသာ တရားမျှတမှုရဖို့ ပြောရဲဆိုရဲ ရှိလာမယ်။ "*

ကရင်အမျိုးသား တစ်ဦး၊ မြဝတီမြို့၊ ဖွန်လ ၂၀၁၄ ခုနှစ်၊ CIDKP နှင့် KHRG တွေ့ဆုံမေးမြန်းမှု

TBC အဖွဲ့က ၂၀၀၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပဋိပက္ခစစ်ပွဲများကြောင့် ထိခိုက်နစ်နာနေရသော လူထုများ၏ အခြေအနေများကို မှတ်တမ်းတင်နိုင်ရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ် စစ်တမ်းကောက်ယူမှုကို အရပ်ဖက် လူမှုအဖွဲ့အစည်း ၁၁-ခုနှင့် ပူးပေါင်းဆောင်ရွက်၍ ဒီဇိုင်းရေးဆွဲခဲ့ပါသည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ ပဋိပက္ခ စစ်ပွဲများ ဖြစ်ပွားနေရာဒေသများတွင် အရပ်သားများအပေါ် ကာကွယ်မှုပေးရေး စိုးရိမ်ပူပန်ချက် အထွေထွေအခြေအနေကို ဖော်ပြပေးနိုင်ရန် ဖြစ်ပါသည်။ သီးသန့် ပစ်မှတ်ထား အုပ်စုဆွေးနွေးပွဲများအတွက် မေးခွန်း ၃၁-ခုပါ မေးခွန်းတစ်စုံကို ပြုစုနိုင်ခဲ့ပါသည်။ အရပ်သားကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ဒေသခံ အာဏာပိုင်များကို ဗီဒီယို တွေ့ဆုံမေးမြန်းမှုများပြုပြီး၊ တွေ့ရှိချက်များကို ထပ်မံဖြည့်ဆည်းခဲ့ပါသည်။

**ပုံ-၂။ ကျေးရွာအုပ်စု စစ်တမ်းကောက်ယူမှု ရောက်ရှိနိုင်မှု (၂၀၁၄ ခုနှစ်)**




| စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စုများ၊ ၂၀၁၄ ခုနှစ် | | | | |
|---|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာ အုပ်စု ပေါင်း | ရွာပေါင်း | စစ်တမ်းကောက် ယူမှုတွင်ပါဝင်သူများ |
| ရှမ်း | လဲချား | ၉ | ၄၁ | ၈၇ |
| | မိုင်းပန် | ၇ | ၂၃ | ၆၇ |
| | မိုင်းတုံ | ၃ | ၁၃ | ၂၉ |
| ကယား | ဘောလခဲ | ၇ | ၂၀ | ၄၀ |
| | ဒီမောဆို | ၁၄ | ၁၁၁ | ၁၄၄ |
| | ဖားဆောင်း | ၈ | ၄၉ | ၆၀ |
| | ဖရူဆို | ၁၁ | ၈၆ | ၁၃၃ |
| | လွိုင်ကော် | ၁၀ | ၁၀၅ | ၁၃၅ |
| | မယ်စဲ့ | ၄ | ၉ | ၄၀ |
| | ရှားတော | ၃ | ၂၂ | ၅၃ |
| ပဲခူး | ကျောက်ကြီး | ၁၄ | ၆၅ | ၁၆၅ |
| | ရွှေကျင် | ၁၀ | ၃၇ | ၁၀၅ |
| ကရင် | လှိုင်းဘွဲ့ | ၁၄ | ၆၃ | ၂၈၆ |
| | ဖာပွန် | ၁၄ | ၁၈၂ | ၂၇၀ |
| | ကော့ကရိတ် | ၁၃ | ၅၀ | ၁၃၄ |
| | ကြာအင်းဆိပ်ကြီး | ၁၉ | ၈၉ | ၁၆၆ |
| | မြဝတီ | ၇ | ၄၉ | ၅၇ |
| | သံတောင်ကြီး | ၁၅ | ၆၉ | ၁၄၁ |
| မွန် | ရေး | ၉ | ၅၄ | ၉၆ |
| တနင်္သာရီ | ထားဝယ် | ၈ | ၄၅ | ၂၈၆ |
| | ပုလော | ၉ | ၃၅ | ၁၁၃ |
| | တနင်္သာရီ | ၆ | ၃၉ | ၇၀ |
| | ရေဖြူ | ၈ | ၄၆ | ၉၄ |
| စုစုပေါင်း | ၂၃ မြို့နယ် | ၂၂၂ | ၁,၄၀၄ | ၂,၆၈၇ |

TBC အဖွဲ့၏ဝန်ထမ်းများက ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ကွင်းဆင်းဝန်ထမ်း ၇၅ ဦးနှင့် (၆၁% ကျား၊ ၃၉% မ) အကြို ရှင်းပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။ စစ်တမ်းကောက်ယူသည့် နည်းနာများနှင့် သုတေသနပြုမှု နည်းနာများကို ဤသင်တန်းများအတွင်း မိတ်ဆက်ပေးခဲ့ပြီး၊ မြို့နယ်များ၊ ကျေးရွာအုပ်စုများ ရွေးချယ်ခြင်းအတွက် နမူနာစံကွက် ရွေးချယ်ခြင်း သုတေသနနည်းနာလည်း အပါအဝင် ဖြစ်သည်။ ထို့အပြင် တွေ့ရှိချက်များကို ပုဂ္ဂိုလ်ရေးလုံခြုံမှုရှိစွာ၊ လျှို့ဝှက်စွာ တင်ပြရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းပြခဲ့သည်။ သင်တန်းတွင် တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခြင်း၊ အုပ်စုလိုက်သီးသန့် ဆွေးနွေးမှုပြုခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ နေရာညွှန်းကိရိယာစနစ် (GPS) အသုံးပြုခြင်း တို့ကိုလည်း လေ့ကျင့်သင်ပြပေးခဲ့သည်။

အရပ်ဖက်လူမှု အဖွဲ့အစည်းများက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စစ်တမ်းကောက်ယူရန် စွမ်းရည်ရှိသည့် မြို့နယ် ၂၃-ခုကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။ ပြည်ထောင်စုအစိုးရ စာရင်းများအရ ဤမြို့နယ်များတွင် ကျေးရွာအုပ်စု ၆၆၅ ခုဟု သတ်မှတ်ထားသည်။ အဆင့်အလွှာအလိုက် နမူနာရွေးချယ်ထုတ်ယူသည့် နည်းနာအရ စစ်တမ်းကောက်ယူရန် ကျေးရွာအုပ်စု ၂၂၂ ခုကို ရွေးချယ်ခဲ့သည်။ ရွေးချယ်သည့် စံသတ်မှတ်မှုများတွင် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ဩဇာ သက်ရောက်မှု ထင်မြင်ယူဆချက်၊ ပထဝီ လွှမ်းခြုံမှုနှင့် လူဦးရေပမာဏစသည့် အချက်များ ပါဝင်သည်။

တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများက ယေဘုယျအားဖြင့် ရှေ့တန်းစခန်းများ ထားရှိကြသည်၊ သို့မဟုတ် ပုံမှန်အခွန် ကောက်ယူသည့်ဂိတ်ရှိသော ကျေးရွာများသည် စစ်တမ်းကောက်ယူသည့် ကျေးရွာအုပ်စုများ၏ ၇၆% ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရတပ်မတော်နှင့် ဆက်နွယ်သည့် ပြည်သူ့စစ် လက်နက်ကိုင်များက ၅၅% သော ကျေးရွာအုပ်စုများတွင် တည်ရှိနေကြသည်။ သို့သော်လည်း၊ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများမှာ အခိုင်အမာ တပ်စခန်းများ ထက်စာလျှင်၊ ယေဘုယျအားဖြင့် ရွှေ့ပြောင်းတည်ရှိ နေကြရာ လျော့ပေါ့တွက်ချက်ထားသည့်နှယ် ဖြစ်နိုင်ပါသည်။

မေးခွန်းများအပေါ် တုံ့ပြန်အဖြေကို ကျေးရွာအုပ်စုတစ်ခုလျှင် လူ ၁၂ ဦးနှုန်း ပျမ်းမျှ ဆွေးနွေးခဲ့ကြပြီး၊ စုစုပေါင်း ၂,၆၃၇ ဦး ပါဝင်ဆွေးနွေးခဲ့သည်။ ယင်းတို့အနက် ၇၂% မှာ ကျား၊ ၂၈% မှာ မ ဖြစ်သည်။ ၃၅% သော ဖြေကြားသူများမှာ ကျေးရွာခေါင်းဆောင်များ ဖြစ်ပြီး၊ ၃၄% မှာ သာမာန်အရပ်သား လူထုများ ဖြစ်သည်။ ၂၂% သော ဖြေကြားသူများမှာ လူမှုရေး သို့ မဟုတ် ဘာသာရေးခေါင်းဆောင်များ ဖြစ်သည်။ ကျန် ၉% မှာ ကျေးရွာအုပ်စု ခေါင်းဆောင်များ ဖြစ်ကြသည်။ ဖြေဆိုကြသူများအနက် လိင်ပိုင်းဆိုင်ရာအရ ကွဲပြားနေသည်ကို ယခုစစ်တမ်းကောက်ယူမှုတွင် အားနည်းချက်အဖြစ် အသိအမှတ်ပြုပြီး၊ အကြောင်းတစ်ခုမှာ စစ်တမ်းမေးမြန်းသူများ၏ အချိုးအရ ယောကျ်ားများပြားပြီး၊ ကျန်အကြောင်းတစ်ချက်မှာ ရပ်ရွာခေါင်းဆောင်များတွင် ယောကျ်ားများက လွှမ်းမိုးနေသောကြောင့် ဖြစ်ပါသည်။

ကျေးရွာပေါင်း ၁,၃၀၄၊ စုစုပေါင်း လူဦးရေ ၅၅၀,၀၉၂ ဦးရှိရာ၊ ပျမ်းမျှအားဖြင့် ကျေးရွာတစ်ခုတွင် လူဦးရေ ၄၂၁ ဦးနေထိုင်ကြောင်း ယခုစစ်တမ်းအရ ကောက်ယူခဲ့သော ရွာများတွင် တွေ့ရှိရသည်။ ဤကျေးရွာအုပ်စုများတွင် အဓိကကျသည့် တိုင်း ရင်းသားအုပ်စု ၁၂ ခုရှိသည်ကို မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ စကောကရင်က အများဆုံးဖြစ်သည်။ ထို့နောက်တွင် ဗမာ၊ ရှမ်း၊ ပိုးကရင်၊ ကယား၊ မွန်နှင့် ကယန်းလူမျိုးများ ပါဝင်ကြသည်။ ကရင်အများစုနေထိုင်ရာ ဒေသကို ဘက်လိုက်မေးမြန်းသည့် သဖွယ် ဖြစ်သည်ကို အသိအမှတ်ပြုပါသည်။ အကြောင်းမှာ ယခုကွင်းဆင်းလုပ်ငန်းများတွင် ကရင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရှိနေသောကြောင့် ဖြစ်နိုင်ပါသည်။

ဤစစ်တမ်းကောက်ယူမှုကို ဒေသခံ ဘာသာစကားသို့ ပြန်ဆိုခဲ့ပြီး၊ တုံ့ပြန်ဖြေဆိုမှုများကို ကွင်းထဲတွင် ယခုမေးခွန်းများပေါ်တွင် ရေးသား မှတ်တမ်းတင်ခဲ့ပါသည်။ အဖြေတုံ့ပြန်မှုများကို Survey Monkey စနစ်ကို အသုံးပြု၍ ချက်ချင်းဆိုသလိုပင် အွန်လိုင်း ဒေတာဘေ့စ် ထဲသို့ ဖြည့်သွင်းစေပါသည်။ နောက်ပိုင်းတွင် TBC အဖွဲ့က သတင်းဒေတာများကို ပေါင်းစည်း၍ သုံးသပ်မှု ပြုပါသည်။ စစ်တမ်းကောက်ယူသည့်နေရာအတွက် တည်နေရာပြ မြေပုံစနစ် (GPS) ဖြင့် မှတ်တမ်းတင်စေပြီး၊ ArcGIS 10.2 ဆော့ဖ်ဝဲယားကို သုံး၍ ကျေးရွာအုပ်စု နယ်နိမိတ်များကို အစိုးရက သတ်မှတ်ထားသည့်အတိုင်း မြေပုံထုတ်ယူစေပါသည်။ စစ်တမ်း ကောက်ယူသူများနှင့် တုံ့ပြန်ဖြေကြားသူများသည် အုပ်ချုပ်ရေး နယ်နိမိတ်များနှင့် ပတ်သက်၍ ပိုပြီး ကျွမ်းဝင်သိရှိကြသောကြောင့်၊ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများက သတ်မှတ်ထားသည့် နယ်နိမိတ်များ၊ ပထဝီ အချက်အလက်များကို အလျဉ်းသင့်သလို ထည့်သွင်းအသုံးပြုပါသည်။

စစ်တမ်းမှ တွေ့ရှိချက်ရလဒ်များကို ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အတူတကွ ဆွေးနွေးကြပြီး၊ ၂-ရက်ကြာ ဆွေးနွေးပွဲတွင် အတည်ပြုခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ ပြုခဲ့ကြပါသည်။ အစီရင်ခံစာ မူကြမ်းကို အကြံပြုချက် တုံ့ပြန်ပေးနိုင်ရန် ပိုမိုကျယ်ပြန့်သော အရပ်ဖက်လူမှု အဖွဲ့အစည်းများထံ ဖြန့်ဝေပေးခဲ့ပြီး၊ ဤစစ်တမ်းကောက်ယူမှုအတွက် သူတို့ ကိုယ်ပိုင် ပိုင်ဆိုင်မှု၊ သုံးသပ်မှုလည်း ဖြစ်စေပါသည်။ မည်သို့ပင် ဆိုစေကာမူ၊ အယ်ဒီတာ တည်းဖြတ်မှုအပိုင်း၊ အမှား အယွင်း အကျအပေါက်များရှိပါက TBC အဖွဲ့တွင်သာ တာဝန်ရှိပါသည်။

အခန်း ၂။

# နိုင်ငံရေး ပထဝီ အနေအထား







၁ ၂ ၃

၁။ လူမှုအဖွဲ့တို့မှ မြန်မာစစ်တပ် ဂိတ်တွင် ရောက်ရှိနေစဉ်၊ လှိုင်းဘွဲမြို့၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ် (KORD)
၂။ လမ်းဆောက်လုပ်ရေး၊ မိုင်းတုံမြို့၊ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်
၃။ သိမ်းဆည်းခံရသည့် မြေကွက်ပေါ် မြန်မာစစ်တပ် သင်တန်းကျောင်း၊ ဖရူဆိုမြို့၊ ဇူလိုင်လ ၂၀၁၄ ခုနှစ်၊ (CIDKP)

## ၂။ ၁။ စစ်တပ်တိုးချဲ့ချထားခြင်းနှင့် အုပ်ချုပ်မှုစနစ်

*"အတိတ်တုန်းက အမျိုးသမီးတွေနဲ့ ကလေးတွေအပေါ် အကြမ်းဖက်မှုနဲ့ ပတ်သက်လို့ ကျွန်တော်တို့က သိပ်ပြီးစိုးရိမ် စရာ မရှိခဲ့ဘူး။ ဒါပေမယ့် တပ်မတော်က လေ့ကျင့်ရေးသင်တန်းကျောင်း ဆောက်ပြီးတဲ့အခါကျတော့၊ အနားမှာ ကျွန်တော်တို့ လမ်းမလျှောက်ရဲတော့ဘူး။"*

ကယား အမျိုးသားတစ်ဦး၊ ဖရူဆိုမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KSWDC နှင့် KNWO တွေ့ဆုံမေးမြန်းမှု

အစိုးရနှင့် အထွေထွေသော တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအကြား နှစ်ဖွဲ့ချင်းအကြား ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရယူနိုင်ခဲ့ပြီးနောက်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လက်နက်ကိုင်တိုက်ပွဲများ လျော့နည်းကျဆင်းသွားပါသည်။ ဤကာလအတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင်မူ တိုက်ပွဲများ၊ တင်းမာမှုများ မြင့်မားနေသော်လည်း၊ တောင်ပိုင်းတွင် ဖြစ်ပွားသည့် ကြိုကြားတိုက်ခိုက်မှုများမှာမူ အဓိကအားဖြင့် တပ်များနေရာချထားမှုအကြား ဆက်သွယ်ရေး လွဲမှားချွတ်ချော်မှုများကြောင့် ဖြစ်ပါသည်။

သို့သော်လည်း စစ်တပ်အင်အားလျော့ချရေးနှင့် ပတ်သက်၍မူ တိုးတက်မှု အနည်းငယ်မျှသာ ရှိပါသည်။ တပ်များနေရာချထားရေး၊ လိုက်နာရမည့် ကျင့်ထုံးများ၊ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများမှာမူ ရှေ့မတိုးနိုင်ဘဲရှိနေပါသေးသည်။ တပ်ဆုတ်ခွာပေးမှုများ သိသာထင်ရှားစွာ မရှိသေးသည့် အခြေအနေတွင် သူဝင်ကိုယ်ဝင် ဒေသများတွင် တပ်များထူထဲစွာ ချထားလျက်ပင် ရှိနေသေးကာ၊ အရပ်သားလူထုများအတွက် ပင်မ စိုးရိမ်ဖွယ် လုံခြုံရေးအကြောင်းအချက်အဖြစ် ဆက်လက်ရှိနေပါသည်။

ပုံ-၃။ စစ်တပ်နှင့် ဆက်စပ်သည့်အဖွဲ့များ၏ တပ်စခန်းများ





ပုံ-၃ တွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အနည်းဆုံး ၇၂% သော ကျေးရွာအုပ်စုများ၌ စစ်တပ်စခန်းတစ်ခုစီ ရှိနေသေးသည်ကို ဖော်ပြနေပါသည်။ တပ်မတော်၊ ယင်းနှင့် ဆက်စပ်နေသည့် ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များ၊ နယ်ခြားစောင့်တပ်များသည် ၄၉% သော ကျေးရွာအုပ်စုများ၌ စစ်စခန်းများ ချထားပြီး၊ အမျိုးမျိုးသော တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များက ၅၁% သော ကျေးရွာအုပ်စုများတွင် စစ်သားတန်းလျားများ ဆောက်လုပ်ထားပါသည်။ ၂၈% သောကျေးရွာ အုပ်စုများတွင် ပဋိပက္ခ၏ ဖက်နှစ်ဖက်ရှိ စစ်တပ်ဖွဲ့များ၏ စခန်းများ နေရာချထားကြပါသည်။ သို့သော်လည်း ဤဒေတာ အချက်အလက်များနှင့် အတည်နေရာချ စခန်းများ၏ မြေပုံမှာ အကျယ်အပြန့် တည်ရှိနေသည့် အနေအထား၊ သြဇာသက် ရောက်မှုနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်များ၏ ရွှေ့ပြောင်းနေမှုသဘော (အထူးသဖြင့် ကယားပြည်နယ်တွင်) ကို လျော့ပေါ့ တွက်ချက်ထားရာ ရောက်ပါသည်။

၂၀၁၁ ခုနှစ်အကုန်နှင့် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပဏာမ

အပစ်ရပ်သဘောတူညီမှုများ ပြီးနောက်၊ ဆက်လက်၍ စစ် တပ်တိုးချဲ့ နေရာချထားမှုကို ပုံ-၄ တွင် ထင်ဟပ်ဖော်ပြထားပါသည်။ တပ်မတော်၊ ယင်းနှင့် ဆပ်စပ်နေသော တပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ သက်ဆိုင်ပတ်သက်ရာ အင်အားအချိုးအဆနှင့် ပတ်သက်၍မူ၊ စစ်တမ်းကောက် ယူခဲ့သည့် ၇၀% ကျော် ကျေးရွာအုပ်စုများတွင် မများလှုပ်သော်မှ၊ ဆတူမျှ ဖြစ်မည်ဟု ၂၀၁၄ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် ခန့် မှန်းထားကြပါသည်။ တပ်မတော် တပ်ဖွဲ့များ တိုး၍နေရာချထားခြင်းကို နယ်စပ်ဖြတ်ကျော် စီးပွားရေးဆောင်ရွက်မှုစကြံန် များဖြစ်သည့်၊ ထားဝယ်၊ မြဝတီနှင့် မိုင်းတုံမြို့များတွင် သိသာစွာ တွေ့ရှိရသည်။ သို့သော်လည်း အင်အားဖက်ပြိုင်နေသော နေရာများတွင် တပ်မတော်တပ်ဖွဲ့များ များပြားလာကြောင်းလည်း တွေ့ရှိရသည်။ အထူးသဖြင့် စီးပွားရေးအရ ထင်ရှား အရေးပါမှု မရှိသော ကေအဲန်ယူ ထိန်းချုပ်ထားရာ ဖာပွန်မြို့နယ်တွင် ဖြစ်သည်။

စစ်တပ်အင်အား တိုးချဲ့နေရာယူနေခြင်းကို ဖော်ပြရာတွင် ယခုဖော်ပြမှုသည် လျော့နည်းတွက်ဆမှု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အကြောင်းမှာ တပ်မတော် စစ်စခန်းများက အမြဲတမ်းသဘော ဖြစ်အောင် တည်ဆောက်ပြုပြင်နေမှုများကို ဖယ်ချန်ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။ အလားတူပင် စစ်တပ်လှုပ်ရှားမှုများ လျော့နည်းသွားခြင်းသည်လည်း၊ တပ်အင်အား လျော့ချခြင်းနှင့် တန်းတူထားတွက်၍ မရနိုင်ပါ။ သို့သော်လည်း၊ တရားဝင် စစ်တပ်၏ သတင်းအချက်အလက်များ မရရှိသောကြောင့် ယခုထင်မြင်ယူဆချက်များကို အတည်ပြုစစ်ဆေးရန် မဖြစ်နိုင်ပါ။

ပုံ- ၄။ ပဏာမ အပစ်ရပ်သဘောတူညီမှုများ ရရှိချိန်မှစ၍ တပ်များ အင်အား ပြောင်းလဲမှု (ထင်မြင်ယူဆချက်)





မည်သို့ပင်ဖြစ်စေ၊ အသွင်အမျိုးမျိုးဖြင့် စစ်တပ်အင်အား တိုးချဲ့ချထားနေမှု သတင်းများဆက်လက် ရရှိနေသည့် အတွက် ကြောင့်၊ ယေဘုယျ အလားအလာများကို အတည်ပြုနိုင်ပါသည်။ ဥပမာအားဖြင့်၊ ဖရူဆိုမြို့တွင် ၂၀၁၃ ခုနှစ်တွင် စစ်သင်တန်းကျောင်း ဆောက်လုပ်ရန်ဟုဆိုကာ တပ်မတော်က ဧက ၄၀၀ မျှရှိသော စိုက်ပျိုးမြေများကို သိမ်းဆည်းခဲ့ပါသည်။ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများက အကြိမ်ကြိမ် တောင်းဆိုခဲ့ကြသော်လည်း၊ လျစ်လျူရှုထားဆဲ ဖြစ်ပါသည်။ အနီးရှိမြို့နယ်များမှ ခန့်မှန်း တပ်သားသစ် ၂,၀၀၀ ကို စုဆောင်းခဲ့ပြီး၊ ယခုအခါ သင်တန်းကိစ္စများအတွက် ဆောင်ရွက်လျက် ရှိသည်။ ၂၀၁၄ ခုနှစ်၊ မေလတွင် မြေပိုင်ရှင် ကျေးရွာလူထုများက သူတို့လယ်များသိမ်းယူခြင်းကို ငြိမ်းချမ်းစွာ ဆန္ဒပြသည့်အနေဖြင့်၊ ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ပြီးနောက် နိုင်ငံတော်ပိုင်မြေများကို ပိုင်နက်ကျူးလွန်မှုဖြင့် ကျေးရွာလူထု ၁၉၀ ကို တရားစွဲဆိုထားပါသည်။[10]

အုပ်ချုပ်ရေး အာဏာပိုင်မှု အပိုင်းနှင့် ပတ်သက်၍မူ၊ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာအုပ်စုများ၏ ၅၉% တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ပုံမှန်အားဖြင့်၊ အခွန်ကောက်ယူဆဲ၊ စာနပ်ရိက္ခာ ထောက်ပံ့မှုများ စုဆောင်းနေဆဲ ဖြစ်ပါသည်။ နှိုင်းယှဉ်ချက်အရ အစိုးရနှင့် ဆက်စပ်နေသည့် လက်နက်ကိုင်တပ်များက ၂၃% သော ကျေးရွာအုပ်စုများတွင် အလားတူ ဆောင်ရွက်နေပါသည်။ ဤအချက်က ဖော်ပြနေသည်မှာ ခရီးသွားလာခွင့် ကန့်သတ်ချက်များကို လျော့ချခွင့်ပြုပေးလာချိန်မှစ၍၊ ကျေးရွာလူထုများအနေဖြင့် အင်အားဖက်ပြိုင် နေသော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏

10 http://landislife.org/news/2014/7/10/statement-by-political-and-community-based-organizations-in-kayah-state-condemning-the-planned-trespassing-charges-against-190-villagers-of-hso-lyah-ku-village-in-pruso-township-of-kayah-state

အမျိုးစုံသော တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းနေရသည့် ဝန်ထုပ်ဝန် ပိုးကို မီးမောင်းထိုး ပြသနေပါသည်။ သို့သော် ယခု စစ်တမ်းကောက်ယူမှုတွင် အခွန်ကောက်ယူမှု၏ သက်ဆိုင်ရာ တန်ဖိုး၊ သို့မဟုတ် အပြန်အလှန်အားဖြင့် ကောက်ယူသည့် အခွန်အပေါ် မည်သို့ဝန်ဆောင်မှုများ ပြန်လည်ပေးဆောင်သည်အထိ မေးမြန်းကောက်ယူခဲ့မှု မရှိပါ။

ပုံ- ၅။ စစ်တပ်နှင့် အုပ်ချုပ်ရေး အာဏာပိုင်များ (သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် အတူ)




သီးခြားလွတ်လပ်သည့် သုတေသနပြုချက်များအရ အစိုးရ၏ အခွန်ကောက်ခံမှုနှင့် ပြည်သူ့ဘဏ္ဍာငွေများကို ခွဲဝေသုံးစွဲမှုမှာ ဗဟိုမှ အလွန်အကျူးချုပ်ကိုင်နေဆဲ ဖြစ်ကြောင်း နိဂုံးချုပ်ထားကြပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများထံသို့ ဘဏ္ဍာရေးဆိုင်ရာ အာဏာများ ခွဲဝေပေးခြင်း၌ အကန့်အသတ်နှင့်သာ ခွင့်ပြုချပေးထားသည်ဟု ဖော်ပြပါသည်။[11] တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် အစီရင်ခံမှု ကဒ်ပြားတွင်မူ ပို၍ ရောထွေးဖော်ပြမှုများ ရှိပါသည်။ အဖွဲ့ အများအပြားက ဩဇာသက်ရောက်မှုနှင့် တရားဝင်မှု အကန့်အသတ်ရှိနေသည့် အခြေအနေအောက်မှာပင်၊ အကျယ်အပြန့်သော လုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားရေးနှင့် လူမှုရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေကြပါသည်။

## ၂။ ၂။ သယံဇာတ ထုတ်လုပ်ခြင်းနှင့် အခြေခံ အဆောက်အဦးများ ဆောက်လုပ်မှု

*"အပစ်အခတ် ရပ်စဲရေးပြီးနောက်မှာ ဒီနားမှာ တိုက်ပွဲဖြစ်တာ လုံးဝ မရှိတော့ဘူး။ ဒါပေမယ့် စီးပွားရေးသမားတွေက ကျွန်တော်တို့နေရာကို လာကြပြီးတော့၊ ကျွန်တော်တို့မြေတွေကို သစ်ထုတ်ဖို့၊ မိုင်းတူးဖို့ လာလုယူကြတယ်။ ကျွန်တော်တို့ စိုက်ပျိုးမြေတွေ၊ ရေတွေ ပျက်စီးကုန်မှာကို စိုးရိမ်မိပါတယ်။"*

ကရင် အမျိုးသားတစ်ဦး၊ ထားဝယ်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ CIDKP နှင့် KHRG တွေ့ဆုံမေးမြန်းမှု

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တိုက်ပွဲများ လျော့နည်း ကျဆင်းသွားသောကြောင့်၊ သဘာဝ သယံဇာတ ထုတ်လုပ်ရေး လုပ်ငန်းများအတွက်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်လာပါသည်။ သို့သော်လည်း အရပ်ဖက် လူမှုအဖွဲ့အစည်းများက တောင်းဆိုကြရာတွင်၊ အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများကို ယာယီအားဖြင့် ဆိုင်းငံ့ထားရန်၊ သို့မှသာ ဖြစ်လာနိုင်ခြေရှိသော လူမှုရေး ပဋိပက္ခပြဿနာများနှင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးရမှုများကို လျော့နည်း စေနိုင်မည်ဟုဆိုကြပါသည်။[12]

စစ်တမ်းကောက်ယူမှု တွေ့ရှိချက်များက ဖော်ပြရာတွင်၊ ရေရှည် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကြောင့် ဖွံ့ဖြိုးမှု နှေးကွေးဆုတ်ယုတ် နေသည်ကို တွေ့ရှိရပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ၄၂% သော ကျေးရွာအုပ်စုများတွင် လက်ရှိအခြေခံ အဆောက်အဦး စီမံကိန်းများကို မတွေ့ရှိရပါ။ ၃၆% သော ကျေးရွာအုပ်စုများတွင်သာ လမ်းဖောက်လုပ်ရေးကိစ္စများကြောင့် သွားလာနိုင်ကြပြီဟု ဆိုသည်။

11 Centre for Economic and Social Development and The Asia Foundation, 2013 "State and Region Governments in Myanmar", http://asiafoundation.org/publications/pdf/1249 (စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အဖွဲ့ နှင့် အာရှ ဖောင်ဒေးရှင်း၊ "မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ")

12 Karen Peace Support Network, September 2014, "Critique of Japan International Cooperation Agency's Blueprint for Development in Southeastern Burma/Myanmar" (ကရင်ငြိမ်းချမ်းရေး ပံ့ပိုးကူညီရေး ကွန်ရက်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ဂျပန် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ၏ ဖွံ့ဖြိုးရေး မဟာအစီအစဉ်မူကြမ်းကို ဝေဖန်ကန့်ကွက်ခြင်း)


သို့သော်၊ အပစ်အခတ်ရပ်စဲရေး ဒေသများတွင် စီးပွားရေး အခွင့်အလမ်းများကို အသုံးချရယူရန် လာရောက်ကြသော အမြန်နှုန်းမှာ သိသာထင်ရှားစွာ တွေ့ရှိရပါသည်။ ပြီးခဲ့သည့် ၃-နှစ်တာ ကာလတွင်၊ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာ အုပ်စုများ၏ ၅၅%တွင် အသစ်သော ရင်းနှီးမြှုပ်နှံမှု ၁၅၅ စီမံကိန်းကို တွေ့ရှိကြရပါသည်။ အများအားဖြင့် လမ်း ဖောက်လုပ်ရေး စီမံကိန်းများက သိသာထင်ရှားပြီး၊ သတ္တု တူးဖော် ရေးလုပ်ငန်း (၁၀%)၊ သစ်ထုတ်လုပ်ရေး (၉%)၊ စီးပွား ဖြစ်စိုက်ပျိုးရေး (၅%) နှင့် စက်မှုဇုန် (၅%) စီမံကိန်း များကို ယင်းကာလအတွင်း အဆိုပြုထားခဲ့ကြသည်၊ သို့မဟုတ် အတည်ပြုခဲ့ကြသည်ကို တွေ့ရှိရသည်။

ဤသို့သော စီးပွားရေးအခွင့်အလမ်း အသစ်များကို ပြိုင်ဆိုင် ကြိုးပမ်းမှုများကြောင့် လက်နက်ကိုင်အဖွဲ့များ အချင်းချင်း ကြား တင်းမာမှုများ မြင့်တက်လာစေပါသည်။ ဖြစ်ရပ် တစ်ခု တွင်၊ အစိုးရက ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီတစ်ခုကို မိုင်းပန်တွင် ရွှေတွင်းတူးခွင့် လုပ်ပိုင်ခွင့် ချပေးခဲ့ပါသည်။ သို့သော် သျှမ်းပြည် တပ်မတော် (တောင်ပိုင်း) (SSA-S)က၊ သံလွင်မြစ်နှင့် နီးစပ်သည့် ဤနေရာတွင် သူတို့ အာဏာပိုင် သည်ဟု ဆိုပါသည်။ (SSA-S) အဖွဲ့၏ ကန့်ကွက်မှုများကို လျစ်လျူပြု လုပ်ဆောင်ခဲ့ပြီးနောက်၊ လက်နက် ကိုင်တိုက်ပွဲ များ ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ဖြစ်ပွားလာခဲ့ပါသည်။

ဤစစ်တမ်းကောက်ယူမှု၏ လေ့လာတွေ့ရှိချက်အရ စစ်တပ် အင်အားတိုးချဲ့ချထားခြင်း၊ သယံဇာတ ထုတ်လုပ်မှုများနှင့် အခြေခံ အဆောက်အဦ ဆောက်လုပ်ရေး လုပ်ငန်းများ အကြား ဆက်နွယ်မှုရှိကြောင်း ဖော်ပြနေပါသည်။ ၈၀% သော လက်ရှိတည်ရှိနေသည့် စီမံချက်များမှာ အနည်းဆုံး လက်နက်ကိုင်အုပ်စု တစ်ခုရှိနေသည့် ကျေးရွာအုပ်စု အတွင်း တည်ရှိနေကြပါသည်။ ၆၁% မှာ တပ်မတော်နှင့် ဆက်စပ်ပတ်သက်နေသည့် တပ်ဖွဲ့များနှင့် နီးကပ်စွာ ရှိနေ ကြပါသည်။ သို့သော် သစ်ထုတ်လုပ်ရေး လုပ်ငန်းများမှာ တပ်မတော် တပ်စခန်းများထက်စာလျှင်၊ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ၏ စခန်းနှင့် ပို၍နီးကပ်စွာ တည်ရှိ နေတတ်ကြ ပါသည်။

အင်အားဖက်ပြိုင်နေကြသော ဒေသများတွင် ကုမ္ပဏီများ အနေ ဖြင့် ပဋိပက္ခအတွင်းရှိ အဖွဲ့အစည်းအားလုံးသို့ လုပ်ပိုင်ခွင့် ရရှိရေးအတွက် ညှိနှိုင်းရမည် ဖြစ်သော်လည်း၊ အကယ်၍ စီမံချက် စတင်ပြီဆိုလျှင် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များမှာ ယင်းကိစ္စအပေါ် တားဆီးဟန့်တားထားရန် ခက်ခဲပါသည်။ ထားဝယ်မြို့နယ်၊ တနင်္သာရီမြစ်ပေါ်ရှိ ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းတစ်ခုမှာ ဖြစ်ရပ်

ပုံ-၆။ သယံဇာတ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ



လေ့လာမှုအတွက် လေ့လာသင်ခန်းစာယူဖွယ်ကောင်းပါသည်။ ဒုက္ခသည်များ ပြန်လည်အခြေချရန် စီစဉ်ထားသည့် နေရာ၌၊ စည်းမျဉ်းများ လိုက်နာမှုမရှိဘဲ လုပ်ဆောင်နေ၍ ကျေးရွာလူထုများက ကန့်ကွက်သည့်အခါ၊ ကေအဲန်ယူက လုပ်ပိုင်ခွင့်ကို ပြန်လည် ရုပ်သိမ်းခဲ့ပါသည်။ သို့သော် ကုမ္ပဏီက လုပ်ပိုင်ခွင့်ကို အစိုးရနှင့်ဆွေးနွေး၍ သက်တမ်းတိုးချဲ့ခဲ့ပြီး၊ ယင်းကို လုံခြုံမှု ပေးနိုင်ရန် တပ်မတော်က အင်အားတိုးချဲ့ချထား၍ လုံခြုံရေး ပေးခဲ့ပါသည်။ ဤသို့သော စိုးရိမ်ပူပန်မှုများသည် ထားဝယ်အထူးစီးပွားရေးဇုန် အစောပိုင်းကာလနှင့် နယ်စပ်ဖြတ်ကျော် စကြံနိလမ်းမကြီးများ ဆောက်လုပ်ရေးစသည့် အထွေထွေ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများအပေါ်တွင်လည်း ထင်ဟပ်ဖော်ပြနေ ကြပါသည်။ ဒေသခံများနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ခြင်း မရှိကြသကဲ့သို့၊ လျော်ကြေးငွေပေးခြင်းများလည်း မရှိကြပါ။[13]

စစ်အင်အားအခြေပြုသော ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဒေသခံပြည်သူများမှာ ဆယ်စုနှစ်ပေါင်းများစွာ မျှတသည့် ဝေစုအကျိုးခံစားခွင့်ကို မရရှိသော်လည်း၊ သဘာဝသယံဇာတ ထုတ်လုပ်မှုများ၏ ဆိုးကျိုးကို ခံစားကြရပါသည်။ သာဓကဆိုရလျှင်၊ လောပိတ ရေအားလျှပ်စစ်စီမံကိန်းကို ၁၉၆၀ ခုတွင် တည်ထောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် ဒုတိယမြောက် လျှပ်စစ်ထုတ်လုပ်ရေးစက် တပ်ဆင်ပြီးစီးခဲ့ပြီး၊ ယခုအခါ တတိယမြောက်စက်ကို တည်ဆောက် တပ်ဆင်နေပါသည်။ မြန်မာနိုင်ငံ ပြည်တွင်းတွင် အသုံးပြုသည့်လျှပ်စစ် စွမ်းအင်၏ ၂၀% ကို ထုတ်လုပ်ပေးနေသော်လည်း၊ ကယားပြည်နယ်တွင် လျှပ်စစ်ခံစားခွင့်မှာ စိုးစဉ်းမျှသာ ရှိပါသည်။[14] ထို့အပြင်၊ လျှပ်စစ်ဓာတ်ကြိုးတိုင်များကို ဖျက်ဆီးမှုများကာကွယ်ရန် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကြောင့်၊ ဒေသခံလူထုများ၏ သက်မွေးဝမ်းကျောင်း စိုက်ပျိုးရေးလုပ်ငန်းများအပေါ် တိုက်ရိုက်ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

မကြာသေးမီက၊ ရွှေကျင်မြို့နယ်၌ ၂၀၁၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည့် ကျောက်နဂါးဆည်ကြောင့် လူပေါင်းထောင်နှင့်ချီ၍ အိုးအိမ်အခြေပျက်ရကာ၊ စိုက်ပျိုးမြေဧက ထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရပါသည်။ ဒေသခံလူထုများ သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပျက်စီးဆုံးရှုံးရမှုအပေါ် လျော်ကြေးငွေ ပေးဆောင်ခြင်းများ အလျဉ်းမရှိဘဲ၊ အနီးဝန်းကျင်ဒေသတွင်လည်း ဒေသခံလူထုများမှာ သစ်ထုတ်လုပ် ခြင်း၊ သတ္တုမိုင်း တူးဖော်ခြင်း လုပ်ငန်းများတွင်လည်း တိုး၍ ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ အလားတူပင် ဖားဆောင်းမြို့နယ်တွင်၊ ၂၀၁၃ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ သစ်ထုတ်လုပ်ငန်းများနှင့် သတ္တုမိုင်းများ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ သံဖြူ (Tin)၊ အဖြိုက်နက် (tungsten)၊ ခနောက်စိမ်း (antimony) နှင့် ရွှေတူးဖော်နေကြပြီး၊ မော်ချီးသတ္တုတွင်း ဒေသတစ်ခုတည်းမှပင် အနီးတဝိုက် ဧက ၂၀,၀၀၀ ခန့်မှ သစ်များ ထုတ်ယူရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။

## ၂။ ၃။ ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးရမှု

*"ဆည်တည်ဆောက်လို့ ရေလွှမ်းသွားတဲ့ မြေတွေကို လျော်ကြေး ပြန်ပေးမယ်လို့ အစိုးရက ပြောတယ်။ ဒါပေမယ့် လျော်ကြေးကို တစ်ခါမှ မတွေ့ရသေးဘူး။"*

ကရင်အမျိုးသမီး တစ်ဦး၊ သံတောင်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KORD နှင့် KESAN တွေ့ဆုံမေးမြန်းမှု

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသသို့ မကြာသေးမီနှစ်များတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပိုမိုတိုး၍ ရောက်ရှိလာနိုင် သော်လည်း၊ နိုင်ငံတကာ မိသားစုမှာ ပြည်တွင်းဒုက္ခသည်များထံသို့ ကူညီဖြန့်ဝေနိုင်မှုနှင့် လုပ်ဆောင်နိုင်မှု အတိုင်းအဆ၌ နယ်စပ်အခြေစိုက် အဖွဲ့အစည်း အေဂျင်စီများအပေါ် အများအားဖြင့် မှီခိုနေကြရဆဲ ဖြစ်ပါသည်။ ယေဘုယျ လက်ခံထားကြသည့် ပြည်တွင်းဒုက္ခသည် (IDPs) အရေအတွက်မှာ ၄၀၀,၀၀၀ မျှ ရှိပါသည်။ ယင်းကိန်းဂဏန်း မှာ ၂၀၁၂ ခုနှစ်တွင် အဓိကကျသည့် သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းရာမှ စုဆောင်းရရှိခြင်း ဖြစ်ပါသည်။[15]

ဤခန့်မှန်းမှုမှာ နိုင်ငံတကာစံနှုန်းများအရ ပြည်တွင်းဒုက္ခသည် (IDPs) ဟု ဆုံးဖြတ်သတ်မှတ်နိုင်မှုအပေါ် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ယင်းအရ လက်နက်ကိုင်တိုက်ပွဲများကြောင့်သော်လည်းကောင်း၊ ယေဘုယျ အကြမ်းဖက်

13 The Irrawaddy, 9 October 2014, "NGOs urge Burma, Thailand to resolve Dawei SEZ land rights complaints" http://www.irrawaddy.org/burma/ngos-urge-burma-thailand-resolve-dawei-sez-land-rights-complaints.html (ဧရာဝတီဂျာနယ်၊ ထားဝယ် အထူးစီးပွားဇုန်ရှိ မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများကို မြန်မာနှင့် ထိုင်းတို့က ဖြေရှင်းပေးရန် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက တိုက်တွန်းခြင်း)

14 UNHCR, June 2014, Kayah State Profile, page 5 (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကယားပြည်နယ် အကြောင်းအချက်များ)


15 TBC, 2012, "Changing Realities, Poverty and Displacement in South East Burma/Myanmar", p16-18 (TBC အဖွဲ့၊ မြန်မာနိုင်ငံ အရှေ့ တောင်းပိုင်းဒေသတွင် ပြောင်းလဲနေသော အခြေအနေမှန်များ၊ ဆင်းရဲမွဲတေမှု နှင့် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှု)

မှုများကြောင့်သော်လည်းကောင်း၊ အကြီးစား ဖွံ့ဖြိုးရေး စီမံချက်များကြောင့်သော်လည်းကောင်း၊ သဘာဝဘေး အန္တရာယ်များ ကြောင့်သော်လည်းကောင်း၊ သူတို့၏ အိမ်နေရာများမှ အတင်းအကျပ် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရသူများကို သတ်မှတ်ခြင်း ဖြစ်ပါသည်။[16] နိုင်ငံတကာစံနှုန်းများအရ အိုးအိမ် အခြေပျက် ရွှေ့ပြောင်းရသည့် ကာလကို အခြေခံ၍ ဆုံးဖြတ်စည်းမျဉ်း သတ်မှတ်ခြင်း မဟုတ်ပါ။ ယင်းအစား ပြည်သူများအနေဖြင့် အခြားနည်းဖြင့် တိကျသည့် အထောက်အပံ့များ မရရှိသည့်အခါ၊ သို့မဟုတ် ယခင်အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှုနှင့် ဆက်နွယ်သည့် လိုအပ်သော ကာကွယ်ပေးမှုများအတွက် အဖြေတစ်ခုအဖြစ်သာ အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။[17]

အစီအစဉ်များ ရေးဆွဲနိုင်မှုအတွက် ပို၍တိကျသည့်၊ ပို၍ လမ်းညွှန်မှုပေးနိုင်သည့် ဒေတာအချက်အလက်များ တောင်းခံနေမှုကို တုံ့ပြန်သောအားဖြင့်၊ ပြည်တွင်း ဒုက္ခသည် (IDPs) အရေအတွက် စိစစ်သည့် ယခုစစ်တမ်းကောက်ယူမှုတစ်ရပ်ကို ၂၃ မြို့နယ်ရှိ၊ ကျေးရွာအုပ်စု ၂၂၂ ခုတွင် ဆောင်ရွက်ခဲ့ပါသည်။ ယခင်ကျေးရွာများ၊ သို့မဟုတ် အခြားနေရာ တစ်ခုခုတွင် ပြန်လည် အခြေချနိုင်ခြင်းမရှိသူ ပြည်တွင်း ဒုက္ခသည် ၁၁၀,၀၀၀ ဦးကို ကျေးရွာအုပ်စု ၁၈၀ တွင် ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပါသည်။ ယင်းမှာ စစ်တမ်းကောက်ယူခဲ့ သည့် ဧရိယာများ၏ ၂၀% ခန့်ကို ထင်ဟပ်ကိုယ်စားပြုနေပါသည်။

ဤပြည်တွင်းဒုက္ခသည် လူဦးရေ ခန့်မှန်းမှုမှာ၊ TBC အဖွဲ့၏ ပို၍ကျယ်ပြန့်သော နေရာများတွင်၊ ပို၍များပြားသော လူထုများနှင့်ယခင်အကဲဖြတ်မှုများဆောင်ရွက်ခဲ့သည့်အပေါ် ကိုက်ညီပါသည်။ ယခင်ဆောင်ရွက်ခဲ့သည့် စစ်တမ်းကောက်ယူမှုများ အရ ၃၆ မြို့နယ်တွင် ပြည်တွင်းဒုက္ခသည် လူဦးရေ ၄၀၀,၀၀၀ ခန့်မှန်းထားရာ၊ ယခုအကြိမ်တွင် ၂၃ မြို့နယ်၌ ၁၁၁,၆၁၀ ဦးကို တွေ့ရှိရပါသည်။ မြို့နယ် ၂၃ ခုတွင် ကျေးရွာ အုပ်စုပေါင်း ၆၆၅ ခုရှိသော်လည်း၊ ၂၀၁၄ ခုနှစ် စစ်တမ်းကောက်ယူမှုတွင် ကျေးရွာအုပ်စု ၂၂၂ ခု (၃၃%) ၌သာ ဆောင်ရွက်စုဆောင်းနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ပို၍ တိကျသော သုတေသန နည်းနာကို အသုံးပြုနိုင်ခဲ့သည်၊ ၂၀၁၂ ခုနှစ်ကမူ ပို၍ကျယ်ပြန့်သော ခန့်မှန်းမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယခု စစ်တမ်းကောက်ယူမှုမှနေ၍ ပြည်တွင်းဒုက္ခသည် (IDPs) သိသိသာသာ ကျဆင်းလျော့နည်းသွားသည်ဟု ဆင်ခြင် ထုတ်ယူ၍ မဖြစ်နိုင်ပါ။

ပုံ- ၇။ ပြည်တွင်းဒုက္ခသည်များ




16 UN Guiding Principles on Internal Displacement, 1998 (ပြည်တွင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂ၏ လမ်းညွှန် အခြေခံမူများ)

17 UN Inter Agency Standing Committee, 2010, Framework for Durable Solutions for Internally Displaced Persons (ကုလသမဂ္ဂ အဖွဲ့အစည်းများအတွင်း အမြဲတမ်း ကော်မတီ၊ ပြည်တွင်းဒုက္ခသည်များအတွက် ရေရှည်အဖြေများဆိုင်ရာ အခြေခံမူဘောင်)

သိသာထင်ရှားသည့် ပြည်တွင်းဒုက္ခသည် အများစုကို ကရင်ပြည်နယ်ရှိ ဖာပွန်၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီးမြို့နယ်များနှင့် ရှမ်းပြည်နယ်ရှိ လဲချားမြို့နယ်တို့တွင် တွေ့ရှိရပါသည်။ ဤမြို့နယ်များတွင် ပြည်တွင်းဒုက္ခသည် အများစုတွေ့ရှိရကြောင်း တစ်စိုက်မတ်မတ် ဖော်ပြနေသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ရှိနေခဲ့ပြီဖြစ်သည်။

တုံ့ပြန်ဖြေကြားသူများက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်း ၁၃ မြို့နယ်၌ ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သဘာဝ ကပ်ဘေးများကြောင့် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရသူ ၄,၂၀၀ ဦးရှိကြောင်း ဖော်ပြခဲ့ကြပါသည်။ ဤသို့ အိုးအိမ်အခြေပျက်မှု အသစ်များ၏ တစ်ဝက်ကျော်မှာ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရေလွှမ်းမိုးမှုနှင့် သက်ဆိုင်ပါသည်။ လက်နက်ကိုင်တိုက်ပွဲများနှင့်ပတ်သက်၍ အများဆုံးဖြစ်သော မကြာသေးမီက အိုးအိမ်အခြေပျက်မှုများကို လဲချားမြို့နယ်တွင် မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ တပ်မတော်နှင့် သက်ဆိုင်ပတ်သက်သည့် တပ်ဖွဲ့များ၏ နှိပ်စက်ညှဉ်းပန်းမှု၊ ငွေကောက်ခံခြင်းများကြောင့် လူထု ၆၀၀ ဦးခန့် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြ ရပါသည်။ ဤသို့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျေးသီးမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက SSA (မြောက်ပိုင်း) တပ်ဖွဲ့အပေါ် ထိုးစစ်ဆင်ရာ၌၊ SSA-N တပ်ဖွဲ့များကို ကင်းလှည့်ရှာဖွေရင်း ကျူးလွန်ခဲ့ကြခြင်း ဖြစ်ပါသည်။


## ၂.၄။ အိမ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး

*"ကျွန်မတို့ ပြေးလွှားနေရတာ၊ သူများနိုင်ငံမှာ နေရတာတွေ ပင်ပန်းလွန်းနေပါပြီ။ အဲဒါကြောင့်ပဲ ကျွန်မတို့ရွာကို အခု ပြန်လာတာ။ ဒါပေမယ့် အစိုးရအာဏာပိုင်တွေက လာပြီး ပြဿနာ ထပ်လုပ်ရင်တော့ ကျွန်မတို့ညီညွတ်ပြီး ပြန်ခုခံရမှာပဲ။"*

ကရင်အမျိုးသမီး တစ်ဦး၊ မြဝတီမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်။ CIDKP နှင့် KHRG တွေ့ဆုံမေးမြန်းမှု။

TBC အဖွဲ့၏ ဒုက္ခသည်စခန်းများအတွင်း လူဦးရေ စောင့်ကြည့်လေ့လာရေး စနစ်အရ ၂၀၁၃ ခုနှစ်အတွင်း လူဦးရေ ၄,၃၈၉ ဦးမှာ မြန်မာနိုင်ငံသို့ ပြန်သွားကြပြီး၊ ၂၀၁၄ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင် နောက်ထပ် ၂၄၅ ဦး ပြန်သွားကြပါသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က သီးခြားအတည်ပြုရာ၌၊ ဒုက္ခသည် ၄၉၂ ဦးနှင့် ပြည်တွင်းဒုက္ခသည် (IDPs) ၄,၃၈၉ ဦးသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

ပုံ-၈။ အိမ်ပြန်ခြင်းနှင့် ပြန်လည်အခြေချခြင်း (ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄)



တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ အတွင်း အိမ်ပြန်သွားကြသည်၊ သို့မဟုတ် ကျေးရွာ ၆၆ ခုတွင် ပြန်လည်အခြေချခဲ့သည်ဟု အတည်ပြု ဖော်ပြပါသည်။[18] မည်သည့် လုပ်ငန်းစဉ်ကမှ အိမ်ပြန်သွားသူဦးရေကို အတိအကျ ဖော်ပြနိုင်ခြင်း မရှိပါ။ သို့သော် အနည်းအကျဉ်းမျှသာ ရှိသေးသည့် သဘောသဘာဝနှင့် လက်ရှိကာလအထိ အိမ်ပြန်သွားမှု အလားအလာကို ဖော်ပြနိုင်ခြင်းမျှသာ ဖြစ်ပါသည်။

ယခုစစ်တမ်းကောက်ယူမှုက ယခင်ထွက်ပြေး ရွှေ့ပြောင်းနေသော ပြည်တွင်းဒုက္ခသည် ၉,၉၁၈ ဦးသည် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း အိမ်သို့ပြန်ခဲ့သည်၊ သို့မဟုတ် ကျေးရွာ ၁၀၆ ရွာရှိ လူမှုအသိုက်အဝန်းများ အတွင်းသို့ ပြန်လည်အခြေချခဲ့ကြသည်ဟု သတ်မှတ်ဖော်ထုတ်နိုင်ပါသည်။ လူပေါင်း ၆,၀၀၀ ကျော်မှာ ကြာအင်းဆိပ်ကြီး၊ တနင်္သာရီ သို့မဟုတ် မြဝတီမြို့နယ်များတွင် အိုးအိမ်အခြေပျက်မှုအတွက် အဖြေများ ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ မြို့နယ် တစ်ခုချင်းစီတွင် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရခြင်းများသည် ရေလွှမ်းမိုးခြင်း၊ ရေရှည်ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် ရွေးကောက်ပွဲပြီးနောက်ပိုင်း ဖြစ်ပွားသော အကြမ်းဖက်မှုများနှင့် အသီးသီး သက်ဆိုင်ပတ်သက်နေကြပါသည်။

အိမ်ပြန်ကြသူများ၏ ခန့်မှန်းတစ်ဝက်ခန့်မှာ အစိုးရစစ်တပ်နှင့် ဆက်စပ်ပတ်သက်နေသော တပ်ဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ စသည့် စစ်တပ်စခန်း နှစ်ခုလုံး ရှိနေသော ကျေးရွာအုပ်စုများတွင် ပြန်လည်အခြေချကြသည်။ နှိုင်းယှဉ်ချက်အရ ၂၄% သော အိမ်ပြန်သူများမှာ စစ်တပ်စခန်းများ မည်သည့်တပ်ဖွဲ့မျှ ရှိမနေသော ကျေးရွာအုပ်စုများသို့ ပြန်၍ အခြေချကြပါသည်။ ဤအချက်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုရှိသည်ဟု အဓိပ္ပါယ် ပြန်ဆိုနိုင်ပါသည်။ သို့မဟုတ် အခြားတစ်နည်းဆိုရသော် အိမ်ပြန်အခြေချနိုင်ဖွယ် ဧရိယာများမှာ စစ်တပ်များ တိုးချဲ့ချထား အခြေစိုက် နေခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ဖြစ်စေ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ရန် အရေးကြီးသကဲ့သို့ သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးများလာစေရန်လည်း လိုအပ်ပါသည်။ ယင်းအချက်မှာ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရခြင်းများ အဆုံးသတ်စေရန် သော့ချက်ဖြစ်ကြောင်း ပြသနေပါသည်။

ဤအချက်မှာ မွန်ပြည်သစ်ပါတီ (NMSP) အပစ်ရပ်စဲရေးနယ်မြေ၊ ရေးနှင့် ရေဖြူမြို့နယ်များရှိ လူမှုအသိုက်အဝန်းများ အတွက်မူ ရွေးချယ်စရာ ခက်ခဲသော အကျပ်အတည်းနှင့် ကြုံတွေ့နေရပါသည်။ အကြောင်းမှာ သူတို့သည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ၁၉၉၅ ခုနှစ်တွင် အတင်းအကျပ် အိမ်ပြန်ခိုင်းခံခဲ့ရသူများ ဖြစ်သောကြောင့် ဖြစ်ပါသည်။ မွန်ဒုက္ခ သည်များ ပြန်လည်အခြေချရန် သတ်မှတ်ပေးသည့် နေရာများမှာ လုံခြုံရေးအရ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အမည်ခံမျှသာ ကာကွယ်မှုပေးနိုင်ပြီး၊ ဝေးလံသည့် တောင်ပေါ်ဒေသဖြစ်သောကြောင့် မြေပြန့်လွင်ပြင် တွင် လယ်စိုက်ပျိုးကြသူများအတွက် သက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ နည်းပါးလွန်းလှပါသည်။ ပြီးခဲ့သည့်နှစ်များ အတွင်း ဒေသတွင် ပြန်လည်အခြေချရန်၊ သို့မဟုတ် အိမ်ပြန်ရန်လည်း အခက်အခဲ ရှိနေပါသည်။ အကြောင်းမှာ ရေး-ထားဝယ်ကားလမ်း၏ အရှေ့ခြမ်း သစ်တောများဧကေ ထောင်ပေါင်းများစွာကို ဆီအုန်းနှင့် ရော်ဘာခြံများ စိုက်ပျိုးရန် သိမ်းယူခဲ့သောကြောင့် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်မှစတင်၍ လူမှုရေးဝန်ဆောင်မှုများ၊ နိုင်ငံရပ်ခြား အကူအညီ လက်ခံရရှိမှုများ တိုးတက်များပြားလာသော် လည်း၊ မွန်ဒုက္ခသည်များ ပြန်လည်အခြေချရာ စခန်းသည် ယခင်ကတည်းက ဝေးလံချောင်ကျပြီး၊ ပြန်လည်ပေါင်းစည်း နိုင်ရေးအတွက် အခွင့်အလမ်း နည်းပါးသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ပြန်လည်အခြေချကျေးရွာ နေရာ အများအပြားတွင် ဆောင်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း မွန်ဒုက္ခသည်များ၏ အတွေ့အကြုံအရ အိမ်ပြန်ကြသော်လည်း၊ နောက်ဆုံး ပြည်တွင်းဒုက္ခသည်အဖြစ် ကျန်ရစ်နေရသည်များ ထပ်၍ဖြစ်ပွား နိုင်ပါသေးသည်။

18 UNHCR, September 2014, :Return Monitoring Update",  pages 4-5 (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ အိမ်ပြန်ရေး အခြေအနေ စောင့်ကြည့်လေ့လာမှု နောက်ဆုံးအခြေအနေ၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလ)

အခန်း ၃။

# လူ့အခွင့်အရေး ချိုးဖောက်မှု အသွင်များ








၁။ သိမ်းဆည်းခံရသည့် မြေကွက်ပေါ် နယ်ခြားစောင့်တပ်၏ လက်ဘက်ခြံ၊ ဖားအံမြို့၊ ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်၊ (KORD)
၂။ သစ်သယ်ယူပို့ဆောင်သည့်ကားများ၊ မိုင်းပိုင်းမြို့၊ ၂၀၁၂ ခုနှစ်
၃။ သတ္တုတူးဖေါ်ရေးလုပ်ငန်း အလုပ်သမားများ၊ ဖာဆောင်းမြို့၊ ဇွန်လ ၂၀၁၄ ခုနှစ်၊ (KSWDC)


## ၃။ ၁။ လူမှုရေး ပဋိပက္ခများ

*"လူငယ်တွေအကြားမှာ မူးယစ်ဆေးသုံးစွဲမှု တိုးလာတာကို ကျွန်တော်တို့ စိုးရိမ်နေကြရတယ်။"*
ကယား အမျိုးသားတစ်ဦး၊ ဒီမောဆိုးမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KSWDC နှင့် KNWO တွေ့ဆုံမေးမြန်းမှု

ပဋိပက္ခစစ်ပွဲများ ထိခိုက်သက်ရောက်ခံစားခဲ့ကြရသော လူမှုအသိုက်အဝန်းများအနေဖြင့်၊ ရေရှည်နှင့် အကျယ်အပြန့် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်ရှင်သန်ရေးအတွက် စွမ်းရည်မှာ၊ လူမှုရေးအရ အစေးကပ် ညီညွတ်မှုနှင့် နီးကပ်စွာ သက်ဆိုင်ပတ်သက်နေပါသည်။ ရပ်ရွာကွန်ရက်များနှင့် ပုံမှန် မဟုတ်သော လူမှုဖူလုံရေး ပိုက်ကွန်များ သည် ပဋိပက္ခစစ်ပွဲများအတွင်းနှင့် ရေရှည် ကြုံတွေ့ခံစားနေရသည့် ဆင်းရဲမွဲတေမှုကို ကြံ့ကြံ့ခံ ရင်ဆိုင်ရပ်တည်နိုင်ရန် အတွက် များစွာအားဖြည့် ကူညီပေးပါသည်။ သို့သော်လည်း ဆက်လက်ဖြစ်ပွားနေသည့် စစ်အင်အား တိုးချဲ့ချထားမှုများနှင့် စနစ်ဖွဲ့စည်းပုံအရ ဖြစ်နေသော အကြမ်းဖက်မှုများသည် ထုံးတမ်းစဉ်လာ ယုံကြည်မှုဆိုင်ရာ ကွန်ရက်များ၏ အားကောင်း ချက်ကို အားနည်းချိနဲ့အောင် ပြုသကဲ့သို့ ဖြစ်နေပါသည်။ မိမိဘာသာ ရှင်သန်ရပ်တည်နိုင်ရေး စီးပွားရေးစနစ်များ ပြိုကျပျက်စီး ခဲ့သည့်အတွက်၊ အတင်းအကျပ် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ထွက်ပြေးကြရသည့်အတွက် လူမှုရေးအရ၊ ကျား-မ ကွဲပြားမှုအရ၊ မျိုးဆက်ချင်းအကြား ပဋိပက္ခများအတွက် ပို၍ဆိုးလာစေအောင် ဖန်တီးသကဲ့သို့ ဖြစ်နေပါသည်။

အရပ်သားများ၏ ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်၍ ယခုစစ်တမ်းကောက်ယူမှု၏ တွေ့ရှိချက်များအရ၊ မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းဒေသရှိ ကျေးလက်နေ လူမှုအသိုက်အဝန်းများသည် မည်သို့မည်ပုံ ရုန်းကန်ရင်ဆိုင်နေရသည်ကို ထင်ဟပ် ဖော်ပြနေပါသည်။ အလားတူ လူမှုအရင်းအနှီး အင်အားကိုလည်း ထင်ဟပ် ဖော်ပြနေပါသည်။ ပြီးခဲ့သည့် ၁၂-လတာ ကာလအတွင်း အကြီးလေးဆုံး ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ဖော်ပြခိုင်းသည့်အခါ၊ ၄၇% သော ကျေးရွာအုပ်စုများ က မည်သည့်အမှုအခင်းမျှ မရှိခဲ့ကြောင်း ဖော်ပြပါသည်။ သို့သော်လည်း ကျန် ၅၃% သော ကျေးရွာအုပ်စုများတွင် ကြီး လေးသော ရာဇဝတ်မှု ၁၆၈ မှု ရှိကြောင်း ဖော်ပြပါသည်။ အိမ်တွင်း အကြမ်းဖက်မှုများနှင့် မြေယာပဋိပက္ခများကို လူမှုရေး ပဋိပက္ခများ၏ အဓိကအကြောင်းချင်းရာများဟု စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၁၈% တွင် အလေးပေး ဖော်ပြ ကြပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများကို မြို့နယ် ၁၅ ခုတွင် ဖော်ပြခဲ့ကြပြီး၊ ကော့ကရိတ်မြို့နယ်တွင် အထူးစိုးရိမ်ဖွယ် အခြေအနေ တွေ့ရပါသည်။

ပုံ- ၉။ ပြီးခဲ့သည့် ၁၂-လအတွင်း အရပ်သားများက ကျူးလွန်ခဲ့ကြသည့် အဓိကရာဇဝတ်မှုများ




၄၈% သော ကျေးရွာအုပ်စုရှိ ဖြေကြားသူများက လူမှု ထုံးတမ်းစဉ်လာများကို ချိုးဖောက်သော ရိုင်းစိုင်းမှုများကို အရေးကြီးသည့် ပြဿနာအဖြစ် မထင်မြင်ကြဘဲ၊ ကျေးရွာအုပ်စု ၃၉% နှင့် ၁၂% တွက်မှု အရက်နှင့် မူးယစ်ဆေးဝါးတို့သည် လူမှုရေး ပဋိပက္ခများကို ပေါ်ပေါက်ဆိုးရွားစေသည်ဟု အသီးသီး ဖြေဆိုကြပါသည်။ အထူးသဖြင့် နယ်စပ်စကြ်န်လမ်းမကြီးများ နှင့် နီးစပ်သည့် ကျေးရွာအုပ်စုများတွင် ဤသို့စိုးရိမ်ပူပန်မှုများကို အထူးသဖြင့် တွေ့ရှိရပါသည်။ ကော့ကရိတ်မြို့တွင် အရက်စွဲမှု ဖြစ်ရပ်အများကို ဖော်ပြကြပြီး၊ မူးယစ်ဆေး ပြဿနာကို ရေးမြို့တွင် အထူးဖော်ပြကြသည်။ သို့သော်လည်း စိတ်ကြွဆေး မီသာအမ်ဖီတမင်း ထုတ်လုပ်၊ ရောင်းချနေခြင်းကို နေရာတိုင်းလိုလိုတွင် တိုးတက်လာနေကြောင်း ဖော်ပြကြသည်။[19] အထူးသဖြင့် နယ်ခြားစောင့်တပ် ထူထောင်မှုနှင့် သက်ဆိုင်နေသည်ကိုလည်း ဖော်ပြကြသည်။ အလားတူပင်၊ ဘိန်းစိုက်ပျိုး မှုများလည်း ကယားပြည်နယ်နှင့် နယ်စပ်၊ ရှမ်းပြည်နယ်တွင် ကျယ်ပြန့်စွာ ကျန်ရှိနေသေးကြောင်း ဖြေဆိုကြသည်။

19 Karen Human Rights Group, May 2014, "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire", p 15. (ကရင်လူ့အခွင့်အရေးအဖွဲ့၊ "အပစ်ရပ်စဲရေးလော- အသွင်ကူးပြောင်းမှုလော၊ ၂၀၁၂ ခုနှစ် အပစ်ရပ် စဲရေး အခြေအနေမှစတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဒေသခံများ၏ တုံ့ပြန်မှု ဖြစ်စဉ်များ")

# ၃။ ၂။ လက်နက်ကိုင်အဖွဲ့များမှ ဘေးကင်းမှုနှင့် လုံခြုံရေးအား ခြိမ်းခြောက်မှု

*"ကျွန်တော် အထူးစိုးရိမ်တာက ကျွန်တော်တို့ရွာက စစ်စခန်းနဲ့ နီးတယ်။ စစ်တပ်နဲ့ နီးလေလေ၊ ပိုစိုးရိမ်ရလေလေပဲ။"*


ကရင်အမျိုးသား တစ်ဦး၊ ဖာပွန်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KORD နှင့် KWO တွေ့ဆုံမေးမြန်းမှု

နိုင်ငံသား အခွင့်အရေးနှင့် လူ့အခွင့်အရေး အကြိမ်ကြိမ် ချိုးဖောက်မှုများကို နိုင်ငံတကာ ကျွမ်းကျင်သူများက ပြုပြင်ပြောင်း လဲရေး လုပ်ငန်းစဉ်များ နောက်ကြောင်းပြန်သွားနိုင်ကြောင်း ကိုးကား၍ သတိပေး ဖော်ပြကြသည်။[20] သို့သော်လည်းမြန်မာ နိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင်၊ လူ့အခွင့်အရေး ကာကွယ်ပေးရန် ကြိုးပမ်းနေကြသူများက ရေရှည်ပဋိပက္ခ စစ်ပွဲများမှ နီးထတိုးတက်လာနေသော ဧရိယာများတွင်၊ ဆက်လက်၍စစ်တပ်အင်အား တိုးချဲ့ချထားနေမှုကို အဓိက စိုးရိမ်ပူပန်မှုအဖြစ် ဖော်ပြကြပါသည်။[21]

ယခုစစ်တမ်းကောက်ယူမှု၏ တွေ့ရှိချက်အရ အရပ်သားပြည်သူများ၏ လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးကို လက်နက်ကိုင် ခြိမ်းခြောက်မှုများ သိသိသာသာနှင့် ကျယ်ပြန့်စွာ ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၂၈% က ဖော်ပြရာတွင်၊ အရပ်သားပြည်သူများ၏ လုံခြုံရေး၊ သို့မဟုတ် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်အပေါ် ခြိမ်းခြောက်မှု ၉၄ ခု ပြီးခဲ့သည့် ၁၂-လအတွင်း ရှိခဲ့သည်ဟု ဖော်ပြပါသည်။ လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲဖော်ပြမှုများ ပြည်နယ်နှင့် တိုင်းဒေသကြီး ၆-ခုရှိ မြို့နယ် ၂၃-ခုတွင် ၁၉ ခု ရှိခဲ့သည်ဟု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

စစ်တပ်အင်အား တိုးချဲ့ချထားမှုနှင့်အတူ တွဲဖက်၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် ငွေညှစ်တောင်းခံခြင်း (၃၁%)၊ မြေမြှုပ်မိုင်းများ ရှိနေမှု (၂၈%) တို့သည် ပုံမှန်ခြိမ်းခြောက်မှုများအဖြစ် ရှိနေကြပါသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းသို့မဟုတ် လူမဆန်သည့် ပြစ်ဒဏ်ပေးမှုများ (၁၄%) နှင့် အရပ်သားများအပေါ် လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်မှု (၉%) တို့သည်လည်း ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို သိသာစွာ ခြိမ်းခြောက် ချိုးဖောက်မှုရှိနေသည်ဟု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ တရားမဝင် သတ်ဖြတ်မှု၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် အဓမ္မ ပျောက်ဆုံးစေမှုများကို လက်နက်ကိုင်တပ်များက ကျူးလွန်ကြ သည်ဟု စွပ်စွဲဖော်ပြကြပါသည်။ ဤတွေ့ရှိချက်များသည် သီးခြားလွတ်လပ်သည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးနေသူများက သတ်မှတ်ဖော်ထုတ်ခဲ့ကြသည့် ဆက်လက်ဖြစ်ပွားနေသော ဖြစ်စဉ်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။[22]

ပုံ- ၁၀။ ဘေးကင်းမှုနှင့် လုံခြုံရေးအား ခြိမ်းခြောက်မှုများ




20 Statement of the Special Rapporteur on the Situation of Human Rights in Myanmar, 26 July 2014, Yangon (မြန်မာနိုင်ငံ လူ့အခွင့် အရေး အခြေအနေနှင့် ပတ်သက်၍ လူ့အခွင့်အရေး သတင်းပေးပို့သူ အထူးသံတမာန်၏ ထုတ်ပြန်ချက်၊ ၂၆ ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်)

21 Karen Human Rights Group, May 2014, "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire", p 17. (ကရင်လူ့အခွင့်အရေးအဖွဲ့၊ "အပစ်ရပ်စဲရေးလော- အသွင်ကူးပြောင်းမှုလော၊ ၂၀၁၂ ခုနှစ် အပစ်ရပ်စဲရေး အခြေအနေမှစတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဒေသခံများ၏ တုံ့ပြန်မှု ဖြစ်စဉ်များ")

22 Network for Human Rights Documentation – Burma, Report on the Human Rights Situation in Burma: January – June 2014 (လူ့အခွင့်အရေး မှတ်တမ်းတင် ကွန်ရက်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ၊ ဇွန်လ ၂၀၁၄ ခုနှစ်။)

မြေမြုပ်မိုင်း ထုပြောမှုမှာ အထူးသဖြင့် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသော ဖာပွန်နှင့် သံတောင်ကြီးဒေသများ၊ လှိုင်ဘွဲ့ရှိ ရေအားလျှပ်စစ်စီမံကိန်းကို ဝန်းရံထားသည့် ဒေသများတွင် အထူးတွေ့ရှိရသည်။ မကြာသေးမီက ပေးပို့ခဲ့သည့် သတင်း တစ်ခုအရ ဖာပွန်မြောက်ပိုင်းတွင် ဖြစ်ပွားသော လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုတွင် တပ်မတော်တပ်ဖွဲ့များက၊ ဖေဖော်ဝါရီ နှင့် မတ်လများတွင် ယွန်းစလင်းချောင်း အနောက်ဖက်ရှိ တောင်ပေါ်ဒေသများသို့ မော်တာလက်နက် ကြီးများဖြင့် အကြိမ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ သို့အတွက်ကြောင့် ကျေးရွာလူထုများက သူတို့၏တောင်ယာများကို ကားလမ်းမ များနှင့် နီးရာ၊ တပ်မတော်စစ်စခန်းများနှင့် နီးရာဒေသများတွင် စမ်းသပ်၍ စိုက်ပျိုးကြည့်လာကြသူများက၊ ကေအဲန်ယူအဖွဲ့ ထိန်းချုပ်ဒေသများအတွင်းသို့ ပြန်၍ ဆုတ်လာခဲ့ကြသည်။

ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မည်ဟု ခြောက်လှန့်သည့် သတင်းများ အကျယ်အပြန့် ရှိနေပါသေးသည်။ ရေးမြို့တွင်မူ ငွေညှစ်တောင်းခံသည့် သတင်းများ ထူးခြားစွာ တွေ့ရှိရသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သည်ဟု ထင်မြင်ယူဆသောကြောင့် ကျေးရွာ လူထုများကို လက်စားချေတုံ့ပြန်မှုများ ဆက်လက်ဖြစ်ပေါ်နေ ပါသည်။ တပ်မတော် တပ်ဖွဲ့များက မိုင်းတုံတွင် ကျေးရွာ လူထုများကို သေနတ်ဖြင့် ထောက်၍ ခြိမ်းခြောက်ခြင်း၊ အိမ်ရှိ ပစ္စည်းများကို လုယက်မှုများ မတ်လ SSA-S နှင့် တိုက်ပွဲကာလအတွင်း ကျူးလွန်ခဲ့ကြပါသည်။ နယ်စပ်၏ တောင်ဖက် အဆုံးတွင် တပ်မတော် တပ်ရင်းမှူးများက ဇူလိုင်လတွင် မြိတ်မြို့၌ အစည်းအဝေးတစ်ခု ခေါ်ယူ၍ မြေသိမ်းမှုများအပေါ် ကေအဲန်ယူကို တိုင်ကြားပါက မည်သူမဆို သတ်ဖြတ်ပစ်မည်ဟု ခြိမ်းခြောက် ခဲ့ကြပါသည်။

ညှဉ်းပမ်းနှိပ်စက်မှုများနှင့် လူမဆန်သည့် ပြစ်ဒဏ်ပေးမှုများ မှာ တိုက်ပွဲများ ဖြစ်ပွားနေဆဲဖြစ်သော ဖားဆောင်းနှင့် ဖာပွန် ဒေသများတွင် အများဆုံး တွေ့ရှိရသည်။ မကြာသေးမီက ဖြစ်ရပ်များတွင် နယ်ခြားစောင့်တပ် တပ်မှူးတစ်ဦးက ကမမောင်း - ဖာပွန် လမ်း အရှေ့ဖက်ရှိ ကျေးရွာလူကြီးတစ်ဦး ကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ကေအဲန်ယူ တပ်ဖွဲ့များ တည်ရှိရာနေရာ သတင်းပေးရန် ငြင်းဆန်ခြင်း၊ သို့မဟုတ် သတင်းမပေးခြင်း ကြောင့် ဖြစ်သည်။ အပစ်ရပ်စဲရေး ကာလတွင် အရပ်သား ပြည်သူများအပေါ် အန္တရာယ် လျော့နည်း ကျဆင်းသွားသော်လည်း၊ ယခုတွေ့ရှိချက်များအရ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေများကို ဆက်လက် ချိုးဖောက်မှုများ အကျယ် အပြန့် ရှိနေသေးကြောင်း ဖော်ပြနေပါသည်။

## ၃။ ၃။ လက်နက်ကိုင်အဖွဲ့များမှ  သက်မွေးဝမ်းကျောင်းအား ခြိမ်းခြောက်မှု

*"အကယ်၍ စစ်တပ်က သူတို့တပ်ပိုင်မြေတွေ ချဲ့လာမယ်ဆိုရင်၊ ကျွန်တော်တို့တော့ လုပ်စားဖို့ မြေရှိတော့မှာ မဟုတ်ဘူး။ ဒုက္ခတွေကြုံမှာပဲ။ အခုတောင် မြေက မိသားစု လုပ်ကိုင်စားလောက်ရုံပဲ ရှိတယ်။ ကျွန်တော်ရဲ့ အဓိက စိုးရိမ်မှုကတော့ သူတို့လာကြတဲ့အခါ ရွာက ထွက်သွားရမှာပဲ။"*

မွန်အမျိုးသား တစ်ဦး၊ ရေဖြူမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ HURFOM နှင့် MRDC တွေ့ဆုံမေးမြန်းမှု

မြေမြုပ်မိုင်းများ ရှိနေခြင်းနှင့် ငွေညှစ်တောင်းခံခြင်း စသော အရပ်သားများအပေါ် လုံခြုံရေးခြိမ်းခြောက်မှုများသည် အိမ် ထောင်စု စီးပွားရေး ဆင်းရဲမွဲတေမှုအကြောင်းနှင့် တိုက်ရိုက် သက်ဆိုင်ပတ်သက်နေပါသည်။ သို့သော် အပစ်ရပ်စဲရေး ကာလတွင်ပင် စစ်အင်အားတိုးချဲ့နေရာချထားမှုသည်၊ မြေယာသိမ်းပိုက်မှုများ၊ သဘာဝ သယံဇာတထုတ်လုပ်မှုများ၊ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်  တို့၏ ပတ်သက်ဆက်စပ်လာရာ၊ လူတန်းစား မညီမျှမှုကို ပို၍ဆိုးရွားလာစေပါသည်။[23]

သီးခြားလွတ်လပ်သည့် ကွင်းဆင်းသုတေသန ပြုမှုများက ဖော်ပြရာ၌၊ မြေယာသိမ်းပိုက်မှုများနှင့် အတင်းအကျပ် လုပ် အားခိုင်းစေမှုများသည် သက်မွေးဝမ်းကျောင်းကိစ္စအပေါ် ပြီးခဲ့သည့် ၂-နှစ်အတွင်း အသိသာဆုံး ခြိမ်းခြောက်မှု ဖြစ်စေပါ သည်။ ခရီးသွားလာမှု ကန့်သတ်ချုပ်ချယ်ခြင်းနှင့် အတင်းအကျပ် လုပ်အားခိုင်းစေမှုများ လျော့နည်းကျဆင်းသွားသည် ဟု ပြောဆိုကြသည်၊ သို့သော်လည်း တပ်မတော်နှင့် အခြားလက်နက်ကိုင် တပ်ဖွဲ့များက ခွင့်ပြုချပေးသည့်  စိုက်ပျိုးရေးစီမံ ချက်များနှင့် သတ္တုတွင်း တူးဖော်ရန်အတွက် မြေယာသိမ်းပိုက်မှုများ တို့၏ များပြားလာနေပါသည်။[24]

---

23 Burma News International, September 2013, "Economics of Peace and Conflict", www.mmpeacemonitor.org (ငြိမ်းချမ်းရေးနှင့် ပဋိပက္ခစစ်ပွဲများဆိုင်ရာ မြန်မာ့ စီးပွားရေးအခြေအနေ)

24 Karen Human Rights Group, May 2014, "Truce or Transition? Trends in human rights abuse and local response in Southeast Myanmar since the 2012 ceasefire", p 17. (ကရင်လူ့အခွင့်အရေးအဖွဲ့၊ "အပစ်ရပ်စဲရေးလော- အသွင်ကူးပြောင်းမှုလော၊ ၂၀၁၂ ခုနှစ် အပစ်ရပ် စဲရေး အခြေအနေမှစတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ဒေသခံများ၏ တုံ့ပြန်မှု ဖြစ်စဉ်များ")


ယခုတွေ့ရှိချက်များဖြင့် ယခင်ကာလ အကဲဖြတ်ချက်များကို အတည်ပြုပေးနိုင်ပါသည်။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ အုပ်စုများ၏ ၁၂% နှင့် ၁၀%တွင် မြေယာသိမ်းပိုက်မှုများနှင့်အတင်းအကျပ်လုပ်အားခိုင်းစေမှုများကို အသီးသီးဖော် ပြခဲ့ကြသည်။ မြေယာသိမ်းပိုက်မှု အစီရင်ခံချက်များမှာ အထူးသဖြင့် စစ်တပ်အင်အား တိုးချဲ့ချထားမှုနှင့်အတူ လှိုင်ကော်တွင် လည်းကောင်း၊ ဖာပွန်တွင် သစ်ထုတ်လုပ်ရေးနှင့် ရွှေနှင့် ခနောက်စိမ်းမိုင်း တူးဖော်မှုများကြောင့် ပို၍သိသာ ထင်ရှားပါသည်။ တပ်မတော်က လှိုင်ကော်မြို့မြောက်ပိုင်းတွင် စိုက်ပျိုးမြေဧက ၂,၀၀၀ ကျော်ကို သိမ်းယူ၍ ခြံစည်းရိုးခတ်လိုက်သည့်အခါ ဒေသခံလယ်သမားများနှင့် တင်းမာမှုများ မြင့်မားလာပါသည်။ ပြည်နယ်အစိုးရထံသို့ ကျေးရွာလူထုများနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များက မေတ္တာရပ်ခံစာ ပေးပို့သော်လည်း၊ တပ်မတော်က လယ်သမားကို လယ်ယာထွန်ယက် မစိုက်ပျိုးကြရန် သတိပေးနေဆဲရှိပါသည်။

သဘာဝ သယံဇာတများ ထုတ်ယူမှုနှင့် ကြီးမားသော ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် "အမျိုးသား အကျိုးစီးပွား" ဟူ၍ များသော အားဖြင့် ဖော်ပြဆင်ခြေပေးလေ့ ရှိပါသည်။ သို့သော်လည်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လမ်းဖောက်လုပ်ရန်အတွက် ကျေးရွာလူထုများထံမှ မြေများသိမ်းယူသည့်အခါ ဤသို့ဖော်ပြ၍ လျော်ကြေးပေးဆောင်မှုလည်း မရှိပါ။ ဤသို့သော ဆင်ခြေပေးမှုမျိုးကို နောက်ဆုံး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေကြသည့် ပုဂ္ဂလိက ကုမ္ပဏီများက ဆောင်ရွက်နေကြသည့် ရော်ဘာ ခြံများ၊ ခနောက်စိမ်းသတ္တုတွင်းများ တူးဖော်ရာအထိပင်၊ ဆင်ခြေ အကြောင်းပြ၍ နေကြပါသည်။

ဒေသတွင် တပ်များတိုးချဲ့ချထားမှုနှင့် ရိက္ခာထောက်ပံ့ပေးရမှုတို့ကြောင့် ဒေသခံလူထုတို့၏ သက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက် သက်ရောက်မှု ရှိစေပါသည်။ ဥပမာအားဖြင့်၊ ၂၀၁၄ ခုနှစ်၊ မတ်လတွင် တပ်မတော် စစ်ကြောင်း တစ်ခုက တပ် အပြောင်းအလဲလုပ်စဉ်၊ တောင်ငူ-မော်ချီးကားလမ်းပေါ်၌ တောမီး လောင်စေခဲ့ရာ၊ တောင်ယာများ၊ ရေရှည် သီးပင်များ ဖြစ်သည့် ဖာလာစေ့၊ ကွမ်းရွက်၊ ကော်ဖီခြံများကို မီးသင့်စေခဲ့သည်။ အလားတူပင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် စစ်တပ်ရိက္ခာများ သယ်ဆောင် ပို့ပေးရန် ကျေးရွာလူထုများ၏ ထော်လာဂျီယာဉ်များကို လဲချားကျေးရွာလူထုများထံမှ ဆင့်ခေါ်ခဲ့ကြောင်း သိရှိရသည်။ ဤသို့ ဆောင်ရွက်စေမှုများမှာ အကျယ်အပြန့်နှင့် ပုံမှန်ဆိုသလို ဖြစ်ပေါ်နေပါသည်။

မြေမြှုပ်မိုင်းများ ရှိနေသောကြောင့် သက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများအပေါ် အကန့်အသတ် ဖြစ်ပေါ်စေရာ၊ မြေမြှုပ်မိုင်းများ ရှင်းလင်းခြင်းနှင့်အတူ စီးပွားဖြစ် သယံဇာတ တူးဖော်မှုများအတွက် မြေယာသိမ်းပိုက်ခြင်းက ပူးတွဲလိုက် ပါလာရာ ပို၍ဆိုးရွားစေပါသည်။ ဤသို့ ပြဿနာများဖြစ်ပေါ်လာနိုင်ခြေကို သိရှိအကဲဖြတ်နိုင်ရန် မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်း လှုပ်ရှားမှုများနှင့် အိုးအိမ်၊ မြေယာနှင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ကာကွယ်ပေးမှုဆိုင်ရာ ကိစ္စများနှင့် ဆက်စပ်၍ မကြာသေးမီက လေ့လာသုံးသပ်မှု ပြုခဲ့ပါသည်။ တွေ့ရှိခဲ့သည့် စိန်ခေါ်မှုများအရ မြေမြှုပ်မိုင်း ရှင်းလင်းမှုများ မပြုလုပ်မီတွင်၊ ယင်းမြေမြှုပ်မိုင်း လှုပ်ရှားမှုနှင့်အတူ၊ မြေယာအခွင့်အရေးကိုပါ တစ်ပါတည်း ပူးတွဲပါဝင်စေရန် အကြံပေးထားပါသည်။[25]

ပုံ- ၁၁။ သက်မွေးဝမ်းကျောင်းအား ခြိမ်းခြောက်မှုများ




25 Displacement Solutions, February 2014, "Land Rights and Mine Action in Myanmar", page 2 (မြန်မာနိုင်ငံရှိ မြေယာ အခွင့်အရေး နှင့် မြေမြှုပ်မိုင်းဆိုင်ရာ လှုပ်ရှားမှု)

## အခန်း ၄။

# ရပ်ရွာလူထု လုံခြုံရေး







၁။ ခလေးဒေး၊ ရွာသစ်ဆောက်လုပ်နေခြင်း၊ လှိုင်းဘွဲမြို့၊ မေလ ၂၀၁၄ ခုနှစ် (TBC)
၂။ KNU မြေယာဆိုင်ရာ ထုံးတမ်းဥပဒေဖြစ် မြေပိုင်ဆိုင်မှုမှတ်တမ်း၊ လှိုင်းဘွဲမြို့၊ ၂၀၁၄ ခုနှစ် (KESAN)
၃။ ရွာအစည်းအဝေး၊ ကျောက်ကြီးမြို့၊ ဒီဇင်ဘာလ ၂၀၁၃ ခုနှစ်၊ (CIDKP)

## ၄။ ၁။ ပဋိပက္ခ ဖြေရှင်းရေး


*"ကျွန်တော်တို့က ပြစ်မှုကြီးတွေကို အစိုးရတရားစီရင်ရေး စနစ်ကို လွှဲပြောင်းမပေးပါဘူး။ ပုံမှန်အားဖြင့် ကျေးရွာ အုပ်စု အဆင့်မှာပဲ ထုံးတမ်းစဉ်လာ ဥပဒေတွေအတိုင်း သုံးပြီး ကျွန်တော်တို့ ဖြေရှင်းကြတယ်။ ကျွန်တော်တို့က အစိုးရ တရားစီရင်ရေးစနစ်ကို မသွားချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ငွေအများအပြား လာဘ်ပေးရတာမျိုး မလို ချင်ဘူး။"*

ကရင် အမျိုးသားတစ်ဦး၊ လှိုင်းဘွဲ့မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KORD နှင့် KWO တွေ့ဆုံမေးမြန်းမှု

ရပ်ရွာလူထု၏လုံခြုံရေးဟူသည့် သဘောတရားကို ဖော်ပြကြရာ၌၊ အကြမ်းဖက်မှုများ၊ ပဋိပက္ခများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းနိုင်ရန် လူထုအခြေပြု ချည်းကပ်ပုံဟု ဆိုကြပြီး၊ ယင်းတွင် လူသားဆိုင်ရာ လုံခြုံမှု၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး ရှုမြင်ချက်များလည်း ပူးတွဲပါဝင်ပါသည်။[26] တရားဝင်နှင့် တရားမဝင် ရဲစောင့်ရှောက်ရေးလုပ်ငန်းများ၊ တရားစီးရင်ရေးကိစ္စများကို ဆက်စပ်ပူးပေါင်းစေရာ၌၊ လူအများ ပါဝင်ဆောင် ရွက်ခွင့်ရှိသည့် လုပ်ငန်းစဉ် ဖြစ်စေရန် တိုက်တွန်းအပ်ပါသည်။ ထို့အပြင် တာဝန်ယူ တာဝန်ခံမှုနှင့် ဒေသခံလူထုတို့၏ စွမ်းရည်ကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ရပ်ရွာများ၊ အာဏာပိုင်များ၊ အဖွဲ့အစည်း အင်စတီကျူးရှင်းများ၏ ဆက်ဆံရေးကို မြှင့်တင်ပေးခြင်းအားဖြင့်၊ အောက်ခြေလူထု အဆင့်နှင့် နိုင်ငံတော်အဆင့်၌ ကာကွယ်မှုပေးရေးကို တိုးတက်မြင့်မား လာစေကြောင်း သိရှိနားလည်ထားကြပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ကျေးရွာခေါင်းဆောင်များက ယေဘုယျအားဖြင့် ဒေသခံအိမ်ထောင်စုများအပေါ် တာဝန်ယူ တာဝန်ခံရ မည်နှင့် ပဋိပက္ခများ ဖြေရှင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် ပင်မ လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ကြပါသည်။[27] ယခု စစ်တမ်းကောက်ယူမှုက ကျေးရွာခေါင်းဆောင်များနှင့် ပတ်သက်၍ ယခင် စူးစမ်းတွေ့ရှိချက်များကို အတည်ပြုနိုင်ခဲ့ပြီး၊ ဓလေ့ထုံးတမ်း ဥပဒေကို ကြီးလေးသည့် အငြင်းပွားမှုများ၊ အကြမ်းဖက်မှုများကို ဖြေရှင်းရာ၌ အဓိက လုပ်ငန်းစဉ်အဖြစ် အသုံးပြုကြကြောင်း ၇၄% သော ကျေးရွာအုပ်စုများတွင် တွေ့ရှိရပါသည်။ သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏တရားရေးစနစ်များကို ပြဿနာဖြေရှင်းကျေလည်ရန် ကျေးရွာအုပ်စု ၃၂% တွင် အသုံးပြုကြပါသည်။ တပ်မတော်နှင့် အစိုးရ ရဲတပ်ဖွဲ့များကိုမူ ကျေးရွာအုပ်စု ၁၇% တွင် အသုံးပြုကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ပုံ- ၁၂။ အဓိက ကာကွယ်မှုပေးရေး နည်းလမ်းများ




26 Saferworld, April 2014, "Community Security Handbook", page 4, www.saferworld.org.uk (ရပ်ရွာ လုံခြုံရေးဆိုင်ရာ လက်စွဲ)

27 Susanne Kempel & Aung Thu Nyein, August 2014, "Local Governance Dynamics in South East Myanmar", An Assessment for the Swiss Agency for Development and Cooperation (SDC) (မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသရှိ ဒေသန္တရအစိုးရစနစ်) The Border Consortium, November 2013, "Poverty, Displacement and Local Governance in South East Burma/Myanmar", pages 22-24 (TBC အဖွဲ့၊ မြန်မာနိုင်ငံ အရှေ့ တောင်းပိုင်းဒေသတွင် ပြောင်းလဲနေသော အခြေအနေမှန်များ၊ ဆင်းရဲမွဲတေမှု နှင့် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရမှု)

ဝေးလံသည့်၊ စစ်ပွဲများ ဖြစ်ပွားနေသေးသည့် ရပ်ရွာ လူမှုအသိုက်အဝန်း များတွင် ယေဘုယျအားဖြင့် သူတို့ဘာသာ ရဲလုပ်ငန်း ဆောင်ရွက်ရခြင်းနှင့် လူမှုစနစ် တည်ငြိမ်ရေးကို ထိန်းသိမ်းနေကြရကြောင်း ဤတွေ့ရှိချက် များက ဖော်ပြနေပါသည်။ ကျေးရွာအဆင့်တွင် ပဋိပက္ခအမှုကို ဖြေရှင်း နိုင်ခြင်းမရှိပါက၊ များသောအားဖြင့် ကျေးရွာအုပ်စု ခေါင်းဆောင်ထံသို့ လွှဲပြောင်းပေးကြပါသည်။ ကေအဲန်ယူ၊ မွန်ပြည် သစ်ပါတီ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ စသည်ကဲ့သို့သော ပိုမိုအခြေကျသည့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စု အချို့ဒေသတွင်မူ ဥပဒေပြဌာန်းထား သည့် တရားစီရင်ရေးစနစ်များ ရှိပါသည်။ သို့သော် မြို့နယ်အောက်အဆင့် အောက်ခြေရှိ စွမ်းဆောင်ရည်နှင့် ဩဇာလွှမ်းမိုးမှုမှာ အကန့်အသတ် ရှိနေပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တရားစီရင်ရေး စနစ်အပေါ် ယေဘုယျအားဖြင့် မှီခိုယုံကြည်ရန် မရှိသော်လည်း၊ အထူးသဖြင့် စစ်ပွဲပဋိပက္ခများ ဖြစ်ပွား နေကြသော ရပ်ရွာလူမှု အသိုက်အဝန်းများ၌ မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်သို့ လက်လှမ်းမမီခြင်းနှင့် ယုံကြည်မှု မရှိကြခြင်းကို ထင်ရှားစွာ တွေ့ရှိရပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု တစ်ဝက်ကျော် (၅၄%) တွင်၊ သဘာဝ သယံဇာတထုတ်ယူမှုကို စီမံခန့်ခွဲသည့်၊ စီးပွားဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆိုပြုလာသည်ကို စီမံခန့်ခွဲသည့် ရပ်ရွာလူမှု အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များ ရှိနေကြပါသည်။ သို့သော်လည်း စွမ်းဆောင်ရည်မရှိခြင်း နှင့်/သို့မဟုတ် အာဏာမရှိခြင်းတို့ကြောင့် ဤရပ်ရွာအဖွဲ့အစည်းများ၏ ထိရောက်အောင်မြင်မှုအပေါ် အကန့်အသတ် ရှိနေပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၂၃% တွင် ဤအဖွဲ့များက ပြင်ပဩဇာများကို ကျော်လွန်နိုင်ရန် အကန့်အသတ် ရှိနေကြသည်ကို တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ၊ ဤ အချက်သည်ပင် မြေယာနှင့် အရင်းအမြစ်များကို အသုံးချပိုင်ဆိုင်မှုဆိုင်ရာ ပဋိပက္ခများကို လျော့နည်းကျဆင်းစေရန်၊ သို့ မဟုတ် ကာကွယ်တားဆီးနိုင်ရန် သိသာထင်ရှားသည့် ရပ်ရွာအခြေပြု နည်းလမ်းများ ရှိနေသေးကြောင်း ဖော်ပြနေပါသည်။ ဤရပ်ရွာ လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များကို အားဖြည့်ပေးရန် စိန်ခေါ်မှုများရှိနေပြီး၊ ဥပဒေထိန်းသိမ်းသည့် အဖွဲ့အစည်း အင်စတီကျူးရှင်းများကိုလည်း ပြုပြင်ပြောင်းလဲရမည် ဖြစ်သည့်အပြင်၊ ယင်းတို့အကြား ချိတ်ဆက်မှုကိုလည်း အားကောင်းလာစေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ၄။ ၂။ အကြမ်းဖက်ရာဇဝတ်မှုများကို ကိုယ်တွယ်ဖြေရှင်းခြင်း

> *"တကယ်လို့ တစ်ယောက်ယောက်က တစ်ကြိမ် ပြစ်မှုကျူးလွန်ခဲ့ရင်၊ ရွာလူကြီးတွေက သူ့ကို သတိပေးတယ်။ တကယ်လို့ ဒုတိယ၊ တတိယအကြိမ်တွေ ဖြစ်လာပြီဆိုရင်၊ ရပ်ရွာကောင်းကျိုးကိစ္စ တစ်ခုခု လုပ်စေတယ်။ ဒီနောက်မှ ဆက်ပြီးကျူးလွန်နေမယ်ဆိုရင်တော့ ရွာကနေ သူတို့ကို နှင်ထုတ်လိုက်တာပဲ။"*
>
> ရှမ်း အမျိုးသားတစ်ဦး၊ မိုင်းပန်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ SSDF နှင့် တွေ့ဆုံမေးမြန်းမှု

ရေရှည် ထိန်းသိမ်းထောင်ချထားရန် အရင်းအမြစ်၊ အဖွဲ့အစည်းစနစ်များ ရှိမနေသည့်အတွက်ကြောင့်၊ ရပ်ရွာအခြေပြု တရားစီရင်ရေးစနစ်များတွင် အကြမ်းဖက် ရာဇဝတ်ပြစ်မှု ကျူးလွန်ကြသည်များကို အပြစ်ပေးရေးအတွက် စွမ်းဆောင်ရည် အကန့်အသတ် ရှိနေပါသည်။ သတ်ဖြတ်ခြင်း၊ သို့မဟုတ် ရိုက်ပုတ်ခြင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သော ပြစ်ဒဏ်ပေးမှုမျိုးကြောင့် ဒေသခံပြည်သူများ၏ နစ်နာမကျေနပ်ချက်များကို ပို၍ ဆိုးရွားစေနိုင်ပြီး၊ လုံခြုံရေးပေးဆောင်သူများ၏ တရားဝင်မှုကိုပါ လူမှုရေးရှုထောင့်အရသော်လည်းကောင်း၊ လူ့အခွင့်အရေးအခြေပြု ရှုထောင့်မှသော်လည်းကောင်း ကြည့်လျှင် ထိခိုက် လျော့ကျစေနိုင်ပါသည်။ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများ၌ ကျင့်သုံးနေသော ထုံးတမ်းစဉ်လာ ကရင်၊ ကရင်နီ တရားရေးစနစ်များကို ကြည့်ပါက၊ ဖြန်ဖြေကျေလည်စေခြင်း၊ လျော်ကြေးပေးဆောင်စေခြင်းတို့ အပေါ်တွင်သာ အထူးတည်မှီ အသုံးပြုနေကြောင်း မှတ်ချက်ပြုမိပါသည်။ ယင်းကို တရားမျှတမှု ရရှိရန် ပြန်လည်ကုစားပေးသည့် ချဉ်းကပ်ဆောင်ရွက်နည်းဟု သတ်မှတ် ဖော်ပြနိုင်ပြီး၊ ရံဖန်ရံခါ ပြစ်ဒဏ်ပေးမှုများဖြင့် ပေါင်းစပ်ဆောင်ရွက်ပါသည်။[28]

အကြမ်းဖက်မှု ကျူးလွန်သူများအပေါ် ယေဘုယျအားဖြင့် မည်သို့မည်ပုံ အပြစ်ပေးကြသည်ကို မေးမြန်းကြည့်သောအခါ၊ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၄၂% ၌ ဒဏ်ငွေပေးစေခြင်း၊ သို့မဟုတ် လျော်ကြေးပေးစေခြင်းဟု ဖော်ပြကြပါသည်။ ၂၉% သော ကျေးရွာအုပ်စုများတွင် ရပ်ရွာကောင်းကျိုး တစ်ခုခု ဆောင်ရွက်စေခြင်းဟု ဖော်ပြသည်။ ကျေးရွာအုပ်စု ၃၀% တွင် နစ်ဖက်ကျေလည်စေသည့် သဘောတူညီမှုဟု ဖော်ပြပါသည်။ ၆% သော ကျေးရွာအုပ်စုများတွင် ယေ

28 Kirsten McConnachie, 2014, "Governing Refugees: Justice, Order and Legal Pluralim", Routledge, pages 114-122 (ဒုက္ခသည်များကို စီမံအုပ်ချုပ်ခြင်း- တရားမျှတမှု၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေကြောင်းအရ ဗဟုသဘော အများဆိုင်ဖြစ်မှု)

ဘုယျအားဖြင့် ပြစ်ဒဏ်ကင်းရှင်းကြောင်း ပွဲကျင်းပသည့်အနေဖြင့်၊ မကောင်းဆိုးရွားများ ဖယ်ရှားနိုင်ရန် နတ်စားခြင်းများ ဆောင်ရွက်ကြသည်။ နှိုင်းယှဉ်ချက်အရဆိုလျှင်၊ လွတ်လပ်ခွင့်ကို ကန့်သတ်ထိန်းချုပ်ခြင်း၊ သို့မဟုတ် ထိပ်တုံးခတ်ခြင်း တို့ကို ကျေးရွာအုပ်စု ၂၁% တွင် တွေ့ရှိရပြီး၊ သေဒဏ်ပေး၊ သတ်ဖြတ်မှုမျိုး အမှုများ မတွေ့ရှိရပါ။

ဤတွေ့ရှိချက်များအရ ရပ်ရွာအခြေပြု တရားရေးစနစ်များသည် ကျေအေးစေခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းအပေါ် များစွာ တည်မှီနေကြောင်း ထင်ဟပ်ဖော်ပြနေပါသည်။ အလားတူပင် ပြင်းထန်သည့် ပြစ်ဒဏ်ပေးမှုဆိုင်ရာ စွမ်းရည်များ ကင်းမဲ့နေကြောင်း ဖော်ပြနေသည်။ တပ်မတော် စစ်စခန်းများနှင့် နီးစပ်ရာကျေးရွာများတွင် ငွေကြေးအရ ကျေလည်စေခြင်းကို အထူးအသုံးပြုပြီး၊ တိုင်းရင်းသား လက်နက်ကိုင်အုပ်စု စစ်စခန်းများနှင့် နီးစပ်သည့် ဒေသများတွင် ပြစ်မှုရှင်းလင်းရေးဆိုင်ရာ အခမ်းအနားကျင်းပ နတ်စားခြင်း၊ သို့မဟုတ် နစ်နာမှုများကို မဖြေရှင်းနိုင်ခြင်းများ မှတ်ချက်ပြုမိပါသည်။

အကြမ်းဖက်မှုကြောင့် နစ်နာရသည့် ကာယကံရှင်ကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု တစ်ဝက်ကျော်တွင် တွေ့ရှိရသည်။ စွမ်းဆောင်နိုင်မှုများ အကန့်အသတ် ရှိနေသော်လည်း၊ ပံ့ပိုးကူညီ ဝန်ဆောင်ပေးမှုများကြောင့် ခိုင်မာညီညွတ်သည့် လူမှုရေး ဆက်ဆံမှုရရှိကြောင်း ဖော်ပြနေပါသည်။ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရရှိမှုများကို နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း (ကျေးရွာအုပ်စုများ၏ ၂၉%)၊ ဥပဒေကြောင်း ပြင်ပအကူအညီ (၂၄%)၊ ကိုယ်ခန္ဓာဒဏ်ရာ ရရှိမှုများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှု (၁၈%) နှင့် အမျိုးသမီးများနှင့် ကလေးများအတွက် ခိုလှုံနေထိုင်ရာအိမ်များ (၄%) တို့တွင် ယခုစစ်တမ်းအရ ဝန်ဆောင်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို သတင်းပေးပို့ရန် ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဥပဒေကြောင်း အရသော်လည်းကောင်း သိသာထင်ရှားသည့် အဟန့်အတားများ ရှိနေဆဲဖြစ်ကြောင်း မှတ်တမ်းတင်ထားခဲ့ပါသည်။ အရှက်တရားနှင့် ရပ်ရွာက ပစ်ပယ်မည်ကို စိုးရိမ်မှုသည် ယဉ်ကျေးမှုအရ အဓိက အခက်အခဲဖြစ်ကာ၊ လုံခြုံလျှို့ဝှက်မှု မရှိခြင်း၊ သတင်းများနှင့် စနစ်တကျ တရားစီရင်မှုများ မရှိခြင်းတို့သည် ဥပဒေကြောင်းဆိုင်ရာအရ ယေဘုယျအားနည်းချက်များဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။ ပြစ်မှုကျူးလွန်ထားသူက ပြန်၍ အကြမ်းဖက်လက်စားချေမည်ကို ကြောက်ရွံ့နေရခြင်းကြောင့် သတင်းပေးပို့ရန်လည်း တားမြစ်ထားသကဲ့သို့ ဖြစ်စေသည်။ သို့သော်လည်း၊ အုပ်စုလိုက် သီးသန့်ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်မှုနည်းခြင်းကြောင့်၊ ယခု အစီရင်ခံစာ ရေးသားရာတွင် စစ်တမ်းကောက်ယူမှုများအပေါ် ကျေးရွာအုပ်စုအလိုက် သီးခြားစာရင်းများ ခွဲထုတ်စိစစ်ခြင်း မပြုနိုင်ပါ။

## ၄။ ၃။ ကာကွယ်ပေးမှုဆိုင်ရာ နည်းလမ်းများ

*"သူတို့က ကျွန်မတို့ကို တိုင်ပင်တာ မရှိဘဲ ရွာနားကိုလာပြီး ရွှေကျင်ကြတယ်။ ကျွန်မပြောတယ်။ ကျွန်မက ရွာ လူကြီးပဲ။ အနည်းဆုံး ကျွန်မကို လေးစားပြီး ခွင့်တောင်းသင့်တယ် ပြောတယ်။ ဒါပေမယ့် ကျွန်မကို အသိပေးတာ မရှိပါဘူး။"*

ကရင်အမျိုးသမီး တစ်ဦး၊ သံတောင်မြို့နယ်၊ KORD နှင့် KESAN တွေ့ဆုံမေးမြန်းမှု

မြေမြှုပ်မိုင်းများရှိနေခြင်းကို စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၅၃% တွင် တွေ့ရှိရပြီး၊ ၂၈% သော ကျေးရွာအုပ်စုများတွင် လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်မှုများ ဖြစ်နေသေးသည်ကို ဖော်ထုတ်တွေ့ရှိရပါသည်။ သို့သော်လည်း လက်နက်ကိုင် အဖွဲ့အစည်းများက သတိပေးသည့် အမှတ်အသားများ ဖော်ပြထားသည်ကို ကျေးရွာအုပ်စု ၁၂% တွင်သာ တွေ့ရှိရပြီး၊ နယ်မြေခွဲခြား သတ်မှတ်မှုတွင်လည်း အကန့်အသတ်များ ရှိနေပါသေးသည်။ပေါက်ကွဲပြီးနောက် ထိခိုက်ဒဏ်ရာ ရရှိမှုများအပြင်၊ မြေမြှုပ်မိုင်းများ တည်ရှိရာနေရာကို သတင်းအဓိက ရရှိကြသည်မှာ၊ နှုတ်ဖြင့် အချင်းချင်း ပြောဆိုအသိပေးရုံမျှသာ ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ဤသို့ပြောဆို သတိပေးကြသည်ကို ကျေးရွာအုပ်စု ၂၇% တွင် တွေ့ရှိရပြီး၊ အခြားသော ရွာသားများ (၉%) နှင့် တပ်မတော်က (၆%) ဤသို့ ဆောင်ရွက်ပြောဆို သတိပေးကြသည်ကို တွေ့ရှိရပါသည်။

ဤအချက်မှာ ဒေသခံ ရပ်ရွာ လူမှုအဖွဲ့အစည်းများဆိုင်ရာ ကျယ်ပြန့်သည့် တွေ့ရှိချက်များနှင့် တစ်ပြေးညီ ဖြစ်ပါသည်။ ယင်းတို့မှာ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်ရန်လိုမှု၊ သို့မဟုတ် စီးပွားရေးရင်းနှီးမြှုပ်နှံသူများ၏ ကျူးကျော်လာမှုများကို အဓိကအားဖြင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနေကြရပါသည်။ လက်နကိုင်အုပ်စုများနှင့် ဆက်ဆံရေး


ထားရှိခြင်းဖြင့် အန္တရာယ်ကို စီမံရှောင်ရှားနိုင်ရန် ကျေးရွာ အုပ်စု ၄၅% တွင် အသုံးပြုကြပြီး၊ လူထုရပ်ရွာ၏ လှုပ်ရှားမှုများ စည်းရုံးဆောင်ရွက်ခြင်းကို (၂၇%) နှင့် အခြားသော ရပ်ရွာလူမှု အဖွဲ့အစည်းများနှင့် ကွန်ရက်ပြု ပူးပေါင်းဆောင်ရွက်ခြင်း (၁၄%) တို့ကို သိသာထင်ရှား သော တိုက်တွန်းနားချခြင်းနှင့် ကာကွယ်မှုပေးခြင်း နည်းလမ်းများအဖြစ် ဖော်ထုတ်တွေ့ရှိရ သည်။

စစ်တမ်းကောက်ယူခဲ့သော ကျေးရွာအုပ်စု ၂၄% တွင်၊ ဒေသခံ လုံခြုံရေးအစောင့်များ၊ သို့မဟုတ် ကျေးရွာပြည်သူ့ စစ် တပ်ဖွဲ့များကို သုံး၍၊ ပြင်ပမှ ခြိမ်းခြောက်မှုများကို အဟန့်အတားပြု ကာကွယ်ကြကြောင်း တွေ့ရှိရပါသည်။ ယင်းပြည်သူ့ စစ်လက်နက်ကိုင်တပ်ဖွဲ့များတွင် အစိုးရထိန်းချုပ်ရာ ဒေသများ၌ တပ်မတော်က ခန့်အပ် ထားသည့်တပ်ဖွဲ့များကိုပင် အသုံးပြုကြသည်ကို တွေ့ရှိ ရပါသည်။ သို့သော် ကျေးရွာခေါင်းဆောင်များအပေါ် မည်မျှတာဝန်ခံ ဖြေကြားမှုရှိသည်ကို သံသယရှိဖွယ် ဖြစ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ၊ ရပ်ရွာ၏ ကာကွယ်မှု ပေးရေး မဟာဗျူဟာများတွင် သံတမာန်ရေးဆက်ဆံမှုမှ သည်၊ ရဲလုပ်ငန်းများ လုပ်ကိုင်ရသည်အထိ ပါဝင် ပတ်သက်နေကြောင်း ရလဒ်များက ဖော်ပြနေပါသည်။

အပစ်အခတ် ရပ်စဲရေးကာလတွင် လျော့ပေါ့တွက်ချက် ထားမိသော အောင်မြင်မှုတစ်ခုမှာ၊ ညီညွတ်သော ကရင်လက်နက် ကိုင်တပ်များ ကော်မီတီကို ဖွဲ့စည်းနိုင် ခြင်းပင် ဖြစ်သည်။ ယင်းကော်မီတီသည် ကရင် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ ပြန်လည်ပေါင်း စည်းရေးအတွက် ကနဦးအဆင့်ကို ကိုယ်စားပြုပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ညီညွတ်သော အင်အားစု အဖြစ် ရပ်တည်ရန် နိုင်ငံရေးအရ၊ စစ်ရေးအရ အရေးပါ သည့်အပြင်၊ ယခုကြိုးပမ်းဆောင်ရွက်မှုသည် စံပြုသတ် မှတ်ထားသော အခွန်ကောက်ခံခြင်း၊ ရဲလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အရပ်သားပြည်သူများအပေါ် ကာကွယ်မှုပေးနိုင် ရေးအတွက် အလားအလာကောင်း များ ဖြစ်လာစေနိုင်ပါသည်။

ဤပူးတွဲကော်မီတီက ကရင်ရဲအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး၊ ဒေသ အဆင့်တွင် ကျေးရွာ ပြည်သူ့စစ်အဖွဲ့များ လျော့နည်းစေ ရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် အစိုးရ၏ တရားစီရင်ရေးစနစ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက်လည်း နည်းလမ်း ရရှိစေပါသည်။ အဓိက ရည်ရွယ်ချက်မှာ မူးယစ်ဆေး ကူးသန်းရောင်းဝယ်မှုကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်သော်လည်း၊ ယခု ကြိုးပမ်း


ပုံ-၁၃။ အဓိက ကာကွယ်မှုပေးရေး ကွန်ရက်များ



ဆောင်ရွက်ချက်သည် ယခင်က သီးခြားစီ ဆောင်ရွက်နေကြသည့် တရားစီရင်ရေး လုပ်ငန်းစဉ်များ ချိတ်ဆက်ရာတွင် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

အခြေခံ အဆောက်အဦ အကန့်အသတ် ရှိနေသော်လည်း၊ ဝေးလံသည့် ကျေးလက်နေလူထုများသည် ဆက်သွယ်ရေးကွန်ရက်များကို ချိတ်ဆက်လက်လှမ်းမီကြောင်း တွေ့ရှိရပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၃၇% ရှိ ကျေးရွာခေါင်းဆောင်များတွင် အများအားဖြင့် သတင်းများကို လူဆက်သားဖြင့်၊ ခြေလျင်ဖြင့် ပို့ဆောင်နေကြရပြီး၊ ကရင် ပြည်နယ်တွင် အများဆုံးတွေ့ရှိရသည်။ သို့သော်လည်း စစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာအုပ်စု ၄၄% တွင် မြန်မာနိုင်ငံမှ မိုဘိုင်းဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြုနိုင်ကြပြီး၊ ၂၃% တွင် ကြိုးလိုင်းတယ်လီဖုန်းကို အသုံးပြုနိုင်သည်ဟု ဖော်ပြကြပါသည်။ နှစ်ဖက်ပြောနိုင်သည့် ရေဒီယိုများနှင့် ထိုင်းနိုင်ငံ၏ မိုဘိုင်းတယ်လီဖုန်းကွန်ရက်ကို ကျေးရွာအုပ်စုများ၏ ၂၅% နှင့် ၁၇% တွင် အသီးသီး အသုံးပြုနိုင်သည်ဟု မှတ်တမ်းတင်ခဲ့ပြီး၊ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ ထိန်းချုပ်သည့် ဒေသများတွင် ပို၍သိသိသာသာ များပြားပါသည်။

ပုံ-၁၄။ ဆက်သွယ်ရေး ကွန်ရက်များ



## အခန်း ၅။

# တရားမျှတမှု ရရှိခြင်း







၁။ ကျောင်းသူကျောင်းသားများ၊ ထားဝယ်မြို့၊ အောက်တိုဘာလ ၂၀၁၃ ခုနှစ်၊ (CIDKP)
၂။ ရွှေတူးဖော်ရေးလုပ်ငန်း၊ ဖာပွန်မြို့၊ ၂၀၁၄ ခုနှစ် (KORD)
၃။ မြို့နယ်ခွဲ၏ စီမံခန့်ခွဲရေးရုံးများ၊ မိုင်းပန်မြို့၊ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်

## ၅။ ၁။ တရားဥပဒေ စိုးမိုးရေး


*"သူတို့က နည်းလမ်းတကျ မဆောင်ရွက်ကြဘူး၊ ဥပဒေအတိုင်း မဆုံးဖြတ်ကြဘူးဆိုတော့ ဥပဒေစည်းကြပ်ရေးက အားနည်းတာပေ့ါ။ ကျွန်မတို့က ဥပဒေနဲ့ ပတ်သက်ပြီးတော့ ဗဟုသုတ မရှိပါဘူး။ အမှန်မှာတော့ အစိုးရကချည်း တရားဥပဒေ စိုးမိုးရေးပြဿနာကို ကိုင်တွယ် ဆောင်ရွက်ရမှာ မဟုတ်ဘူး၊ ဥပဒေရေးဆွဲရာမှာ အရပ်သားတွေရော၊ တိုင်းရင်းသား ခေါင်းဆောင်တွေပါ ပါဝင်သင့်တယ်။"*

ကရင် အမျိုးသမီးတစ်ဦး၊ သံတောင်မြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ KORD နှင့် KESAN တွေ့ဆုံမေးမြန်းမှု၊

တရားဥပဒေ စိုးမိုးရေး မည်သို့ခိုင်မာ ကောင်းမွန်အောင် ဆောင်ရွက်ရမည်နှင့် ပတ်သက်၍ ကျယ်ပြန့်စွာ ထင်မြင်ချက် အမျိုးမျိုး ရှိနေကြပါသည်။ အချို့သော အရေးပါသည့် အင်အားစုများက ဥပဒေစည်းမျဉ်းများ၊ အဖွဲ့အစည်းစနစ် အင်စတီကျူးရှင်းများ၊ လုပ်ငန်းစဉ်များကို အမျိုးသားလုံခြုံရေးနှင့် လူမှုရပ်ရွာ အေးချမ်းတည်ငြိမ်ရေးအတွက် အားဖြည့် စည်းကြပ်ခြင်းဟု ထင်မြင်ကြပါသည်။ အခြားသူများကမူ လူမှုရေးတရားမျှတမှု၊ လူ့အခွင့်အရေး နှင့် တန်းတူညီမျှမှုတို့ကို မြှင့်တင်ပေးခြင်း၊ မြန်မာ့တရားစီရင်ရေးစနစ်တွင် အကျယ်အပြန့် ဖြစ်နေသည့် အကျင့်ပျက်ခြစားမှုတို့ကို အသိအမှတ်ပြု၍ ပြုပြင်ခြင်းဟု မြင်ကြပါသည်။[29] အမှန်ဆိုရလျှင် ယနေ့အချိန်အထိ ဆောင်ရွက်နေသော တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ခေတ်နောက်ကျနေမှု၊ အာဏာရှင်ဆန်သည့် ဥပဒေများ ဆက်လက်ကျန်ရှိနေမှုအပေါ် လူအများက ဝေဖန်နေကြပြီး၊ ဥပဒေများ အသစ်ရေးဆွဲရာတွင်လည်း ပွင့်လင်းမြင်သာမှု ကင်းမဲ့နေခြင်းနှင့် တိုင်ပင်ဆွေးနွေး အကြံယူမှု မရှိကြသည့်အပေါ် ထောက်ပြဝေဖန်နေကြပါသည်။[30]

ယခု စစ်တမ်းကောက်ယူမှုက ဓလေ့ထုံးတမ်း ဥပဒေများ၊ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ၏ တရားရေးစနစ် နှင့် တရားဝင် မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်များတွင် အားနည်းချက်ဟု ရှုမြင်နေကြသည့် အဓိကအချက် ၂-ခုကို အကဲဖြတ်တွေ့ရှိခဲ့ပါသည်။ ပုံ-၁၅ တွင် ဖော်ပြထားသည့်အတိုင်း၊ ဓလေ့ထုံးတမ်း ဥပဒေများနှင့် နိုင်ငံတော်အစိုးရ မဟုတ်သည့် တရားစီရင်ရေး စနစ်များတွင် အဓိကစိန်ခေါ်ချက် ပြဿနာမှာ၊ ရှင်းလင်းသေချာမှု မရှိခြင်း၊ ဥပဒေများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ၊ ဥပဒေ လုပ်ထုံး လုပ်နည်းများ ကင်းမဲ့နေခြင်းပင် ဖြစ်ပါသည်။ အစိုးရ၏စနစ်အပေါ် ဗဟုသုတမရှိကြသည်ကိုလည်း သိသာထင်ရှားစွာ တွေ့ရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်တွင် အကျယ်အပြန့် ခြစားနေမှုကြောင့် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုအပေါ် အဓိက အဟန့်အတားအဖြစ် ရှုမြင်နေကြပါသည်။ နိုင်ငံရေး အရ ဝင်ရောက်စွက်ဖက်မှုများ ရှိနေခြင်းနှင့် ရဲစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည် အားနည်းခြင်းများကြောင့် ဥပဒေကို ရှေ့နောက်မညီညွတ်ဘဲ၊ အသုံးချမှုများရှိနေသည်ဟု ထင်မြင်ဖော်ပြကြပါသည်။

**ပုံ- ၁၅။ ထင်မြင်ယူဆကြသည့် တရားရေးစနစ်ရှိ အားနည်းချက်များ**




တရားစီရင်ရေး စနစ်များ အားလုံးအပေါ်တွင် ယုံကြည်ကိုးစားမှု မရှိကြသည်မှာ ထင်ရှားပါသည်။ သို့သော် ဓလေ့ထုံးတမ်း ဥပဒေများနှင့် အစိုးရမဟုတ်သည့် အဖွဲ့များ၏ တရားရေးစနစ်များအပေါ် အခက်အခဲနည်းကြောင်း ဖော်ပြကြပါသည်။ သေချာ ပုဒ်မများဖြင့် ရေးဆွဲပြဌာန်းထားသည် ဖြစ်စေ၊ ဓလေ့ထုံးတမ်း ဥပဒေပင် ဖြစ်စေ၊ ယင်းတို့အကြား အငြင်းပွားစရာ အချက်မှာ တရားမှု နှင့် မျှတမှုတို့အကြား သဘောတရားများနှင့် ပတ်သက်၍ဖြစ်ကြောင်း၊ ကျေးရွာအုပ်စုအများတွင်

29 US Institute for Peace, June 2013, "Burma/Myanmar Rule of Law Trip Report: Working Paper for Discussion" (အမေရိကန်ပြည် ထောင်စု ငြိမ်းချမ်းရေးသိပ္ပံ၊ "မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေး လေ့လာရေးခရီးစဉ် အစီရင်ခံစာ- ဆက်လက်ဆွေးနွေးရန်အတွက် လုပ်ဆောင်နေဆဲ စာတမ်း၊ ဇွန်လ ၂၀၁၃ ခုနှစ်)

30 Statement of the Special Rapporteur on the Situation of Human Rights in Myanmar, 26 July 2014, Yangon (မြန်မာနိုင်ငံ လူ့အခွင့် အရေး လေ့လာတင်ပြသူ အထူးသံတမာန်၏ ကြေညာချက်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်)

သိသာထင်ရှားစွာ ဖော်ပြခဲ့ကြပါသည်။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု ကင်းမဲ့နေခြင်းကြောင့် အငြင်းပွားမှု ပဋိပက္ခများ ဖြေရှင်းရာတွင်၊ လိင်ကွဲပြားမှုအပေါ် အခြေခံ၍ တရားစီရင်ရေးတွင် ဘက်လိုက်မှုများ၊ အထူးသဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဖြေရှင်းမှုများ၊ အစိုးရမဟုတ်သည့် တရားစီရင်ရေးစနစ်များ၏ ဖြေရှင်းပေးမှုများတွင် စိုးရိမ်ပူပန်မှုများ ရှိနိုင်ပါသည်။ ဤသည်မှာ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများအတိုင်း တစ်သွေမတိမ်း တူညီကြပြီး၊ ဥပမာအားဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုခွဲဝေရာတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ရှိတတ်ကြပါသည်။

ပဋိပက္ခစစ်ပွဲများ ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ကြရ၍ ပြန်လည်နိုးထလာသော ဧရိယာများ၌ တရားမျှတမှု ခံစားရရှိနိုင်ရေးအတွက် အဟန့်အတားမှာ၊ တရားစီရင်ရေး စနစ်အမျိုးမျိုးအကြား ကျယ်ပြန့်စွာ ပြိုင်ဆိုင်အားပြိုင်နေကြခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်းစနစ် အင်စတီကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် တရားဥပဒေ စိုးမိုးရေးဖြစ်ပေါ်လာစေရေးအတွက် မရှိမဖြစ် လိုအပ်သကဲ့သို့၊ တရားဝင်နှင့် တရားဥပဒေပြင်ပ ပဋိပက္ခဖြေရှင်းပေးရေး လုပ်ငန်းစဉ် ဆက်စပ်မှုများကိုလည်း အားပေးမြှင့်တင်ပေးကြရမည်မှာလည်း ရပ်ရွာလူမှုအသိုက်အဝန်းအဆင့်တွင် အထူးအရေးကြီး ပါသည်။

အသစ်ပေါ်ထွက်လာသော ကရင်ရဲတပ်ဖွဲ့များမှာ အရပ်သားပြည်သူများ တရားမျှတမှု ခံစားရရှိနိုင်ရေးအတွက် ပိုမိုအားကောင်းလာစေမည် ဖြစ်သည်။ သင့်တော်သည့် ပံ့ပိုးမှုများပြုလျှင်၊ ယင်းမှတဆင့် ရပ်ရွာ ပဋိပက္ခ ဖြေရှင်းပေးရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပြီး၊ ကြီးလေးသည့် ရာဇဝတ်ပြစ်မှုများအတွက် မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်သို့ လွှဲပြောင်းပေးရေးကို ကြားဝင်ကူညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ သို့သော်လည်း အရပ်ဖက်လူမှု အဖွဲ့အစည်းများ၏ အတွေ့အကြုံအရ လွှတ်တော်ကော်မီတီများ ဖွဲ့စည်းခြင်းဖြင့်၊ တပ်မတော်ကို တာဝန်ယူ ဖြေကြားလာစေရန် ဆောင်ရွက်ရေးမှာ ယခုတိုင် စိန်ခေါ်မှု ပြဿနာအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းဆောင်ရွက်သည့် ပြည်ထောင်စု လွှတ်တော်၏ လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေး စုံစမ်းရေး ကော်မရှင်၏ မှတ်တမ်းများအရ တပ်မတော်က သိမ်းပိုက်ခဲ့သည့် မြေယာများ ရှိခဲ့ပြီး၊ အသုံးမပြုသည့် မြေများကို ပြန်ပေးရန်၊ သို့မဟုတ် သုံးသည့်မြေများအတွက် လျော်ကြေးပြန်ပေးရန် အကြံပြုခဲ့ပါသည်။[31] သို့သော်လည်း ရေးမြို့နယ်ရှိ တပ်မတော် တပ်မှူးများက ဤအကြံပြုချက်များကို လျစ်လျူရှုနေနိုင်သည်၊ အနည်းဆုံး အစီရင်ခံ တင်ပြခြင်းမပြုဘဲ လျစ်လျူရှု နေနိုင်ပါသေးသည်။

## ၅။ ၂။ ကျူးလွန်သူများ အပြစ်ကင်းလွတ်နေခွင့် အဆုံးသတ်ရေး

> *"ကျွန်မတို့က အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုတွေလည်း ခံစားခဲ့ကြရတယ်။ အနာဂတ်မှာ နောက် တစ်ကြိမ်ထပ်ပြီး ဒီလိုမခံစားချင်တော့ဘူး။ သူတို့က ဥပဒေတွေကို လိုက်နာတာ မဟုတ်ဘူး။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ နောက်တစ်ကြိမ် ထပ်မဖြစ်စေဖို့ ကျွန်မတို့ဆီကို လာနေတာကိုလည်း ကာကွယ်တားဆီးနိုင်တာ မဟုတ်ဘူး။"*
>
> ကရင်အမျိုးသမီး တစ်ဦး၊ တနသ်ာရီမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ CIDKP နှင့် KHRG တွေ့ဆုံမေးမြန်းမှု၊

ကုလသမဂ္ဂ၏ အထူးသံကိုယ်စားလှယ်က ပြီးခဲ့သည့် နှစ် ၂၀ က မြန်မာနိုင်ငံတွင်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ အကျယ်အပြန့်နှင့် စနစ်တကျ ရှိနေခြင်းအပေါ် ပြစ်တင်ရှုံ့ချခဲ့ပါသည်။[32] ပဋိပက္ခစစ်ပွဲများအတွင်း ပါဝင်ပတ်သက်နေသည့် အင်အားစုများက အရပ်သားပြည်သူများကို ကာကွယ်ပေးရန် တာဝန်ဝတ္တရားရှိသည်ကို လျစ်လျူရှုထားခဲ့ကြပါသည်။ အထူးသဖြင့် တပ်မတော်၏ သောင်းကျန်းသူ နှိမ်နင်းရေး မဟာဗျူဟာအရ စစ်ပွဲဖြစ်ပွားနေသော ဒေသများတွင် လူထုများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ၊ ယေဘုယျ ဆိုရလျှင် လူ့အခွင့်အရေး ချိုးဖောက်မှု ပို၍ကြီးမားသည့် အစိတ်အပိုင်းအတွက် တာဝန်ရှိသည်ဟု ယူဆနိုင်ပါသည်။ ၂၀၁၀ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲပြီးနောက် ၃-နှစ်အကြာတွင်၊ အပြစ်ရှိနေသူများကို အပြစ်မပေးဘဲ ကင်းလွတ်ထားစေသည့် ယဉ်ကျေးမှုကို အဆုံးသတ်စေရန်၊ လူ့အခွင့်အရေး ကာကွယ်ပေးရန် ကြိုးပမ်းလှုပ်ရှားနေသူများက အသစ်တဖန် ထပ်၍ တောင်းဆိုခဲ့ကြပါသည်။ နိုင်ငံတော်က ကမကထပြုထားသည့်


---

31 The Irrawaddy, 5 March 2013, "Military involved in massive land grabs: Parliamentary Report", (ဧရာဝတီဂျာနယ်၊ "စစ်တပ်က မြေ အမြောက်များ သိမ်းပိုက်မှုတွင် ပါဝင်ပတ်သက်နေခြင်း - လွှတ်တော်အစီရင်ခံစာ) http://www.irrawaddy.org/human-rights/military-involved-in-massive-land-grabs-parliamentary-report.html

32 Yozo Yokota, 1993, "Report on the Situation of Human Rights in Myanmar", E/CN.4/1933/37 (ယိုဇို ယိုကိုတာ၊ မြန်မာနိုင်ငံ လူ့အခွင့် အရေး အခြေအနေ၊ ၁၉၉၃ ခုနှစ်)

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ တိုင်းရင်းသူ အမျိုးသမီးများအပေါ် ဆက်လက်ကျူးလွန် ဖြစ်ပွားနေဆဲ ရှိပါသည်။[33] လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်စဲစေခြင်း၊ ထပ်မံမဖြစ်ပွားစေရန် ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်သူများကို တာဝန်ယူ တာဝန်ခံမှု ရှိစေရေး စသည့်အချက်တို့မှာ၊ မြန်မာနိုင်ငံ၏ တရားမျှတရေးကို အလေးပေးသည့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် သော့ချက်ကျသည့် စိန်ခေါ်မှု ပြဿနာများ ဖြစ်ပါသည်။

ပုံ- ၁၆။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်ဆိုင်းစေရန် ဒေသခံများ၏ ဦးစားပေးလုပ်ငန်းများ




လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်စေရန် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း ၂-ခု သတ်မှတ်ဖော်ပြပေးရန် တောင်းဆိုသည့်အခါ၊ ရပ်ရွာကိုယ်စားလှယ်များက လူ့အခွင့်အရေး ပညာပေးမှုကို အလေးပေး ဖော်ပြကြပါသည်။ သို့မှသာ ကျေးရွာလူထုများ အနေဖြင့်၊ အခွင့်အရေးများ တောင်းဆိုရာတွင် ပို၍ ယုံကြည်မှုရှိကြမည်ဟု ဆိုပါသည်။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ပြဿနာအများကို ဖော်ပြကြပြီး၊ ယင်းတို့တွင် တပ်မတော်စခန်းများ ရုပ်သိမ်းပေးရေး၊ ဆုတ်ပေးရေး၊ လက်နက်ကိုင် တပ်ဖွဲ့များ ခွဲခြားနေရာချထားရေး၊ အပစ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ် ထူထောင်ခြင်း၊ စစ်သားများ လိုက်နာရမည့် ကျင့်ထုံးများကို နှစ်ဦးသဘောတူ ချမှတ်ရေးဆွဲခြင်း စသည့်ကိစ္စများ အပါအဝင် ဖြစ်ပါသည်။ ဥပဒေပြုရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအဖြစ် (ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ရဲများနှင့် တရား ဥပဒေ အာဏာပိုင်များကို သင်တန်းများပေးရေး၊ တရားစီရင်ရေး စနစ်များအကြား တစ်ပြေးညီ ဖြစ်စေရေး) စသည့် ကိစ္စများကိုလည်း မရှိမဖြစ် အရေးကြီးကြောင်း အသိအမှတ်ပြု ဖော်ပြကြပါသည်။ တစ်နည်းဆိုရသော် အောက်ခြေအဆင့် ရပ်ရွာ လူမှုအသိုက်အဝန်းများနှင့် တိုက်ရိုက်ပတ်သက်မှု နည်းသည်ဟု ဆိုနိုင်ပါသည်။

ဤတွေ့ရှိချက်များမှာ ကရင်ပြည်နယ်အတွင်း မကြာသေးမီက ဆောင်ရွက်ခဲ့သည့် အရည်အသွေးသဘော သုတေသန (qualitative research) များကို အတည်ပြုပေးနိုင်ပါသည်။ ယင်းတွေ့ရှိချက်အရ ဆက်လက်၍ စစ်တပ်အင်အားတိုးချဲ့ ချထားမှုများ ရှိနေခြင်းနှင့် အင်အားဖက်ပြိုင်နေသည့် အုပ်စုများအကြား၊ နယ်ခြားသတ်မှတ်ထားမှု ကင်းမဲ့နေခြင်းတို့မှာ ရပ်ရွာလူထုများအတွက် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှု အဓိကအကြောင်း ဖြစ်နေစေပါသည်။[34] လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို တရားမျှတမှု အလေးပေး ဆောင်ရွက်နိုင်ရေး၊ တပ်မတော်ရှိ စစ်သားများ တာဝန်ယူ တာဝန်ခံမှု ရှိစေရေး တို့မှာ ပြဿနာ အခက်အခဲများအဖြစ် ရှိနေဆဲ ဖြစ်သည်။

33 Womens League of Burma, January 2014, “Same Impunity, Same Patterns” (မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့ချုပ်၊ "ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ပေးမှု မရှိခြင်း တူညီသည့်အခြေအနေ၊ တူညီသည့် ရှေ့လားရာဖြစ်စဉ်များ"၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ)

34 Center for Peace and Conflict Studies, September 2014, “Listening to Communities of Karen State” (ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများ လေ့လာရေးစင်တာ၊ "ကရင်ပြည်နယ်တွင် ရပ်ရွာလူမှုအသိုက်အဝန်းများထံမှ နားထောင်ခြင်း၊ စက်တင်ဘာလ ၂၀၁၄ ခုနှစ်)

## ၅။ ၃။ ပြန်လည်ရင်ကြားစေ့ရေး အလားအလာ

> *"အတိတ်မှာ လက်နက်ကိုင်တပ်ဖွဲ့တွေက ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို လွယ်လွယ်မေ့ပစ်ဖို့ တော့ မဖြစ်နိုင်ဘူး။ သူတို့ကို ပြန်အပြစ်ပေးဖို့ လိုတယ်။ အကယ်၍ မြန်မာနိုင်ငံ တရားရုံးတွေက သင့်လျော်တဲ့ အတိုင်း မဆောင်ရွက်နိုင်ဘူးဆိုရင်၊ ကျွန်မတို့ကတော့ နိုင်ငံတကာ မိသားစုကို အသိပေးပြောပြရမှာပဲ။"*
>
> ရှမ်းအမျိုးသမီး တစ်ဦး၊ မိုင်းတုံမြို့နယ်၊ မေလ ၂၀၁၄ ခုနှစ်၊ SSDF တွေ့ဆုံမေးမြန်းမှု

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု အယူအဆ ဆိုသည်မှာ လက်နက်ကိုင် ပဋိပက္ခများအတွင်း၊ ယခင်အာဏာရှင် အစိုးရများလက်အောက်အတွင်း၊ အကျယ်အပြန့် ကျူးလွန်ဖြစ်ပွားခဲ့ကြသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်၊ ပြန် လည်ရင်ကြားစေ့ရေး အလားအလာများကို မြှင့်တင်နိုင်စေရန် ဖြေရှင်းပေးရေးကိစ္စကို ရည်ညွှန်းပြောဆိုကြခြင်း ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်များတွင် အထူးတာဝန်ရှိသော ကျူးလွန်ချိုးဖောက်မှုများအတွက် ရာဇဝတ်ပြစ်မှုကြောင်းအရ အရေးယူ အပြစ်ပေးခြင်း၊ လျော်ကြေး၊ သို့မဟုတ် တောင်းပန်မှုများဖြင့် ပြန်လည်ကုစားစေခြင်း၊ အိမ်ယာများ၊ မြေများ၊ ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများ သိမ်းပိုက်ခဲ့မှုများကို လျော်ကြေးပေးခြင်း၊ အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်ဖြင့် လူ့အခွင့် အရေးချိုးဖောက်မှု ဖြစ်စဉ်များကို တရားဝင် အသိအမှတ်ပြုပေးခြင်း နှင့် စစ်တပ်၊ ရဲများ၊ တရားရေး အာဏာပိုင်များ၏ ခံယူချက်နှင့် အမူအကျင့်များကို ပြုပြင် ပြောင်းလဲနိုင်စေရန် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ... စသည့်လုပ်ငန်းများ ပါဝင်ပါသည်။ ဤလုပ်ငန်းဆောင်တာများကို အချင်းချင်း အားဖြည့် လုပ်ဆောင်သည့်အခါ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို အသိပေးရှင်းပြနိုင်သည့်အခါ အမျိုးသား ပြန်လည်သင့်မြတ်ရေး အလားအလာများ ပို၍ အားကောင်းလာစေပါသည်။[35]


သို့သော်လည်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တရားဝင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်၍ ၃-နှစ် ကျော်လာခဲ့ပြီ ဖြစ်သော်လည်း၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် ပတ်သက်၍ ယခုတိုင် များစွာ အလေးပေးမှု မခံရသေးပါ။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အပေါ် အစိုးရနှင့် သီးခြားလွတ်လပ်မှု မရှိခြင်း၊ ယင်း၏ ပေး အပ်ထားသည့်တာဝန်အပေါ် ကျေပွန်ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းတို့အတွက် ဝေဖန်နေကြပါသည်။ ထိုမျှမက ယင်း အဖွဲ့၏ ဥက္ကဋ္ဌက ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားနေရာ ဒေသများတွင် စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ဟု ချန်လှပ်ထားကြောင်း လူ သိရှင်ကြား ပြောဆိုငြင်းပယ်ထားခဲ့ပါသည်။ ပို၍အရေးကြီးသည်မှာ တပ်မတော်အနေဖြင့်၊ အရပ်သားများ၏ ကြီးကြပ်စီမံ မှုကို ယခုတိုင် တာဝန်ခံဖြေကြားခြင်း မရှိသေးဘဲ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ လက်တွေ့တွင်သော် လည်းကောင်း ဤအခြေအနေ မရှိသေးပါ။[36]

ယနေ့တိုင် အလေးပေး အာရုံထားမှု မရှိသေးသော်လည်း၊ ပုံ-၁၇ တွင် ဖော်ပြထားသည့်အတိုင်း ယခင်အတိတ်ကာလ ဖိနှိပ်ချိုးဖောက်မှုများနှင့် ပတ်သက်၍ အကောင်းဆုံး အသိအမှတ်ပြုရန် ရွေးချယ်စရာ နည်းလမ်းများ အများအပြား ရှိနေပါသည်။ တုံ့ပြန်မှု အများဆုံး ၂-ခုကို ဦးစားပေးအဖြစ် ရွေးချယ်နိုင်ရန် မေးမြန်းသည့်အခါ၊ အုပ်စုလိုက် သီးသန့်ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူ အများစုက တာဝန်ယူ တာဝန်ခံမှု မြှင့်တင်နိုင်ရေးအတွက် ရာဇဝတ်ကြောင်းအရ တရားစီရင်ရန်သာ ဦးစားပေး ရွေးချယ်ခဲ့ကြသည်။ သို့သော်လည်း သိသာထင်ရှားသည့် လူနည်းစုကမူ ဥပဒေကြောင်းအရ လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် ကမ်းလှမ်းခဲ့ကြသည်။ သို့မှသာ ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ် လမ်းကြောင်း မလွဲသွားစေရန်ဟု ဆိုကြသည်။ ရာဇဝတ်ကြောင်းအရ တရားစီရင် အပြစ်ပေးမှု ရွေးချယ်စရာနည်းလမ်းတွင်မူ အယူအဆများ ကွဲလွဲနေကြပါသေးသည်။ အချို့က နိုင်ငံအဆင့် စုံစမ်းရေးကော်မရှင်က ဦးဆောင်သင့်သည်ဟု ဆိုကြပြီး၊ အချို့ကမူ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ခုံရုံး၊ သို့မဟုတ် အလားတူ အဖွဲ့အစည်းတစ်ခု ထံသို့ လွှဲပြောင်းပေးပို့သင့်သည်ဟု ဆိုကြပါသည်။ ရက်စက်ဖိနှိပ်မှုများကို လူသိရှင်ကြား အသိအမှတ်ပြုရေး အရေးကြီးပြီး၊ အနည်းဆုံး တာဝန်ရှိသူများကို ဥပဒေကြောင်းအရ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်ဆိုလျှင်သော်မှ၊ညှဉ်းပမ်းနှိပ်စက်ခံရ၍ အသက်ရှင်ကျန်ရစ်ရသူများအတွက် စိတ်ပိုင်းဆိုင်ရာအရ အသိအမှတ်ပြုမှု ပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးသင့်ပါသည်။

35 Roger Duthie, 2012, "Transitional Justice and Displacement", International Center for Transitional Justice and Brookings-LSE Project on Internal Displacement, pages 12-22. ရော်ဂျာ ဒူသီ၊ "အသွင်ကူးပြောင်းရေးကာလ တရားမျှတရေး နှင့် အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရ မှု")

36 Equality Myanmar and Burma Partnership, "Burma: All the President's Men", in Asian NGO Network on National Human Rights Institutions, September 2014, "Report on the Performance and Establishment of National Human Rights Institutions in Asia", pages 12-24 (Equality Myanmar နှင့် မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ၊ မြန်မာနိုင်ငံ- အားလုံးက သမ္မတ၏လူများသာ ဖြစ်ကြသည်" အစီရင်ခံစာ၊ စက်တင်ဘာလ ၂၀၁၄ ခုနှစ်)

ပုံ - ၁၇။ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ ဖြေရှင်းရန် လိုလားကြသည့် လုပ်ငန်းစဉ်များ




တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ပြောဆိုဖော်ပြရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ မြေယာ အခွင့်အရေးနှင့် ဒုက္ခသည်များ ပြန်လည်အခြေချ ပေါင်းစည်းရေးတို့မှာ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပြီးနောက်၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေးကြရမည့် ဦးစားပေးကိစ္စများအဖြစ် ဖော်ထုတ်ပြောဆိုခဲ့ကြပါသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေး အလားအလာမှာ၊ ဤဆွေးနွေးမှုများအတွင်း တရားမျှတရေး စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားခြင်း ရှိ-မရှိအပေါ် များစွာတည်မှီနေပါသည်။ အရပ်ဖက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက ဖော်ပြပြောဆိုကြရာတွင် ဤဆွေးနွေးငြင်းခုံပွဲများတွင် ပါဝင်တက်ရောက်လိုလှပြီး၊ သူတို့၏ ပါဝင်မှုကြောင့် ငြိမ်းချမ်းရေး အသီးအပွင့်များကို ရေရှည်ခံစားနိုင်အောင် ထိန်းသိမ်းနိုင်ရေး အထောက်အကူဖြစ်မည်ဟု ယူဆကြပါသည်။

# နောက်ဆက်တွဲများ







၁။ ရေကြောင်းလမ်းပမ်းဆက်သွယ်ရေး၊ ကြာအင်းဆိပ်ကြီးမြို့၊ ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်၊ (CIDKP)
၂။ အိုးအိမ်မဲ့ ပြောင်းရွှေ့နေထိုင်ရသူ လူထု၊ မွန်ပြန်လည်နေရာချထားရာနေရာ၊ ရေဖြူမြို့၊ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်၊ (MRDC)
၃။ ရှမ်းပြည်တွင်းဒုက္ခသည်စခန်းအတွက် စိုက်ပျိုးခြံများ၊ မိုင်းဆတ်မြို့၊ ဇွန်လ ၂၀၁၄ ခုနှစ်၊ (TBC)

# နောက်ဆက်တွဲ ၁။
# ပြည်တွင်း ဒုက္ခသည် လူဦးရေ ခန့်မှန်းခြေ

| ပြည်နယ်/တိုင်းဒေသကြီး<br>မြို့နယ်၊ ကျေးရွာအုပ်စု | ကျေးရွာအုပ်စု၏ အခြားအမည် | MIMU<br>P-codes | ပြည်တွင်း<br>ဒုက္ခသည် | အိမ်ပြန်ခြင်းနှင့် ပြန်လည်<br>အခြေချနေထိုင်ခြင်း<br>(ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄) |
|---|---|---|---|---|
| **ရှမ်းပြည်နယ်** | | | **၉,၅၀၅** | **၄၀၅** |
| **လဲချား** | | | **၇,၇၈၀** | **၂၄၈** |
| ဟဲဆိုင် | | MMR014012003 | ၃၀၀ | ၃ |
| ကတ်မောက် | Nam Ler | MMR014012013 | ၂,၀၀၀ | ၂၀ |
| နားမန်း | | MMR014012009 | ၃၀၀ | ၀ |
| နောင်ကော် | Nawng Kaw | MMR014012002 | ၁,၂၀၀ | ၃၀ |
| ပန်ဆန်း | Nar Poi | MMR014012004 | ၁,၀၀၀ | ၅၀ |
| ပုံတိုက် | Hart Lee | MMR014012008 | ၁,၀၀၀ | ၅၀ |
| ဝမ်ထိ | | MMR014012010 | ၁၈၀ | ၃၀ |
| ဝမ်လေ | | MMR014012012 | 800 | ၅၀ |
| ဝမ်ဆန်း | | MMR014012014 | ၁,၀၀၀ | ၁၅ |
| **မိုင်းပန်** | | | **၈၂၅** | **၁၀၅** |
| ဆားဝါး | | MMR014021009 | ၂၇ | ၂၇ |
| ကုန်းကျိုင်း | | MMR014021002 | ၅၀ | ၁၇ |
| နမ်းတိန်း | | MMR014021003 | 3 | ၆ |
| နားလော | | MMR014021008 | ၀ | ၀ |
| နောင်ဟီး | | MMR014021005 | ၃၀၀ | ၂၀ |
| နောင်ရင် | | MMR014021010 | ၄၀၀ | ၂၀ |
| တောင်ကိုင်း | | MMR014021006 | ၄၅ | ၁၅ |
| **မိုင်းတုံ** | | | **၉၀၀** | **၅၂** |
| ဖါချယ် | | MMR016008002 | ၀ | ၈ |
| မယ်ကင်း | Wan Mai Mawk Pao | MMR016008003 | ၀ | ၄ |
| မိုင်းဟန် (ပုံပါကျင်မြို့နယ်ခွဲ) | | MMR016008008 | ၉၀၀ | ၄၀ |
| **ကယားပြည်နယ်** | | | **၁၄,၆၇၇** | **၁,၀၈၅** |
| **ဘောလခဲ** | | | **၁,၁၀၄** | **၄၀** |
| ဘောလခဲ | Main Htan | MMR002005003 | ၀ | ၁၇ |
| ဘူးခူး | | MMR002005001 | ၀ | ၀ |
| ချီးကွဲ | | MMR002005005 | ၀ | ၀ |
| လွယ်ဝိန်း (ရွာသစ်မြို့နယ်ခွဲ) | | MMR002005008 | ၁၉ | ၁၆ |
| နန်းဖဲ | | MMR002005002 | ၂၀၉ | ၀ |
| နန်းလင်း | | MMR002005007 | ၁၂၆ | ၇ |
| စောလုံ | | MMR002005004 | ၇၅၀ | ၀ |
| **ဒီမောဆို** | | | **၁,၈၆၀** | **၁၉၆** |
| ဒေါဘူးကူး | | MMR002002005 | ၁၇ | ၁၅ |
| ဒေါဖု | | MMR002002024 | ၂၈၉ | ၈ |
| ဒေါကလောဒူ | | MMR002002023 | ၄၅ | ၇ |
| ဒေါတမကြီး | | MMR002002026 | ၁၀၀ | ၆ |
| ဒေါတော်ကူး | | MMR002002009 | ၁၀၈ | ၇ |
| ထီးဖိုးကလို | | MMR002002025 | ၈၉၆ | ၂၂ |
| လိုဘာခိ | | MMR002002014 | ၂၂၀ | ၀ |
| လိုပူ | | MMR002002018 | ၂၀ | ၀ |
| မြလဲ | | MMR002002016 | ၀ | ၁၇ |
| နောင်ပုလဲ | | MMR002002010 | ၁၁၂ | ၉ |
| ပန်ပက် | | MMR002002020 | ၄၀ | ၀ |
| စံပြ (၆) မိုင် | | MMR002002022 | ၀ | ၁၀၅ |
| ဆောင်ဒူလာ | | MMR002002017 | ၁၃ | ၀ |
| သေးဆူလဲ | | MMR002002008 | ၀ | ၀ |

| ပြည်နယ်/တိုင်းဒေသကြီး မြို့နယ်၊ ကျေးရွာအုပ်စု | ကျေးရွာအုပ်စု၏ အခြားအမည် | MIMU P-codes | ပြည်တွင်း ဒုက္ခသည် | အိမ်ပြန်ခြင်းနှင့် ပြန်လည် အခြေချနေထိုင်ခြင်း (ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄) |
|---|---|---|---|---|
| **ဖာဆောင်း** | | | **၄,၃၁၀** | **၅၆၈** |
| ဘဟန်းလော့ | | MMR002006003 | ၂၀၀ | ၁၆ |
| ဖာဆောင်း | | MMR002006001 | ၄၅၀ | ၄၂ |
| ကရယ်ခီး | Pa Hoe | MMR002006008 | ၁,၁၀၀ | ၀ |
| ကော်သူဒိုး | | MMR002006005 | ၅၀၀ | ၁၀ |
| ကွာခီး | | MMR002006004 | ၅၅၀ | ၀ |
| မော်ချီး | LoKharLo | MMR002006006 | ၁,၃၀၀ | ၅၀၀ |
| မိုဆာခီး | | MMR002006007 | ၁၀ | ၀ |
| ဝမ်အောင်း | | MMR002006002 | ၂၀၀ | ၀ |
| **ဖရူဆို** | | | **576** | **၁၅** |
| ဒိုမောစော | | MMR002003010 | ၆၀ | ၀ |
| ဒိုးလာစော | | MMR002003007 | ၅၀ | ၆ |
| ဒိုးပရယ် | | MMR002003008 | ၆ | ၀ |
| ဟိုယာ | | MMR002003009 | ၂၀၀ | ၅ |
| ဖရူဆို | MyoeMa | MMR002003001 | ၀ | ၀ |
| ထီးပေါ်ဆို | | MMR002003002 | ၁၀ | ၀ |
| ကေးလျာ | | MMR002003004 | ၃၀ | ၀ |
| ကေကော | | MMR002003012 | ၁၅၀ | ၀ |
| မာခရော်ရှေ | | MMR002003005 | ၅၀ | ၀ |
| မိုဆို | | MMR002003006 | ၂၀ | ၀ |
| ရာဖေရား | | MMR002003003 | ၀ | ၄ |
| **လွိုင်ကော်** | | | **၂,၈၂၈** | **၁၈၃** |
| ချိုကယ် | | MMR002001008 | ၁၀ | ၁ |
| ကုန်းသာ | | MMR002001005 | ၂၀၀ | ၃ |
| လောပီတ | | MMR002001012 | ၆၃၀ | ၆၀ |
| လွိုင်လင်းလေး | | MMR002001003 | ၃၅ | ၀ |
| မထောခု | | MMR002001009 | ၁၀၀ | ၅ |
| နီးကိုး | | MMR002001004 | ၃ | ၀ |
| နွားလပိုး | | MMR002001007 | ၅၀၀ | ၇ |
| ပါလောင်း | | MMR002001010 | ၃၀၀ | ၄၉ |
| တီးလုံ | | MMR002001011 | ၅၅၀ | ၅၀ |
| တီးစဲခါး | | MMR002001002 | ၅၀၀ | ၈ |
| **မယ်စဲ့** | | | **၆၄၉** | **၁၃** |
| ဟိုဂျစ် | | MMR002007002 | ၃၀၀ | ၁၂ |
| မယ်ဆည့်နန်း | Pan Tain | MMR002007003 | ၁၃၆ | |
| မယ်စဲ့ | | MMR002007001 | 87 | ၀ |
| နန်းမား | | MMR002007004 | ၁၂၆ | ၁ |
| **ရှားတော** | | | **၃,၃၅၀** | **၇၀** |
| ရှားတော (မြောက်ပိုင်း) | Daw Ta Naw | MMR002004001 | ၇၅၀ | ၇ |
| ရှားတော (တောင်ပိုင်း) | | MMR002004002 | ၁,၄၀၀ | ၅၃ |
| ရှားတော (အလယ်ပိုင်း) | Thi Ri Dah(East) | MMR002004003 | ၁,၂၀၀ | ၁၀ |
| **ပဲခူးတိုင်းဒေသကြီး** | | | **၉,၀၀၀** | **၉၀** |
| **ကျောက်ကြီး** | | | **၅,၀၀၀** | **၉၀** |
| ပင်ပုံ သစ်တောကြိုးဝိုင်း | Saw Tay Der | MMR007011000 | ၃၄၀ | ၀ |
| သစ်တော | Yaw Hkee and Yoo Loh | MMR007011000 | ၄၀၀ | ၀ |
| သစ်တော | Hsaw Mee Loo | MMR007011000 | ၃၆၀ | ၀ |
| သစ်တော | Khoh Poo | MMR007011000 | ၃၅၀ | ၀ |
| သစ်တော | Saw Hka Der | MMR007011000 | ၃၉၅ | ၀ |
| သစ်တော | Kheh Der | MMR007011000 | ၆၃၇ | ၀ |
| သစ်တော | Kwee Lah and Le War | MMR007011000 | ၅၄၀ | ၀ |
| မီးတိုင်တော (အရှေ့) | Kheh Poh Der and K. Moo Loh | MMR007011000 | ၂၅၀ | ၀ |

| ပြည်နယ်/တိုင်းဒေသကြီး<br>မြို့နယ်၊ ကျေးရွာအုပ်စု | ကျေးရွာအုပ်စု၏ အခြားအမည် | MIMU<br>P-codes | ပြည်တွင်း<br>ဒုက္ခသည် | အိမ်ပြန်ခြင်းနှင့် ပြန်လည်<br>အခြေချနေထိုင်ခြင်း<br>(ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄) |
|---|---|---|---|---|
| မယ်ခွာ သစ်တောကြိုးဝိုင်း | Theh Baw Der | MMR007011000 | ၄၃၀ | ၀ |
| မယ်ပုတ် | Maw Keh Tha Per Hkoh | MMR007011031 | ၃၄၀ | ၀ |
| မီးတိုင်တော (အနောက်) | Kyaw Hpya | MMR007011028 | ၂၀၀ | ၀ |
| မိချောင်းဂေါင်း | Htee Ler Baw Hta | MMR007011002 | ၂၆၀ | ၀ |
| နောင်ဘို | Kwee Doh Hkaw | MMR007011032 | ၂၃၈ | ၅၀ |
| တုံးကြီး | Ler Khah | MMR007011004 | ၂၆၀ | ၄၀ |
| **ရွှေကျင်** | | | **4,000** | **၀** |
| အထက်မယ်ဖောင်း | Loh Hkee | MMR007008028 | ၅၀၀ | ၀ |
| ထီးကလေး | Saw theh Hkee | MMR007008032 | ၃၀၀ | ၀ |
| ခင်မွန်းအင်း | Maw Bleh Hkee | MMR007008028 | ၂၅၀ | ၀ |
| ကျုံပကူးဖျား | Htee Blah | MMR007008054 | ၃၅၀ | ၀ |
| မယ်ဖောင်ဝ | Meh Ka Tee | MMR007008047 | ၃၅၀ | ၀ |
| မယ်ကဒီး | Blaw Hkoh | MMR007008051 | ၁,၀၀၀ | ၀ |
| မယ်ရစ် | Meh Yeh Hkee | MMR007008046 | ၃၀၀ | ၀ |
| စော်ပဲဒိုး | Kheh Ka Hkoh | MMR007008026 | ၄၀၀ | ၀ |
| သံပရာကုန်း | Thay Ghaw Der | MMR007008027 | ၃၀၀ | ၀ |
| ရဲသောင် | Htee Wa Bway Hkee | MMR007008055 | ၂၅၀ | ၀ |
| **ကရင်ပြည်နယ်** | | | **၅၉,၄၈၅** | **၅,၈၄၈** |
| **လှိုင်းဘွဲ** | | | **၄,၂၅၂** | **၇၄၃** |
| ဘီးစကတ် | Noh Boh | MMR003002057 | ၄၂၀ | ၀ |
| လှိုင်းဘွဲ  သစ်တော်ကြိုးဝိုင်း | | MMR003002000 | ၂၅၀ | ၀ |
| မယ်လောခီး | | MMR003002021 | ၁၆၅ | ၀ |
| မယ်ပရ | | MMR003002064 | ၁၅၀ | ၀ |
| မယ်သလူ | | MMR003002022 | ၁,၅၀၀ | ၅၅၀ |
| မိကျောင်း | | MMR003002068 | ၁၅၀ | ၀ |
| နောင်ခွီး | | MMR003002056 | ၁၂၀ | ၀ |
| နွဲ့ပညာ | | MMR003002020 | ၂၀၅ | ၀ |
| ပထလာပ | | MMR003002071 | ၀ | ၀ |
| ပိုးပလေ | | MMR003002072 | ၂၀၀ | ၃၅ |
| စောလော | | MMR003002025 | ၃၅၀ | ၅၈ |
| တာကရား | | MMR003002058 | ၆၈၂ | ၁၀၀ |
| သမို | | MMR003002069 | ၆၀ | ၀ |
| ရေပူကြီး | | MMR003002060 | ၀ | ၀ |
| **ဖာပွန်** | | | **၁၃,၇၂၅** | **၃၈** |
| ဘဲစာလော် | | MMR003003012 | ၄,၈၆၅ | ၀ |
| လှဝွင်းပျို | | MMR003003019 | ၀ | ၀ |
| ကွမ်းပင်ဝ | Htee Tha Blue Hta | MMR003003023 | ၃,၅၈၂ | ၀ |
| ကော်လူဒိုး | | MMR003003011 | ၆၉၅ | ၀ |
| မထော | | MMR003003005 | ၁,၅၃၅ | ၀ |
| မလေးကျောက် | | MMR003003020 | ၂၀၆ | ၁၂ |
| မယ်ချုံဝ | | MMR003003022 | ၂၅ | ၀ |
| မယ်သလွတ် | | MMR003003002 | ၁ | ၁ |
| မင်းနန်းနွယ် | | MMR003003014 | ၂၄၀ | ၃ |
| မြင်းတပြေး | Mae Hku Hta | MMR003003033 | ၅၀၁ | ၀ |
| နန်းခူခီး | | MMR003003015 | ၁၀၀ | ၁၅ |
| ပန်ဟိုက် | | MMR003003007 | ၀ | ၇ |
| ပျဉ်းမ | Meh Nyu Hta | MMR003003009 | ၉၃၃ | ၀ |
| ဝေဆန် | | MMR003003004 | ၁,၀၄၂ | ၀ |
| **ကောကရိတ်** | | | **၁,၄၆၅** | **၂၂၄** |
| အံ့ဖကြီး | | MMR003006021 | ၆၄၀ | ၁၂၀ |
| အံ့ကောင် | | MMR003006035 | ၆၀ | ၁၆ |

| ပြည်နယ်/တိုင်းဒေသကြီး<br>မြို့နယ်၊ ကျေးရွာအုပ်စု | ကျေးရွာအုပ်စု၏ အခြားအမည် | MIMU<br>P-codes | ပြည်တွင်း<br>ဒုက္ခသည် | အိမ်ပြန်ခြင်းနှင့် ပြန်လည်<br>အခြေချနေထိုင်ခြင်း<br>(ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄) |
|---|---|---|---|---|
| ဒေါက်ပလန် | | MMR003006023 | ၃၅၀ | ၁၀ |
| ထီးဟူးသံ | | MMR003006032 | ၀ | ၅၀ |
| ကော့နွဲ့ | | MMR003006017 | ၁၅၀ | ၀ |
| လောင်းကိုင် | | MMR003006034 | ၀ | ၁၄ |
| စကားဝှက် | | MMR003006022 | ၅၀ | ၀ |
| တရိတခေါင်း | | MMR003006036 | ၀ | ၁၄ |
| တောင်ကြာအင်း | | MMR003006033 | ၀ | ၀ |
| သမိန်ဒွတ် | | MMR003006030 | ၀ | ၀ |
| သပြု (ကမော့ပိ) | | MMR003006037 | ၁၁၅ | ၀ |
| ဝင်းက | | MMR003006031 | ၀ | ၀ |
| ရေကျော်ကြီး | | MMR003006019 | ၁၀၀ | ၀ |
| **ကြာအင်းဆိပ်ကြီး** | | | **၁၉,၄၆၇** | **၃,၁၆၀** |
| အဇင်း | Ah Kyuh | MMR003007032 | ၉၀၀ | ၈၂၅ |
| ခနိုး | Seesong | MMR003007011 | ၈၂၀ | ၆၆၀ |
| ဒါလီ | Kyot Kay Kho | MMR003007006 | ၅၂၀ | ၀ |
| လွတ်ရှမ်း | Hloat Shar | MMR003007025 | ၀ | ၀ |
| ဖါးပြ | Phar Pra | MMR003007029 | ၀ | ၀ |
| ထီဝါကလူး | Hti Wa Klu | MMR003007041 | ၉၀၀ | ၀ |
| ကစပ် | | MMR003007012 | ၁,၃၀၀ | ၀ |
| ကော့ဆိုင် | Kaw Hser | MMR003007034 | ၆၁၀ | ၈၀ |
| ခွါပေး | Noh Maw Pu | MMR003007047 | ၁,၆၀၀ | ၀ |
| ကွင်းကလေး | Ywa Doh | MMR003007037 | ၈၀၀ | ၂၅၀ |
| ကျခန်ချောင်း | Ta Kat Chaung | MMR003007007 | ၁,၉၈၃ | ၂၀၆ |
| ကြာအင်းရွှေဒိုး | Noh Ta Shru | MMR003007002 | ၁,၁၂၇ | ၀ |
| ကျောင်ဘီလူး | Kyaut Be Luu | MMR003007027 | ၄,၀၀၀ | ၂၀၀ |
| ကျွန်းချောင်း | | MMR003007023 | ၁,၆၀၇ | ၄၄၀ |
| မိနအ | Mae Naw Ah | MMR003007042 | ၁,၁၀၀ | ၅၀၀ |
| ဆိပ်ကလေး | Seik Ka Lay | MMR003007014 | ၀ | ၀ |
| တောင်ကလေး | Kwee Ler Ter | MMR003007046 | ၁,၂၀၀ | ၀ |
| တောင်ပိုင်း | | MMR003007050 | ၀ | ၀ |
| ဝင်းရော်ဆိပ်ကြီး | | MMR003007017 | ၀ | ၀ |
| **မြဝတီ** | | | **၃,၃၅၀** | **၁,၂၉၅** |
| ဖလူး | | MMR003005008 | ၇၀၀ | ၆၀၀ |
| မယ်ကနယ် | Noh Poe Hti Moo Hta | MMR003005009 | ၄၀၀ | ၁၀ |
| မယ်ထော်သလေး | | MMR003005001 | ၁၅၀ | ၁၀၀ |
| မယ်ကလာ | Su Ka Li | MMR003005004 | ၇၀၀ | ၆၀ |
| မိဖါး | Thay Baw Bo | MMR003005007 | ၁၅၀ | ၂၅၀ |
| တာအုပ် | | MMR003005005 | ၂၅၀ | ၂၅ |
| တီသဲလယ် (မောခီး) | | MMR003005006 | ၁,၀၀၀ | ၂၅၀ |
| **သံတောင်ကြီး** | | | **၁၇,၂၂၆** | **၃၈၇** |
| ဘိုခါးလေခို | | MMR003004055 | ၁,၃၅၀ | ၁၇ |
| ဒါရိုး | | MMR003004041 | ၄၀၀ | ၀ |
| ငှက်ပျောတော | | MMR003004025 | ၈၀၀ | ၀ |
| ဟိုတောပလို | | MMR003004042 | ၆၀၀ | ၂၀၀ |
| နံ့တိုင် | | MMR003004006 | ၁,၂၅၄ | ၀ |
| ကွဲဖြူတောင် | | MMR003004004 | ၁,၄၅၀ | ၀ |
| လိပ်ပြာကြီး | | MMR003004009 | ၁,၄၀၀ | ၀ |
| လိပ်ပြာကလေး | | MMR003004008 | ၁,၃၃၅ | ၀ |
| လယ်ခိုဒိုးခို | | MMR003004012 | ၁,၄၂၄ | ၀ |
| မောင်နွဲ့ကြီး | | MMR003004007 | ၁,၂၈၄ | ၀ |
| စပါးကျီး | | MMR003004050 | ၁,၄၄၆ | ၀ |
| ရှိုးခိုး | | MMR003004013 | ၁,၄၀၀ | ၁၇၀ |

| ပြည်နယ်/တိုင်းဒေသကြီး<br>မြို့နယ်၊ ကျေးရွာအုပ်စု | ကျေးရွာအုပ်စု၏ အခြားအမည် | MIMU<br>P-codes | ပြည်တွင်း<br>ဒုက္ခသည် | အိမ်ပြန်ခြင်းနှင့် ပြန်လည်<br>အခြေချနေထိုင်ခြင်း<br>(ဩဂုတ် ၂၀၁၃ - ဇူလိုင် ၂၀၁၄) |
|---|---|---|---|---|
| စီပင်ကလေး | | MMR003004002 | ၂၃၀ | ၀ |
| ရေသိုးကြီး | | MMR003004052 | ၂,၄၉၃ | ၀ |
| ရွာကြီး | | MMR003004001 | ၃၆၀ | ၀ |
| မွန်ပြည်နယ် | | | ၂,၉၀၀ | ၈၃ |
| ရေး | | | ၂,၉၀၀ | ၈၃ |
| အဘော် | | MMR011006003 | ၀ | ၀ |
| အရှုတောင် | | MMR011006012 | ၀ | ၀ |
| အံဒင် | | MMR011006006 | ၀ | ၅၂ |
| ဒူးယား | | MMR011006010 | ၀ | ၀ |
| ကူးမြောင်း | | MMR011006025 | ၀ | ၀ |
| တောင်ဘုံ | | MMR011006024 | ၀ | ၀ |
| သယံန်းကျွန်း | | MMR011006011 | ၀ | ၀ |
| တူးမြောင်း | | MMR011006004 | ၀ | ၀ |
| ရေးချောင်းဖျား သစ်တော်ကြိုးဝိုင်း | Panan Pone (Bee Ree) | MMR011006000 | ၂,၉၀၀ | ၃၁ |
| တနင်္သာရီတိုင်းဒေသကြီး | | | ၁၃,၈၀၅ | ၂,၄၀၇ |
| ထားဝယ် | | | ၁,၅၂၀ | ၂၅၇ |
| အညာဖျား | | MMR006001008 | ၀ | ၀ |
| ဟိန်းဒါ | | MMR006001022 | ၀ | ၁၀၀ |
| ဖောင်တော်ကြီး | | MMR006001023 | ၀ | ၇ |
| မြေးခံဘော် | | MMR006001021 | ၀ | ၁၂ |
| ကလစ်ကြီး | | MMR006001024 | ၁,၅၀၀ | ၀ |
| ပကာရီ | | MMR006001007 | ၂၀ | ၀ |
| ပျားသားချောင်း | | MMR006001011 | ၀ | ၇ |
| ဆင်ဖြူတိုင် | | MMR006001025 | ၀ | ၁၃၁ |
| ပုလော | | | ၂,၄၂၅ | ၃၉ |
| ဒူးရင်းပင်ရောင် | | MMR006007019 | ၁၅ | ၀ |
| ထမင်းမစား | | MMR006007008 | ၅၅ | ၃၀ |
| ကဒဲ | Ka Wert | MMR006007007 | ၇၀၀ | ၀ |
| မိကျောင်းသိုက် | | MMR006007001 | ၅၀၀ | ၀ |
| နန်းသီလာ | | MMR006007026 | ၁၀၅ | ၅ |
| ပုလောဖျား | | MMR006007011 | ၅၀၀ | ၀ |
| ပြည့်ခြား | | MMR006007022 | ၁၅၀ | ၀ |
| ရှမ်းဒွတ် | | MMR006007015 | ၂၅၀ | ၄ |
| ဆင်ထိုးကြီး | | MMR006007024 | ၁၅၀ | ၀ |
| တနင်္သာရီ | | | ၄,၄၀၀ | ၁,၇၀၀ |
| ညောင်ပင်ကွင်း | | MMR006008014 | ၅၀ | ၁၅၀ |
| ပဝ | | MMR006008002 | ၅၀၀ | ၅၀၀ |
| သကျက် | | MMR006008015 | ၂,၀၀၀ | ၀ |
| သာရဘွင် | | MMR006008019 | ၁,၂၀၀ | ၆၀၀ |
| သိန်းခွန်း | | MMR006008008 | ၁၅၀ | ၁၀၀ |
| သဘော်ဦး | Kyauk Lone Gyi | MMR006008017 | ၅၀၀ | ၃၅၀ |
| ရေဖြူ | | | ၅,၄၆၀ | ၄၁၁ |
| အိန်ဒါရာဇာ | | MMR006004023 | ၂၀၀ | ၄၀ |
| ဖောင်းတော | | MMR006004019 | ၁,၀၀၀ | ၁၀၀ |
| ဂျုန်းပိုင်း | Kyone Baing | MMR006004032 | ၀ | ၂၂ |
| လော့သိုင်း | Marot Chai | MMR006004034 | ၁,၁၀၀ | ၆၃ |
| မင်းသား | | MMR006004025 | ၁၀၀ | ၁၀ |
| နတ်ကြီးဇင် | | MMR006004024 | ၆၀ | ၁၆ |
| ရားဖူး | | MMR006004032 | ၂,၀၀၀ | ၆၀ |
| သဲချောင်း | | MMR006004020 | ၁,၀၀၀ | ၁၀၀ |
| စုစုပေါင်း | | | ၁၀၉,၃၇၂ | ၉,၉၁၈ |

# နောက်ဆက်တွဲ ၂။
# ၂၀၁၄ ခုနှစ် စစ်တမ်းကောက်ယူချက် အခြေခံမူဘောင်

"မင်္ဂလာပါ။ ကျနော်/ကျမ နာမည် ...... လို့ခေါ်ပါတယ်။ ကျနော်/ကျမ က ....... အဖွဲ့အစည်းမှာ အလုပ်လုပ်ပါတယ်။ အခြားအဖွဲ့များနှင့်အတူ ကျနော်/ကျမတို့မှ မြို့နယ် ၂၀ မြို့ကျော်မှ ကျေးရွာအုပ်စု ၂၀၀ အုပ်စုဒေသတွင်းရှိ အိုးအိမ်အခြေပျက်ရွှေ့ပြောင်းရမှု၊ ပြန်လည်အခြေချနေထိုင်မှု၊ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အငြင်းပွားမှုများ ဖြေရှင်းခြင်းများနှင့် တရားမျှတမှုရရှိရန် အဟန့်အတားများဆိုင်ရာ အကြောင်းအရာများ အချက်အလက်ကောက်ယူနေကြပါတယ်။ ကျနော်/ ကျမတို့အနေနှင့် လူထုကာကွယ်စောင့်ရှောက်ရေးနှင့် တရားမျှတမှုရရှိရေး ပိုမိုတိုးမြင့်လာရန်အတွက် အားကောင်းစေရန် ရည်ရွယ်ပါတယ်။ သို့သော် မည်သည့်ရာဇဝတ်မှု သို့မဟုတ် အငြင်းပွားမှုအတွက် ပြဿနာဖြေရှင်းချက်ကို ရရှိရန်အတွက် ကျနော်/ကျမတို့ ကတိမပြုနိုင်ပါ။ ကျနော်/ကျမတို့မှ သင်၏ အမည်သိရန် မလိုအပ်ပါ၊ မေးခွန်းများကို ဖြေပေးတဲ့အတွက် ဘာမှ ပေးကမ်းနိုင်မည်မဟုတ်ပါ။ သင်တို့အနေနှင့် ဤစစ်တမ်းကောက်ယူမှု၏ ကျေးရွာအုပ်စု အခြေအနေအပေါ် မေးခွန်းများကို ဖြေကြားပေးဖို့ အချိန်ပေးနိုင်မလား?"

**ပြည်နယ်/တိုင်းဒေသကြီး** ............................................ **မြို့နယ်** ............................................
**ကျေးရွာအုပ်စု (အစိုးရအခေါ်အဝေါ်)** ............................................ **(အခြားအမည်)** ............................................
**မေးမြန်းရာနေရာ လတ္တီတွဒ် (dd.ddddd)** ............................................ **လောင်ဂျီတွဒ် (dd.ddddd)** ............................................
**မေးမြန်းသူဝန်ထမ်း၏ အဖွဲ့အစည်း** ............................................

**အဓိကအချက်အလက်ပေးသူ၏အရေအတွက် (လိင် - ကျား/မ) -** **(အရေအတွက်နံပါတ်ထည့်သွင်းပါ)**
☐ ၁။ အမျိုးသား ☐ ၂။ အမျိုးသမီး

**အဓိကအချက်အလက်ပေးသူ၏အရေအတွက် (တာဝန်အလိုက်) -** **(အရေအတွက်နံပါတ်ထည့်သွင်းပါ)**
☐ ၁။ ကျေးရွာအုပ်စု သူကြီးများ ☐ ၂။ ရွာသူကြီးများ
☐ ၃။ လူမှုဝန်ထမ်းများ (သို့) ဘာသာရေးခေါင်းဆောင်များ ☐ ၄။ သာမန်ရွာသားများ

**ဒေသအနေအထား**

**၁။ ဤလေ့လာမှုစစ်တမ်းသည် ကျေးရွာဘယ်နှစ်ရွာ ခြုံငုံပါဝင်ပါသလဲ။** **(အရေအတွက်နံပါတ်ထည့်သွင်းပါ)**

**၂။ ဤကျေးရွာအုပ်စုအတွင်း ဘာလူမျိုးစုများပေါင်းစပ်နေထိုင်ကြပါသလဲ?** **(လူမျိုး ၃ မျိုးထက် မပိုပါစေနှင့်)**
☐ ၁. စကောကရင် ☐ ၂. ပိုးကရင် ☐ ၃. ကယား
☐ ၄. ကယော ☐ ၅. ပကူး ☐ ၆. ကယန်း
☐ ၇. ရှမ်း ☐ ၈. ပလောင် ☐ ၉. ပအိုဝ်း
☐ ၁၀. လားဟူ ☐ ၁၁. မွန် ☐ ၁၂. ဗမာ
☐ ၁၃. ဝ ☐ ၁၄. လီဆူး ☐ ၁၅. အခြား

**၃။ဤကျေးရွာအုပ်စုအတွင်း စုစုပေါင်း လူဦးရေ ဘယ်လောက်ရှိပါသလဲ။** **(အရေအတွက်နံပါတ်ထည့်သွင်းပါ)**

**၄။ ဤကျေးရွာအုပ်စုအတွင်း မြန်မာနိုင်ငံသားကတ်ပြား (အပန်းရောင်မှတ်ပုံတင်ကဒ်) ရှိသူ ခန့်မှန်းခြေဦးရေ စုစုပေါင်းဘယ်လောက်ရှိသလဲ။**
(တခုသာမှတ်ပါ)
☐ ၁။ အားလုံး (သို့) အားလုံးနီးပါးရှိ (၉၀% အထက်) ☐ ၂။ များသောအားဖြင့်ရှိ (၆၀% မှ ၉၀%)
☐ ၃။ တဝက်ရှိ (၄၀% မှ ၆၀ %) ☐ ၄။ လူအချို့သာရှိ (၁၀% မှ ၄၀%)
☐ ၅။ မည်သူမျှ (သို့) အားလုံးနီးပါး မရှိ (၁၀% အောက်)

**၅။ ဤကျေးရွာအုပ်စုအတွင်း ပြည်တွင်းအိုးအိမ်စွန့်ပစ်ထွက်ပြေးရသူများဦးရေ ခန့်မှန်းခြေဘယ်နှစ်ယောက်ရှိသလဲ။** **(အရေအတွက် ထည့်ပေးပါ)**
(ဥပမာ - ပဋိပက္ခ၊ ကျူးလွန်ချိုးဖောက်မှု သို့မဟုတ် သဘာဝဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးရ၍ ၎င်းတို့မူလရွာရင်းသို့ မပြန်နိုင်သူ၊ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သူ သို့မဟုတ် အခြားကျေးရွာအသိုင်းအဝိုင်းထဲ ဝင်ရောက်နေထိုင်ခဲ့သူများသည် လက်ရှိကျေးရွာအုပ်စုတွင်း လာရောက်ပြောင်းရွှေ နေထိုင်သူ ဘယ်နှစ်ယောက်ရှိပါသလဲ။)

**၆။ လွန်ခဲ့သည့် ၁၂ လအတွင်း ဤကျေးရွာအုပ်စုမှ ပဋိပက္ခ၊ ကျူးလွန်ချိုးဖောက်မှု သို့မဟုတ် သဘာဝဘေးဒဏ်များကြောင့် အိုးအိမ် စွန့်ပစ်ထွက်ပြေး ရသူများ ဘယ်နှစ်ယောက်ရှိသလဲ။** **(အရေအတွက် ထည့်ပေးပါ)**

**၇။ လွန်ခဲ့သည့် ၁၂ လအတွင်း ဤကျေးရွာအုပ်စုသို့ (ယခင်) အိုးအိမ်စွန့်ပစ်ထွက်ပြေးခဲ့၍ ပြန်လာသူ သို့မဟုတ် လာရောက်အခြေချနေထိုင်သူ ခန့်မှန်းခြေ ဘယ်နှစ်ယောက်ရှိသလဲ။** **(အရေအတွက် ထည့်ပေးပါ)**

**၈။ ဤကျေးရွာအုပ်စုအတွင်း သံယံဇာတထုတ်ယူမှု သို့မဟုတ် ဆောက်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်နေသည်များ ရှိပါသလား။**
**(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)**
☐ ၁။ သတ္တုတူးဖော်ရေး ☐ ၂။ သစ်ထုတ်လုပ်ရေး
☐ ၃။ စက်ရုံများ (သို့) အထူးစီးပွားရေးဇုံ ☐ ၄။ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်း
☐ ၅။ ဘိလပ်မြေ စက်ရုံ ☐ ၆။ အကြီးစား ရေအားလျှပ်စစ်ရေကာတာ
☐ ၇။ သဘာဝဓာတ်ငွေ့နှင့် ရေနံ ပိုက်လိုင်း ☐ ၈။ လမ်းဆောက်လုပ်ရေး
☐ ၉။ ဘာစီမံကိန်းမှမရှိ ☐ ၁၀။ အခြား (ကျေးဇူးပြု၍ ဖော်ပြပေးပါ) ..........................

၉။ အပစ်အခတ်ရပ်စဲရေးပဏာမသဘောတူပြီးသည့်နောက်ပိုင်းဤကျေးရွာအုပ်စုအတွင်းသံယံဇာတထုတ်ယူမှုသို့မဟုတ် ဆောက်လုပ်ရေးစီမံကိန်းများ စတင်ဆောင်ရွက်နေသည်များ သို့မဟုတ် ဆောင်ရွက်ရန် ရာထားသည်များ ရှိပါသလား။ (သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ သတ္တုတူးဖော်ရေး
- ☐ ၂။ သစ်ထုတ်လုပ်ရေး
- ☐ ၃။ စက်ရုံများ (သို့) အထူးစီးပွားရေးဇုံ
- ☐ ၄။ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်း
- ☐ ၅။ ဘိလပ်မြေ စက်ရုံ
- ☐ ၆။ အကြီးစား ရေအားလျှပ်စစ်ရေကာတာ
- ☐ ၇။ သဘာဝဓာတ်ငွေ့နှင့် ရေနံ ပိုက်လိုင်း
- ☐ ၈။ လမ်းဆောက်လုပ်ရေး
- ☐ ၉။ ဘာစီမံကိန်းမှမရှိ
- ☐ ၁၀။ အခြား (ကျေးဇူးပြု၍ ဖော်ပြပေးပါ) ..........................

၁၀။ ဤကျေးရွာအုပ်စုအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့များ၏ တပ်စခန်း နှင့် တပ်အမျိုးအစားများ ရှိပါသလဲ။
(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ မြန်မာ့တပ်မတော်
- ☐ ၂။ နယ်စပ်စောင့်တပ်
- ☐ ၃။ ပြည်သူ့စစ်
- ☐ ၄။ KNU/ KNLA/ KNDO
- ☐ ၅။ DKBO / DKBA
- ☐ ၆။ ကရင်ငြိမ်းချမ်းရေးကောင်စီ
- ☐ ၇။ NMSP / NMLA
- ☐ ၈။ KNPP / KA
- ☐ ၉။ RCSS / SSA-South
- ☐ ၁၀။ UWSA
- ☐ ၁၁။ KNPLF
- ☐ ၁၂။ လက်နက်ကိုင်အဖွဲ့မရှိ
- ☐ ၁၃။ အခြား (ကျေးဇူးပြု၍ ဖော်ပြပေးပါ) ................................

၁၁။ ဤကျေးရွာအုပ်စုအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့များမှ အကောက်ခွန်ကောက်ခြင်း၊ စားနပ်ရိက္ခာတောင်းခံခြင်းများ ပုံမှန်ပြုလုပ်နေပါသလဲ။ (သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ မြန်မာ့တပ်မတော်
- ☐ ၂။ နယ်စပ်စောင့်တပ်
- ☐ ၃။ ပြည်သူ့စစ်
- ☐ ၄။ KNU/ KNLA/ KNDO
- ☐ ၅။ DKBO / DKBA
- ☐ ၆။ ကရင်ငြိမ်းချမ်းရေးကောင်စီ
- ☐ ၇။ NMSP / NMLA
- ☐ ၈။ KNPP / KA
- ☐ ၉။ RCSS / SSA-South
- ☐ ၁၀။ UWSA
- ☐ ၁၁။ KNPLF
- ☐ ၁၂။ အခွန်ကောက်ယူခြင်းမရှိ
- ☐ ၁၃။ အခြား (ကျေးဇူးပြု၍ ဖော်ပြပေးပါ) ................................

**ခြိမ်းခြောက်မှုများနှင့် ကျူးလွန်ချိုးဖောက်မှုများ**

၁၂။ လွန်ခဲ့သည့် ၁၂ လ အတွင်း ဤကျေးရွာအုပ်စုအတွင်း အရပ်သားအချင်းချင်း အဓိကကျူးလွန်ချိုးဖောက်မှုများ ရှိခဲ့ပါသလား။
(အဖြေ ၂ ခုထက်မပိုပါနှင့်)

- ☐ ၁။ အိမ်တွင်းအကြမ်းဖက်မှု/အိမ်တွင်းရုပ်ပိုင်း/လိင်ပိုင်းဆိုင်ရာစော်ကားမှု
- ☐ ၂။ အိမ်အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု/ မုဒိမ်းမှု
- ☐ ၃။ အိမ်အပြင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု / စော်ကားမှု
- ☐ ၄။ ခိုးမှု/ လုယက်မှု
- ☐ ၅။ မြေယာသိမ်းဆည်းမှု
- ☐ ၆။ သတ်ဖြတ်မှု
- ☐ ၇။ မူးယစ်ဆေးဝါးကုန်သွယ်မှု/ တရားဥပဒေမဲ့ဆေးဝါးမှောင်ခိုကုန်ကူးမှု
- ☐ ၈။ လူကုန်ကူးမှု / ရွှေ့ပြောင်းအလုပ်သမားအဖြစ်သို့လှည့်ဖြားမှု
- ☐ ၉။ ကျူးလွန်ချိုးဖောက်မှုမရှိ
- ☐ ၁၀။ အခြား (ကျေးဇူးပြု၍ ဖော်ပြပေးပါ) ..........................

၁၃။ လွန်ခဲ့သည် ၁၂ လ အတွင်း ဤကျေးရွာအုပ်စုအတွင်း အဓိကမည်သည့်အပြုအမူများကြောင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေခဲ့သလဲ။
(အဖြေ ၂ ခုထက်မပိုပါနှင့်)

- ☐ ၁။ အရက်သေစာသောက်သုံးမှု
- ☐ ၂။ မူးယစ်ဆေးဝါးသုံးစွဲမှု
- ☐ ၃။ လောင်းကစား
- ☐ ၄။ အိမ်တွင်းအကြမ်းဖက်မှု
- ☐ ၅။ လူအစုလိုက် အကြမ်းဖက် (သို့) ကျူးလွန်ဖောက်ဖျက်မှု
- ☐ ၆။ လူမျိုး (သို့) ဘာသာရေးအခြေခံသော အကြမ်းဖက်မှု
- ☐ ၇။ လူမှုရေးနှင့် ဆန့်ကျင်သည့် ပြဿနာမရှိ
- ☐ ၈။ အခြား ...........................................

၁၄။ အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီပြီးနောက် ဤကျေးရွာအုပ်စုအတွင်း တပ်မတော်၊ ပြည်သူ့စစ် နှင့်/သို့မဟုတ် နယ်စပ်စောင့်တပ်တို့၏ ပူးပေါင်းအင်အား အပြောင်းအလဲရှိပါသလား။ (အဖြေတခုသာမှတ်ပါ)

- ☐ ၁။ မပြောင်းလဲပါ / စစ်သားအရေအတွက် မခြားနားပါ
- ☐ ၂။ သိသိသာသာတိုးလာသည်
- ☐ ၃။ သိသိသာသာ လျော့လာသည်
- ☐ ၄။ သေချာမသိပါ/မဖြေပါ

၁၅။ အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီပြီးနောက် ဤကျေးရွာအုပ်စုအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ပူးပေါင်းအင်အား အပြောင်းအလဲရှိပါသလား။ (အဖြေတခုသာမှတ်ပါ)

- ☐ ၁။ မပြောင်းလဲပါ / စစ်သားအရေအတွက် မခြားနားပါ
- ☐ ၂။ သိသိသာသာတိုးလာသည်
- ☐ ၃။ သိသိသာသာ လျော့လာသည်
- ☐ ၄။ သေချာမသိပါ/မဖြေပါ

၁၆။ လွန်ခဲ့သည့် ၁၂လအတွင်း လက်နက်ကိုင်အဖွဲ့များမှ ဘေးကင်းမှုနှင့် လုံခြုံမှုအား အဓိကခြိမ်းခြောက်မှုများ ရှိခဲ့ပါသလား။
(အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ခြိမ်းခြောက်မှု သို့မဟုတ် ကျူးလွန်ချိုးဖောက်မှုမရှိ
- ☐ ၂။ မြေမြှုပ်မိုင်းများ
- ☐ ၃။ လက်နက်ကိုင်အဖွဲ့အချင်းချင်းကြား တိုက်ပွဲဖြစ်
- ☐ ၄။ လယ်ယာ/အရပ်သားများရှိရာသို့ လက်နက်ကြီးဖြင့်ပစ်ခတ်
- ☐ ၅။ လယ်ယာ/အရပ်သားများရှိရာသို့ လက်နက်ငယ်ဖြင့်ပစ်ခတ်
- ☐ ၆။ အနီးနားရှိတပ်ဖွဲ့များမှ အကြမ်းဖက်၊ ခြိမ်းခြောက်၊ ကျူးလွန်ခြင်း
- ☐ ၇။ အခြား (ဖော်ပြပါ) ......................................

၁၇။ လွန်ခဲ့သည့်၁၂လအတွင်း လက်နက်ကိုင်အဖွဲ့များနှင့် ဒေသခံ အာဏာပိုင်တို့မှ တစ်ဦးတစ်ယောက်၏ လွတ်လပ်မှုကို ထိခိုက်စေသည့် အဓိက ခြိမ်းခြောက်မှုများ ရှိခဲ့ပါသလား။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ လုယက်မှု / အတင်းအဓမ္မအခွန်ကောက်ယူမှု
- ☐ ၂။အတင်းအဓမ္မလုပ်အားပေးစေခြင်း(ပေါ်တာ၊လမ်းပြ၊ကင်းစောင့်စေခြင်း)
- ☐ ၃။ အတင်းအဓမ္မ ဖမ်းဆီးခြင်း / ထိန်းသိမ်းခြင်း
- ☐ ၄။ ဥပဒေမဲ့ သတ်ဖြတ်ခြင်း
- ☐ ၅။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု / မုဒိမ်းကျင့်မှု
- ☐ ၆။ ကလေးငယ်များအား စစ်မှုထမ်းစေခြင်း
- ☐ ၇။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု / ညှင်းပမ်းနှိပ်စက်မှု
- ☐ ၈။ ပျောက်ဆုံးသွားစေခြင်း
- ☐ ၉။ ခြိမ်းခြောက်မှုမရှိ
- ☐ ၁၀။ အခြား (ဖော်ပြပါ) ....................................

၁၈။ လွန်ခဲ့သည့်၁၂လအတွင်း လက်နက်ကိုင်အဖွဲ့များနှင့် ဒေသခံ အာဏာပိုင်တို့မှ သင်တို့၏ အသက်မွေးဝမ်းကျောင်းအလုပ်အား ထိခိုက်စေသည့် အဓိကခြိမ်းခြောက်မှုများ ရှိခဲ့ပါသလား။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ မြေယာသိမ်းဆည်းမှု
- ☐ ၂။အိမ်မှအဓမ္မနှင်ထုတ်ခြင်း၊ ပြောင်းရွှေ့စေခြင်း / နေအိမ်ဖျက်ဆီးခြင်း
- ☐ ၃။ သီးနှံများ သို့မဟုတ် အစားအစာများ ဖျက်ဆီးခြင်း
- ☐ ၄။ စားနပ်ရိက္ခာများအား သိမ်းဆည်းခြင်း၊ ခိုးယူခြင်း
- ☐ ၅။ လယ်ယာများ၊  ဈေးများသို့သွားရန် ကန့်သတ်ခြင်း
- ☐ ၆။အတင်းအဓမ္မလုပ်အားပေးစေခြင်း(ပေါ်တာ၊လမ်းပြ၊ကင်းစောင့်စေခြင်း)
- ☐ ၇။ လုယက်မှု / အတင်းအဓမ္မအခွန်ကောက်ယူမှု
- ☐ ၈။ မြေမြှုပ်မိုင်း
- ☐ ၉။ ခြိမ်းခြောက်မှုမရှိ
- ☐ ၁၀။ အခြား (ဖော်ပြပါ) ..............................

## လူထုကာကွယ်စောင့်ရှောက်ခြင်းနှင့် အငြင်းပွားမှုများဖြေရှင်းခြင်း နည်းလမ်းများ။

၁၉။ ဤကျေးရွာအုပ်စုအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်နှင့် သဘာဝ သံယံဇာတ စီမံခန့်ခွဲရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားနေသော ဒေသခံ လူထုအခြေပြုအဖွဲ့များရှိသလား။ (အဖြေ ၁ ခု တည်းသာထည့်ပါ။)

- ☐ ၁။ လူမှုအဖွဲ့ / ကော်မတီ မရှိ
- ☐ ၂။ ရှိ - သို့သော် ၎င်းတို့မှ တရားမဝင်၊ အာဏာမရှိ သို့မဟုတ် စွမ်းရည်မရှိ။
- ☐ ၃။ ရှိ၊ လုပ်ငန်းထိရောက်စွာလုပ်နေသော လူထုအဖွဲ့ရှိ။

၂၀။ ဤကျေးရွာအုပ်စုအတွင်း ပြင်းထန်သောအငြင်းပွားမှုများနှင့် အကြမ်းဖက်ရာဇဝတ်များကို မည်သည့်နည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းကြပါသလဲ။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ရပ်မိရပ်ဖများ / ဓလေ့ထုံတမ်းဥပဒေ
- ☐ ၂။ ဘာသာရေးခေါင်းဆောင်များ / ဘာသာရေးဆိုင်ရာ ဥပဒေ
- ☐ ၃။ မြန်မာအစိုးရ ရဲတပ်ဖွဲ့ / တပ်မတော်
- ☐ ၄။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ
- ☐ ၅။ ရှေ့နေများအား တင်ပြခြင်း
- ☐ ၆။ လူ့အခွင့်အရေးစောင့်ကြည့်သူများ/ ဥပဒေရေးရာလှုပ်ရှားသူများသို့တင်ပြခြင်း။
- ☐ ၇။ ဘာနည်းလမ်းမှမရှိ
- ☐ ၈။ အခြား (ဖော်ပြပေးပါ) ...................................

၂၁။ ဤကျေးရွာအုပ်စုအတွင်း အကြမ်းဖက်ရာဇဝတ်မှုကျူးလွန်သူများအား များသောအားဖြင့် မည်သို့သော ပြစ်ဒဏ်မျိုးပေးပါသလဲ။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ မရှိပါ - အငြင်းပွားမှု သို့မဟုတ် ရာဇဝတ်မှု မရှိပါ။
- ☐ ၂။ ပြစ်ဒဏ်ပေးမှုမရှိ / ဖြေရှင်းမှုမရှိ။
- ☐ ၃။ စေ့စပ်မှုဖြင့် ကျေအေးစေခြင်း / နှစ်ဦးနှစ်ဖက် ပူးတွဲဖြေရှင်းသည်
- ☐ ၄။ ပြစ်မှုကျူးလွန်သူ ထွက်ပြေးသည်/ နယ်နှင်ဒဏ်ပေးသည်
- ☐ ၅။ လျော်ကြေးပေးသည် / ကျူးလွန်သူအား ဒဏ်ရိုက်သည်။
- ☐ ၆။ ထောင်ချသည် /ထိပ်တုံးခတ်သည်
- ☐ ၇။ သေဒဏ်ပေးသည်
- ☐ ၈။ အပြစ်ဖော်ဆုံးမ၍ လူမှုရေးအလုပ် လုပ်စေသည်
- ☐ ၉။ အပြစ်ဖော်ဆုံးမ၍ ရိုးရာအရ ဆေးကြောခိုင်းသည်
- ☐ ၁၀။ အခြား (ဖော်ပြပါ) .....................................

၂၂။ အကြမ်းဖက်သောရာဇဝတ်မှု ကျူးလွန်ခံရသူ (နစ်နာသူ) များအတွက် မည်သို့သောထောက်ပံ့မှုမျိုးရရှိပါသလဲ။ (သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ မရှိပါ - ပြင်းထန်သည့်ရာဇဝတ်မှုများ မရှိပါ
- ☐ ၂။ လုံခြုံရာအိမ် Safe house (အမျိုးသမီးနှင့်ကလေးများအတွက်)
- ☐ ၃။ နှစ်သိမ့်အားပေးသည် / စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့အားပေးသည်
- ☐ ၄။ ကျန်းမာရေးပြုစုစောင့်ရှောက်မှု / ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးသည်
- ☐ ၅။ ဥပဒေကြောင်းအရ ကူညီသည်/ တရားမျှတမှုရရန်ထောက်ပံ့ပေးသည်
- ☐ ၆။ ထောက်ပံ့ဝန်ဆောင်ပေးမှုမရှိ။
- ☐ ၇။ အခြား(ဖော်ပြပါ)...................................

၂၃။ မြေမြှုပ်မိုင်းများ ရှိသည့်နေရာများကို ရွာသူ/သားများ မည်ကဲ့သို့သိနိုင်ပါသလဲ။ (သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ မြန်မာ့တပ်မတော်မှ နှုတ်ဖြင့် သတိပေးသည်
- ☐ ၂။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ နှုတ်ဖြင့်သတိပေးသည်
- ☐ ၃။ မြန်မာ့တပ်မတော်မှ မိုင်းနေရာအမှတ်အသားလုပ်ထားသည်
- ☐ ၄။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှအမှတ်အသားလုပ်ထားသည်
- ☐ ၅။ လူ သို့မဟုတ် တိရိစ္ဆာန် ဒဏ်ရာရရှိမှုများမှတဆင့် သိရသည်
- ☐ ၆။ အခြားရွာသူ/သားများမှ သတိပေးသည်
- ☐ ၇။ ဤဒေသအတွင်း မြေမြှုပ်မိုင်းမရှိပါ
- ☐ ၈။ အခြား (ဖော်ပြပါ) ......................................

၂၄။ လက်နက်ကိုင်အုပ်စုများ (သို့) စီးပွားရေးရင်းနှီးမြှုပ်နှံသူများမှ ကျူးလွန်ပြုမူလာပါက ရွာသူ/သားများမှ မိမိကိုယ်ကို ကာကွယ်ရာတွင် မည်သည့် နည်းလမ်းများကို အသုံးပြုကြပါသလဲ။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ လက်နက်ကိုင်အဖွဲ့များ၊ တာဝန်ရှိသူများနှင့် ပြေလည်စွာဆက်ဆံခြင်း
- ☐ ၂။ အခြားရွာသူ/သားများ/လူမှုအဖွဲ့အစည်းများနှင့် ပြေလည်စွာဆက်ဆံခြင်း
- ☐ ၃။ စီးပွားရေးသမား/ရင်းနှီးမြှုပ်နှံသူများနှင့် ပြေလည်စွာဆက်ဆံခြင်း
- ☐ ၄။ ရွာခေါင်းဆောင်များဖွဲ့စည်းသည် / ဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း
- ☐ ၅။ ဒေသခံလုံခြုံရေးအဖွဲ့/ရွာတွင်းပြည်သူ့စစ်ဖွဲ့စည်းခြင်း
- ☐ ၆။ ပတ်ဝန်းကျင်တွင် မြေမြှုပ်မိုင်းများထောင်ထားခြင်း
- ☐ ၇။ အခြား (ဖော်ပြပါ)................................

၂၅။ ဤကျေးရွာအုပ်စုမှ ကျေးရွာခေါင်းဆောင်များအနေနှင့် သတင်းအချက်အလက်ပေးပို့ရာတွင် မည်သည့်ဆက်သွယ်ရေးပုံစံများ အသုံးပြုကြပါသလဲ။ (သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)

- ☐ ၁။ မြန်မာနိုင်ငံ လက်ကိုင်ဖုန်းလိုင်း
- ☐ ၂။ ထိုင်းနိုင်ငံ လက်ကိုင်ဖုန်းလိုင်း
- ☐ ၃။ အိမ်တွင်တပ်ဆင်ထားသည့် ကြိုးသွယ်ဖုန်း
- ☐ ၄။ Satellite ဖုန်း
- ☐ ၅။ စကားပြောစက် (ICOM / walkie-talkies / two-way radio)
- ☐ ၆။ အင်တာနက် / အီးမေးလ်
- ☐ ၇။ အခြား (ဖော်ပြပါ) ............................................

**တရားမျှတမှု ရရှိရေးအတွက် အဟန့်အတားများ**

၂၆။ ဤကျေးရွာအုပ်စုအတွင်း ဓလေ့ထုံးတမ်းဥပဒေနှင့်ပတ်သက်ပြီး မည်သည့်အားနည်းချက်များ အဓိကရှိနေပါသလဲ။ (အဖြေ ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ဥပဒေများကို ရှင်းလင်းစွာဖော်ပြခြင်း/နားလည်ခြင်း မရှိ
- ☐ ၂။ ဥပဒေများ မျှတမှုမရှိ/ လူ့အခွင့်အရေးချိုးဖောက်ခြင်းသာဖြစ်
- ☐ ၃။ ဥပဒေ လက်တွေ့အသုံးချမှုအားနည်း/တကြိမ်နှင့်တကြိမ်မတူကြ
- ☐ ၄။ တိုင်ကြားမှုနည်းနာ မရှင်းလင်း (သို့) တိုင်ကြားရန်ခက်ခဲ
- ☐ ၅။ ကိုယ်စားပြုသူများထံရောက်ရှိရန် အကန့်အသတ်ရှိ
- ☐ ၆။ တရားသူကြီးများ၏ ဆုံးဖြတ်ချက်တွင် လာဘ်ပေးမှုရှိ
- ☐ ၇။ စစ်သားများအား လွတ်ငြိမ်းချမ်းသာပေး / တာဝန်ယူမှုမရှိ
- ☐ ၈။ ဥပဒေအရ ကိုင်တွယ်ရာတွင် အမျိုးသမီးများပါဝင်မှု မရှိ
- ☐ ၉။ ဘာအဟန့်အတားမှမရှိ
- ☐ ၁၀။ အခြား (ဖော်ပြပါ) ......................................

၂၇။ ဤကျေးရွာအုပ်စုအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၏ တရားစီရင်ရေးစနစ်နှင့်ပတ်သက်ပြီး မည်သည့်အားနည်းချက်များ အဓိကရှိနေပါသလဲ။ (အဖြေ ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ဥပဒေများကို ရှင်းလင်းစွာဖော်ပြခြင်း/နားလည်ခြင်း မရှိ
- ☐ ၂။ ဥပဒေများ မျှတမှုမရှိ/ လူ့အခွင့်အရေးချိုးဖောက်ခြင်းသာဖြစ်
- ☐ ၃။ ဥပဒေ လက်တွေ့အသုံးချမှုအားနည်း/တကြိမ်နှင့်တကြိမ်မတူကြ
- ☐ ၄။ တိုင်ကြားမှုနည်းနာ မရှင်းလင်း (သို့) တိုင်ကြားရန်ခက်ခဲ
- ☐ ၅။ ကိုယ်စားပြုသူများထံရောက်ရှိရန် အကန့်အသတ်ရှိ
- ☐ ၆။ တရားသူကြီးများ၏ ဆုံးဖြတ်ချက်တွင် လာဘ်ပေးမှုရှိ
- ☐ ၇။ စစ်သားများအား လွတ်ငြိမ်းချမ်းသာပေး / တာဝန်ယူမှုမရှိ
- ☐ ၈။ ဥပဒေအရ ကိုင်တွယ်ရာတွင် အမျိုးသမီးများပါဝင်မှု မရှိ
- ☐ ၉။ ဘာအဟန့်အတားမှမရှိ
- ☐ ၁၀။ အခြား (ဖော်ပြပါ) ......................................

၂၈။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့် တရားစီရင်ရေးစနစ်နှင့်ပတ်သက်ပြီး မည်သည့်အားနည်းချက်များ အဓိကရှိနေပါသလဲ။ (အဖြေ ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ဥပဒေများကို ရှင်းလင်းစွာဖော်ပြခြင်း/နားလည်ခြင်း မရှိ
- ☐ ၂။ ဥပဒေများ မျှတမှုမရှိ/ လူ့အခွင့်အရေးချိုးဖောက်ခြင်းသာဖြစ်
- ☐ ၃။ ဥပဒေ လက်တွေ့အသုံးချမှုအားနည်း/တကြိမ်နှင့်တကြိမ်မတူကြ
- ☐ ၄။ တိုင်ကြားမှုနည်းနာ မရှင်းလင်း (သို့) တိုင်ကြားရန်ခက်ခဲ
- ☐ ၅။ ကိုယ်စားပြုသူများထံရောက်ရှိရန် အကန့်အသတ်ရှိ
- ☐ ၆။ တရားသူကြီးများ၏ ဆုံးဖြတ်ချက်တွင် လာဘ်ပေးမှုရှိ
- ☐ ၇။ စစ်သားများအား လွတ်ငြိမ်းချမ်းသာပေး / တာဝန်ယူမှုမရှိ
- ☐ ၈။ ဥပဒေအရ ကိုင်တွယ်ရာတွင် အမျိုးသမီးများပါဝင်မှု မရှိ
- ☐ ၉။ ဘာအဟန့်အတားမှမရှိ
- ☐ ၁၀။ အခြား (ဖော်ပြပါ) ......................................

၂၉။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် တိုင်ကြားမှုများပြုလုပ်လျှင် နစ်နာသူအတွက် မည်သည့်စိုးရိမ်မှုများ အကြီးဆုံးဖြစ်မည်ဟု သင်ယူဆပါသလဲ။ (အဖြေ ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ ကျူးလွန်သူမှ ဂလဲ့စားချေမည်ကို ကြောက်လန့်ခြင်း။
- ☐ ၂။ မယုံကြည်မှာကို ကြောက်ခြင်း။
- ☐ ၃။ အရှက်ရခြင်း / လျှို့ဝှက်ထိန်းသိမ်းထားမှုမရှိမှာကို ကြောက်ခြင်း။
- ☐ ၄။ လူမှုအသိုင်းအဝိုင်းမှ ပစ်ပယ်မှာကို ကြောက်ခြင်း။
- ☐ ၅။ ဥပဒေများနှင့် ဖြစ်စဉ်များဆိုင်ရာ အချက်အလက်များမသိခြင်း။
- ☐ ၆။ ဘာသာစကား / ဆက်သွယ်ရေး အခက်အခဲရှိခြင်း။
- ☐ ၇။ ကုန်ကျစရိတ်မြင့်မားခြင်း။
- ☐ ၈။ အခြား (ဖော်ပြပါ) .........................................

၃၀။ ကျူးလွန်ချိုးဖောက်မှုများကို ရပ်တန့်ရန်နှင့် ထပ်မံမဖြစ်ပေါ်ရန်အတွက် ကြိုတင်ကာကွယ်ရန် မည်သည့်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်သင့်သည်ဟုသင်ယူဆပါသလဲ။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ မြန်မာ့တပ်မတော်၏ တပ်စခန်းများနှင့်တပ်သားများ ဆုတ်ခွာရန်။
- ☐ ၂။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ ဆုတ်ခွာရန်။
- ☐ ၃။ လက်နက်ကိုင်အဖွဲ့များကို နယ်မြေခွဲခြားသတ်မှတ်ရန်။
- ☐ ၄။ လက်နက်ကိုင်တပ်ဖွဲ့များ၏ ကျင့်ဝတ်များ ပြန်လည်ပြင်ဆင်ရန်။
- ☐ ၅။ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ခြင်းနည်းလမ်း တည်ဆောက်ရန်။
- ☐ ၆။ မြန်မာနှင့် တိုင်းရင်းသား တရားစီရင်ရေးစနစ်များ ပေါင်းစပ်ရန်။
- ☐ ၇။ ရွာသူ/ရွာသားများအား လူ့အခွင့်အရေး/ဥပဒေပညာပေးရန်။
- ☐ ၈။ အာဏာပိုင်များအား လူ့အခွင့်အရေး/ ဥပဒေပညာပေးရန်။
- ☐ ၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန်။
- ☐ ၁၀။ အခြား (ဖော်ပြပါ) ......................................

၃၁။ အတိတ်ကာလတွင် ဖြစ်ပွားခဲ့သည့် ကျူးလွန်ချိုးဖောက်မှုများနှင့် မဖော်ထုတ်နိုင်သေးသောအမှုများကို မည်သို့ကိုင်တွယ်ဆောင်ရွက်သင့်သည်ဟု သင့်အနေနှင့် အကြံပေးလပါသလဲ။ (အဖြေ၂ခုထက်မပိုပါနှင့်)

- ☐ ၁။ လွတ်ငြိမ်းချမ်းသာခွင့် / တရားဥပဒေအရ အရေးမယူခြင်း
- ☐ ၂။ ကျူးလွန်ခံရသူများအား နားထောင်ပေးခြင်း၊ လူမှုစိတ်ပိုင်း ဆိုင်ရာ ထောက်ပံ့ခြင်း / ဥပဒေအရ အရေးမယူခြင်း
- ☐ ၃။ လူထုကြားနာခြင်း/အမှန်တရားထုတ်ဖော်ရေးကော်မရှင်/ ဥပဒေအရ အရေးမယူခြင်း။
- ☐ ၄။ တည်ဆဲမြန်မာဥပဒေအောက်ရှိ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး/စွပ်စွဲချက်အတိုင်း အရေးယူခြင်း
- ☐ ၅။ နိုင်ငံတကာဥပဒေအောက်ရှိ ရာဇဝတ်မှုခုံရုံး (ICC)/ စွပ်စွဲချက်အတိုင်း အရေးယူခြင်း
- ☐ ၆။ အခြား (ဖော်ပြပါ) ...............................................

**သင့်ရဲ့ပါဝင်ဖြေကြားခြင်းအတွက် ကျေးဇူးအထူးတင်ပါသည်။**

# နောက်ဆက်တွဲ ၃။
# အတိုကောက်စာလုံးများနှင့် အရပ်ဒေသ အမည်များ

| | |
|---|---|
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း (အာစီယံ) |
| BGF | နယ်ခြားစောင့်တပ် |
| CIDKP | ကရင်ပြည်တွင်း ဒုက္ခသည်များဆိုင်ရာ ကော်မတီ |
| HURFOM | မွန်လူ့အခွင့်အရေးဖောင်ဒေးရှင်း |
| IDP | ပြည်တွင်း အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ |
| KEG | ကရင်နီအမြစ်မိမ်းအဖွဲ့ |
| KESAN | ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လှုပ်ရှားမှုကွန်ယက် |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KIO | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KNPP | ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KNWO | ကရင်နီအမျိုးသမီးအစည်းအရုံး |
| KORD | ကရင့် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး |
| KSWDC | ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| MIMU | မြန်မာ့သတင်းအချက်အလက် စီမံခန့်ခွဲရေးယူနစ် |
| MRDC | မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ |
| NCCT | တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NGO | အစိုးရမဟုတ်သည့် အဖွဲ့အစည်း |
| NMSP | မွန်ပြည်သစ်ပါတီ |
| RCSS | ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ |
| SHRF | ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း |
| SSA-S | ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) |
| SSA-N | ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း) |
| SSDF | ရှမ်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း |
| TBC | နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက်ရေး ညွှန့်ပေါင်းအဖွဲ့ |
| UNHCR | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး |
| UPWC | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ |
| UWSA | ဝပြည် သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ |

| BURMA PLACE NAMES | နေရာများ၏ မြန်မာဘာသာ အမည် |
|---|---|
| Irrawaddy Region | ဧရာဝတီတိုင်းဒေသ |
| Karenni State | ကယားပြည်နယ် |
| Karen State | ကရင်ပြည်နယ် |
| Kyaukgyi | ကျောက်ကြီး |
| Moulmein | မော်လမြိုင် |
| Mergui | မြိတ် |
| Paan | ဖားအံ |
| Papun | ဖာပွန် |
| Pasaung | ဖာဆောင်း |
| Pegu Region | ပဲခူးတိုင်းဒေသ |
| Salween River | သံလွင်မြစ် |
| Sittaung River | စစ်တောင်းမြစ် |
| Tavoy | ထားဝယ် |
| Tenasserim Region | တနင်္သာရီတိုင်းဒေသ |
| Taungoo | တောင်ငူ |
| Rangoon | ရန်ကုန် |

THE BORDER CONSORTIUM

နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း

အိုးအိမ်စွန့်ပစ် ထွက်ပြေးကြရသူများနှင့် အတူတကွလုပ်ဆောင်ခြင်း

နှစ်ပေါင်း ၃၀

The Border Consortium

နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက်ရေး ညွန့်ပေါင်းအသင်းကြီး (TBC) သည် အကျိုးအမြတ်မယူသည့်၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသအတွင်း အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူများ။ ပဋိပက္ခစစ်ပွဲဒဏ်သင့်သူများအတွက် လူသားချင်းစာနာမှုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ရပ်ရွာအခြေပြုသည့် အဖြေတရပ်ထွက်ပေါ်လာစေရေးအတွက် ပံ့ပိုးပေးရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းဆောင်ရွက်နေသည့်  မဟာမိတ် အဖွဲ့အစည်းတခုဖြစ်ပါသည်။

www.theborderconsortium.org